# တရားဖက်မှ ချမ်းသာရ




ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာပြန်အကျော်

သ.စ.အ ဓမ္မာစရိယ၊ ဝင့်သကာ၊ ပါဠိပါရဂူ၊



သာသနာနှစ် - ၂၅၅၉ ကောဇာနှစ် - ၁၃၇၇ ခနှစ်နှစ် - ၂၀၁၆

၂၉၉၁၄

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## အလှူတကာတွင် တရားဓမ္မအလှူသည်
## အမြတ်ဆုံး

သို့

--------------------

--------------------

--------------------

မှ

--------------------

--------------------

--------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ---------------

တရားဖက်မှ ချမ်းသာရ

ဓမ္မဒါန ကုသိုလ်ရှင်

ဦးတင်ထွန်း+ဒေါ်အေးအေးမြင့်

ရွှေပြည်သစ် မိသားစု၏

သမီးငယ် မဇာလီတင်ထွန်း-က

မွေးနေ့အထိမ်းအမှတ်

ဓမ္မဒါနပြုပါသည်

(၂၅၊ ၃၊ ၂၀၁၆)

# တရားဖက်မှ ချမ်းသာရ

## လှုရတနာ စာစဉ်(၅၆)

ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာ)

ပထမကျော်,အဂ္ဂမဟာအကျော်,အဋ္ဌကထာပြန်အကျော်,

ဝငံ့သကာ,ပါဠိပါရဂူ,သ-စ-အ ဓမ္မာစရိယ

သာသနာ- ၂၅၅၉ ကောဇာ- ၁၃၇၇ ခရစ်- ၂၀၁၆၊

အမှတ် ၂၉.၉.၁၄
ရက်စွဲ ၂၅.၁.၁၅

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ် ၂၀၁၆-မတ်လ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း - စိုးစိုး

ဓာတ်ပုံ - ကိုအောင်ဟိန်း

စီစဉ်သူ - ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

ပုံနှိပ်သူ - ဦးမြင့်ဦး (သိန်းသန်းဦး အောက်ဖ်ဆက်)
အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။

ထုတ်ဝေသူ - ဦးမြင့်ဦး (ရွှေကျေးစာပေ)

ဘဒ္ဒန္တနာရဒါဘိဝံသ- တရားဖက်မှ ချမ်းသာရ
ရွှေကျေးစာပေ ၂၀၁၆-ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊
၄၁၉- စာ၊ ၁၃၊ ၂၂×၂၀-စင်တီ
တရားဖက်မှ ချမ်းသာရ

# တရားဖက်မှ ချမ်းသာရ

# မာတိကာ

## (က) တရားဖက်မှ ချမ်းသာရ


| | | |
|---|---|---|
| ၁။ | ခန္ဓသုတ်လာ မေတ္တာပွားနည်း | ၂ |
| ၂။ | ပရာဘဝ သုတ္တန်ဒေသနာ | ၆ |
| ၃။ | ပုညကြိယာဝတ္ထု (၃)ပါးနှင့် (၁၀)ပါး | ၈ |
| ၄။ | နဂါးရုံ ဘုရားနှင့် ဆင်ခံဘုရား | ၁၁ |
| ၅။ | မုစလိန္ဒာ နဂါးမင်း၏ ကုသိုလ်စိတ်ကူး | ၁၆ |
| ၆။ | မုစလိန္ဒာ နဂါးမင်း၏ ပူဇော်ပုံများ | ၁၈ |
| ၇။ | ဘုရားရှင်နှင့် နဂါးလုလင် | ၂၀ |
| ၈။ | ပထမ နိဗ္ဗာန်ချမ်းသာ | ၂၃ |
| ၉။ | ချမ်းသာ(၅)မျိုးနှင့် နဂါးရုံ ဘုရားရှိခိုး | ၂၇ |
| ၁၀။ | နဂါးရုံဘုရား ကိုးကွယ်ရကျိုးများ | ၂၀ |
| ၁၁။ | ဆံပင်ဖြတ်၍ ဆွမ်းကပ်သူ | ၃၀ |
| ၁၂။ | ကောသမ္ဗီပြည်မှ သူဌေးကြီး (၃)ဦး | ၃၉ |
| ၁၃။ | သူဌေးအိမ်မှ ဥပုသ်စောင့်သော လယ်သမား | ၄၂ |
| ၁၄။ | သီရိလင်္ကာနိုင်ငံမှ စိတ္တလတောင် | ၄၉ |

၁၅။ ဘာဝနာဆိုက်အောင် တရားနာသော မိခင် ၅၁
၁၆။ နိဗ္ဗာန်၏ ဂုဏ်ပုဒ်များ ၅၅
၁၇။ ဘုရားရှင်၏ အသံအင်္ဂါ(၈)ပါး ၅၈
၁၈။ သစ္စာလေးပါး ပါဠိတော် ၆၃
၁၉။ သား သမီး လင်ထက် တရားကို ပိုချစ်ရကျိုး ၆၄

## (ခ) ခင်ပွန်းလင်ထက် တရားကို ပိုချစ်သူ

၂၀။ ကဗျာ - သင္ဃနောဒယ ဆရာတော် ၆၉
၂၁။ စကားပြေ - သင္ဃနောဒယ ဆရာတော် ၇၄

## (ဂ) သောဠသ သစ္စာ စေတီတော် တည်နည်း ၇၈
## (ဃ) သစ္စာအနက် (၁၆)ချက် ရေတွက်နည်း ၈၂
## (င) မှတ်တာပန်းခင်းမှ ယော်ကျွန်းစကားများ ၈၉

❊❊❊❊❊



ဘလုပ်ညွန့်ရွာ ခါတော်မှီ ကျောင်းမှ နဂါးရုံဘုရား




တရားဖက်မှ ချမ်းသာရ တရားတော်ကို ဟောကြားစဉ် (၂၇.၂.၂၀၁၆)



ခါတော်မှီကျောင်း တရားနာပရိတ်သတ်များ



ဌွိဇဂွယငွယထ ယႇဂိဇ မွဂငွယခဂိုးဒဗလ

(၆၀၀၇-၇-၁၇) ဦးခင်ထွန်းလေးထိုင်ဝ ပွဲ့ကျင်းပထိုင်းနိုင်ငံ





ကြေးသွန်းဘုရားကြီးမှ တရားနာပရိတ်သတ်များ




မြစ်ကျိုးမြို့တာဦးကျောင်း၌တရားဟောကြားစဉ် (၂၅.၁၁.၂၀၁၅)



တရားပွဲကော်မတီမှ ဓမ္မပူဇာ လှူအပ်စဉ်



မြစ်ကျိုးမြို့တာဦးကျောင်းတိုက် တရားနာ ပရိသတ်များ

(၆၀၇·၈·၁၇) ဂြိုလ်လေးဒွေးနှဂယောင်ကွ ရှင်ပြုလ် ထိုင်ဝ





ဗုဒ္ဓခြေတော်ရာအား ဆွမ်းတော်ကြီးပွဲပေါင်း (၁၀၀၀) ကျော် ကပ်လှူစဉ် (၂၉.၃.၂၀၁၅)



နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဖန်းမော်ဆရာတော်ကြီး တရားချီးမြှင့်စဉ်



ဆွမ်းအလှူရှင်များ ဆွမ်းတော်ကပ်လှူကြစဉ်

(၆၀၀၇·၄·၃၇) ငွဲဖငှယပွယထေါထိဝကျှာ၏ါလ် ငွံဝစေးယး းနွံဝိဝ၃ယလ္မယ၈ ၃မျါလ်ဧဒိ၁းဂိ၁





ဋွဖဂွေးလို ဋွပဒိခါ။ႁလုုး ဋွပဝိုးဟေကျုရဲဝဖ်ွဗထ

(ဖၚဝ်ါ·၆·၁၇) ဍဵုဇဂှ်ဗၞောဲဂလိ ဒိုၚ်ဂလေဗ ပ္ဍဲဝိုဟ်ဇမၠိုၚ်ညးဗဟ်ပ္ဍဲဍုၚ် ယဒ္ဂန်ဒေါဝ်ဂုလ်ယ



# နိဒါန်း

အကျွန်ုပ်တို့၏ သုံးလောကထွဋ်တင် ဂေါတမမြတ်စွာဘုရား ရှင်သည် ကမ္ဘာသက်တမ်းကာလအနေဖြင့် ကလိယုဂ် ဆုတ်ကပ်အချိန် ကာလထဲတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူလာရခြင်းဖြစ်၏၊ ကလိယုဂ် ဆုတ်ကပ်အချိန်ကာလဟူသည် ကုသိုလ်တရားများ ဆုတ်ယုတ်လျော့ ပါးပြီး အကုသိုလ်တရားများ ထွန်းကားတိုးပွားနေသော ခေတ်ပင်ဖြစ် သည်၊ ထိုကလိယုဂ် ဆုတ်ကပ်ခေတ်ကာလ၌ "သူတော်ကောင်းတို့၏ ကုသိုလ်တရား နေရာတိုင်းမှာ ကြာရှည်စွာ တည်ပါစေ၊ သတ္တဝါ တိုင်းလည်း ကုသိုလ်တရား၌ ရိုသေလေးစားစွာ လိုက်နာပြုကျင့် နိုင်ကြ ပါစေ"ဟူ၍ အဘိဓမ္မအဋ္ဌကထာဆရာကြီးသည် (၂)ကြိမ်တိုင်တိုင် ဆုတောင်းခဲ့လေသည်။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။**

*(အဘိဋ္ဌ၁၊၄၅၃၊ အဘိဋ္ဌ၃၊ ၄၉၈)*

မြတ်စွာဘုရားရှင်ကလည်း **"ဓမ္မံ စရေ သုစရိတံ၊ ဓမ္မံ စရ မဟာရာဇ"**စသည်ဖြင့် ကုသိုလ်တရားကို ပြုကျင့်ဖို့ရန် ကြိမ်ဖန် များစွာ တိုက်တွန်းတော်မူခဲ့ပေသည်၊ ထိုသို့ တိုက်တွန်းရာ၌ **"ဓမ္မ ကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ"** စသည်ဖြင့် ကုသိုလ် တရားကို ချစ်ခင် နှစ်သက်ပြီး တရားကို လိုက်နာကျင့်သုံးလျှင် ကြီးပွား ချမ်းသာရ၏-ဟူ၍ ကောင်းကျိုးတရားတို့ ရရှိခြင်းအကျိုးကိုပါ ညွှန်ပြခဲ့လေသည်။

ယင်းသို့ မြတ်စွာဘုရားရှင်က တိုက်တွန်းညွှန်ပြခဲ့သည့်အတိုင်း ရှေးသူတော်ကောင်းတို့သည် ဒါနကုသိုလ်တရား သီလကုသိုလ်တရား ဘာဝနာကုသိုလ်တရားတို့ကို လိုက်နာပြုကျင့်ခဲ့ကြသဖြင့် နတ်ရွာ

သုဂတိ နိဗ္ဗာန်ထိအောင် ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရရှိခဲ့ကြ၏၊ လောကီ လောကုတ္တရာအကျိုး အမျိုးမျိုးတို့ကို ရယူပိုင်ဆိုင်ခဲ့ကြ၏။

ထိုရှေးသူတော်ကောင်းတွေထဲမှ ဤ၌ မုစလိန္ဒနဂါမင်း, မဒီယကေသာအမျိုးသမီး, အနာထပိဏ်သူဌေးအိမ်မှ လယ်သမား, ကဋမ္ဗရအရပ်သူ သားသည်မိခင်, ပုနဗ္ဗသုမာတာ ဘီလူးမတို့ ဒါန သီလ ဘာဝနာကုသိုလ်တရားတို့ကို ချစ်ခင်ပြီး စွန့်စွန့်စားစား တရားဖက်လိုက်သဖြင့် ချမ်းသာသုခ အမျိုးမျိုး ရသွားပုံတို့ကို **"တရားဖက်မှ ချမ်းသာရ"** ဟူသော နာမည်ဖြင့် ဖော်ပြထားပါသည်။

ဤ **"တရားဖက်မှ ချမ်းသာရ"** ဟူသော တရားကို သရက် တောတိုက် ရွှေဘိုကျောင်းတွင် (၂၄၊၁၀၊၂၀၁၅)နေ့၊ မြစ်ကျိုးမြို့ တာဦးကျောင်းတွင် (၂၅၊ ၁၁၊ ၂၀၁၅)နေ့၊ ကြေးသွန်းဘုရားကြီးတွင် (၂၇၊ ၁၂၊ ၂၀၁၅)နေ့၊ ကျိုက္ကမီရေလယ်ဘုရား သီရိရတနာခန်းမတွင် (၂၃၊ ၁၊ ၂၀၁၆)နေ့၊ ဘလုတ်ညွန့်ရွာ ခါတော်မှီကျောင်း နဂါးရုံဘုရား အနေကဇာတင်ပွဲတွင် (၂၇၊ ၂၊ ၂၀၁၆)နေ့တို့၌ ဟောကြား ပူဇော်ခဲ့ပါ သည်၊ ထိုဓမ္မသဘင်တို့မှ ဓမ္မပူဇာအနေဖြင့် ဖြစ်ပေါ်လာသော နဝကမ္မ တို့ကိုလည်း ဘုရားစေတီပြုပြင်ခြင်း၊ ရေရှားပါးရာ အရပ်သို့ လှူဒါန်း ခြင်း၊ စာဖြေသံဃာတို့အား ဆွမ်းကပ်ခြင်း၊ စာအုပ်အဖြစ် ထုတ်ဝေ ခြင်း-စသည့် ပရဟိတဌာနတို့၌ မုဒိတာပန်းခင်း အလှူအနေဖြင့် ပြန်လည်၍ လှူဒါန်းလိုက်ပါသည်၊ ယခုလို ဓမ္မပူဇာ ရသမျှကို ပြန်လည် ၍ လှူဒါန်းလာသည်မှာ ဤနှစ်ပါဆိုလျှင် (၅)ကြိမ် ရှိသွားပြီဖြစ်သည်၊ ထုတ်ဝေလိုက်သော စာအုပ်တို့ကား --

၁။ **မုဒိတာပန်းခင်းများ ပွင့်လန်းခြင်း** (၂၀၁၂)

၂။ **ဓမ္မခရီးဖော်** (၂၀၁၃)

၃။ **ဘေးရန်ကင်းပ ချမ်းသာရ** (၂၀၁၄)

၄။ **ဘဝနှင့်ဆန္ဒ ထပ်တူကြပါစေ** (၂၀၁၅)

၅။ ယခု (၂၀၁၆)ခုနှစ်တွင် **တရားဖက်မှ ချမ်းသာရ**-တို့ ဖြစ်ကြ၏။

ထိုစာအုပ်တို့ကို ပြန်လည် ဖတ်ရှုသည့်အခါ **"စပါးပြီး စပါး"** ဟူသော လောကဆိုရိုးစကားအတိုင်း ဓမ္မပူဇာမှ ပရဟိတဌာနများသို့ အာမိသဒါနကုသိုလ်များ, **"ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ"**ဟူသော ပဋ္ဌာန်းဒေသနာနှင့်အညီ အပရစေတနာ, စာဂါနုဿတိ, ကုသိုလ်ပီတိများ တဖွားဖွား ဖြစ်ပွားလာရသည်မှာ ဓမ္မပီတိတို့ကို စားသုံးရခြင်းပင် ဖြစ်သည်၊ မိမိအနေဖြင့် ဓမ္မပီတိတို့ကို စားသုံးရသလို စာရှုသူများ အနေဖြင့်လည်း ဤ **"တရားဖက်မှ ချမ်းသာရ"** စာအုပ်ကို ဖတ်ရှုကြ၍ ဓမ္မပီတိများကို စားသုံးနိုင်ကြပါစေကုန်သတည်း။

**အရှင်နာရဒါဘိဝံသ (လှရတနာ)**

**(၁၂၊ ၃၊ ၂၀၁၆) စနေနေ့**

❄❄❄❄❄

## ပဌမအကြိမ် မုဒိတာပန်းခင်း အလှူမင်္ဂလာ

**နေ့ရက်-** ၁၃၇၇ခုနှစ်၊ တပေါင်းလပြည့်ကျော် (၂) ရက်
(၂၅-၃-၂၀၁၆) သောကြာနေ့

**အချိန်-** နံနက် (၉း၀၀)နာရီတွင် သီရိရတနာ မြတ်စွယ်တော်အား
ဆွမ်းတော်ကြီး ကပ်လှူပါမည်။
နံနက် (၁၀း၃၀)နာရီတွင် ဧည့်ခံကျွေးမွေးပါမည်။

### မုဒိတာပန်းခင်း အလှူများ

| | |
|---|---|
| ၁။ ငါရဟိုးရွာ ရွှေလယ်စေတီ ပြုပြင်ခြင်း | = (၁၅) သိန်း |
| ၂။ သရက်တောကျောင်း ဓမ္မာရုံ အလှူ | = (၂) သိန်း |
| ၃။ ဗောဓိကျောင်း ဆွမ်းစားကျောင်းအလှူ | = (၂) သိန်း |
| ၄။ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဂုဏပူဇာ | = (၁၀) သိန်း |
| ၅။ စိန်ရတနာကျောင်းအလှူ | = (၃) သိန်း |
| ၆။ စာဖြေသံဃာတို့အား ဆွမ်းကပ်ခြင်း | = (၃) သိန်း |
| ၇။ ရေရှားပါရာ အရပ်ဒေသသို့လှူခြင်း | = (၅) သိန်း |
| ၈။ ဒုတိယအကြိမ် ထရန်စဖော်မာ လှူခြင်း | = (၃၀) သိန်း |
| ၉။ တရားဖက်မှ ချမ်းသာရ-စာအုပ်အလှူ | = (၂) သိန်း |

**နေရာ-** လှရတနာသုံးကျောင်း၊
ပါဠိတက္ကသိုလ်ညောင်တုန်းတိုက်
ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

❈❈❈❈❈

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

# (၈) တရားဖက်မှ ချမ်းသာရ

သာသနာသက္ကရာဇ် ၂၅၅၉၊ ကောဇာသက္ကရာဇ်-၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၄)ရက်နေ့ ခရစ်နှစ် ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့၊ ညချမ်းမှာ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘလုတ်ညွှန့်ရပ်ကွက် သာသနာ့ရောင်ခြည် ခါတော်မှီကျောင်းတိုက် မဟာဇမ္ဗူရံသီ စေတီတော်ကြီး ဒုတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲ၊ မုခ်ဦးရေစက်ချပွဲ၊ နဂါးရုံဘုရား အနေကဇာတင်ပွဲ အထိမ်းအမှတ်အနေဖြင့် ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပတဲ့အခါ ပဌမညဖြစ်တဲ့ ဒီနေ့ညမှာ ဟောကြားနာယူရမည့်တရားက **"တရား ဖက်မှ ချမ်းသာရ"** ဆိုတဲ့ တရားတော်ကို ဟောကြားနာယူရမှာ ဖြစ်ပါတယ်။ **"တရားဖက်မှ ချမ်းသာရ"** ဆိုတဲ့ တရားတော်ကို မဟောကြား၊ မနာယူခင် တရားပိုင်ရှင်ဖြစ်တဲ့ ဓမ္မသာမိ ဘုရားရှင်အား ရှိခိုးပူဇော်ကြမှာ ဖြစ်ပါတယ်။

**နာဂါနံ ဥပကာရကဿ ဗုဒ္ဓဿ ဘဂဝတော ပါဒေ မယံ ဝန္ဒာမ။**

**နာဂါနံ၊** မုစလိန္ဒနဂါးမင်း ဥရုဝေလနဂါးမင်း အဟိဆတ္တနဂါးမင်း စူဠောဒရနဂါးမင်း မဟောဒရနဂါးမင်း မဏိအက္ခိစသော နဂါးမင်းတို့အား။ **ဥပကာရကဿ၊** သရဏဂုံသီလ ပေးခြင်းဖြင့် ကျေးဇူးပြုတော်မူထသော။ **ဗုဒ္ဓဿ၊** သစ္စာလေးပါး မြတ်တရားကို ကိုယ်တိုင်လည်းသိတော်မူပြီး ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူထသော။ **ဘဂဝတော၊** သက်တော်ထင်ရှား မြတ်စွာဘုရားရှင်၏။ **ပါဒေ၊** (၁၀၈)ကွက် စက်လက္ခဏာအစုံပါသော ခြေတော်အစုံကြာပဒုံတို့ကို။ **မယံ၊** ဘုရားတပည့်တော်တို့သည်။ **ဝန္ဒာမ၊** ရိုသေမြတ်နိုး လက်စုံမိုးလျက် ရှိခိုးကြပါကုန်၏ အရှင်ဘုရား။ (သာဓု)၃

တရားပိုင်ရှင် ခြေတော်ရာပိုင်ရှင် မြတ်စွာဘုရားသခင်ကို ရှိခိုးပြီးတဲ့နောက် ခု ကြွရောက်လာကြတဲ့ တရားနာပရိသတ် ဓမ္မမိတ်ဆွေများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများ ဘေးရန် အန္တရာယ်ကင်းရှင်းလျက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း မေတ္တာရေ သွန်းလောင်း ပက်ဖျန်းပို့သပေးကြရပါမယ်၊ ပို့သပေးတဲ့အခါ နဂါးရုံဘုရားပွဲဖြစ်လို့ ခန္ဓသုတ်ပရိတ်မှာ လာတဲ့အတိုင်း မြွေနဂါးတို့ကို အမျိုးထား၍ မေတ္တာပို့သပေးကြရပါမယ်။

## ခန္ဓသုတ်လာ မေတ္တာပွားနည်းလင်္ကာ
## နာဂရာဇကုလမေတ္တာ

(၁) ဆိပ်တောက်ထန်ပြင်း **ဝိရူပက္ခနဂါးမင်း**၏ = အသင်းရုံခြွေ နဂါးမြွေတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသောမေတ္တာသည် ဖြစ်ပါစေသတည်း။

(၂) ဆိပ်တောက်ထန်ပြင်း **ဧရာပထနဂါးမင်း**၏ = အသင်းရံခြွေ နဂါးမြွေတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေသတည်း။

(၃) ဆိပ်တောက်ထန်ပြင်း **ဆဗျာပုတ္တနဂါးမင်း**၏= အသင်း ရံခြွေ နဂါးမြွေတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေသတည်း။

(၄) ဆိပ်တောက်ထန်ပြင်း **ကဏှာဂေါတမနဂါးမင်း**၏= အသင်း ရံခြွေ နဂါးမြွေတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေသတည်း။

## ဒြိဒိသဃက စတုဘာဂ မေတ္တာ

(၁) မြွေ+ငါး စသည့် **ခြေမရှိသည့် မျိုးဇာတိများစွာ** = သတ္တဝါတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေ သတည်း။

(၂) လူ+ငှက် စသည့် **ခြေနှစ်ချောင်းရှိသည့် မျိုးဇာတိ** များစွာ = သတ္တဝါတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေ ဖြစ်ကြောင်း ကောင်းသော မေတ္တာသည် ဖြစ်ပါစေသတည်း။

(၃) ဆင်+မြင်း+ကျွဲ+နွား အစထားသည့် **ခြေလေးချောင်း ရှိသည့် မျိုးဇာတိများစွာ** = သတ္တဝါတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော မေတ္တာ သည် ဖြစ်ပါစေသတည်း။

(၄) ကင်းမြီးကောက်+ကင်းခြေများ အစထားသည့် **ခြေများ စွာရှိသည့် မျိုးဇာတိများစွာ** = သတ္တဝါတို့နှင့် အတူတကွ အကျွန်ုပ်၏ မိတ်ဆွေဖြစ်ကြောင်း ကောင်းသော မေတ္တာ သည် ဖြစ်ပါစေသတည်း။

## အာယာစနမေတ္တာ

(၁) **ခြေမရှိတောင်း** သတ္တဝါမျိုးအပေါင်းသည် = အကျွန်ုပ်ကို မေတ္တာယွင်းကွက် မျက်မာန်ထွက်၍ မနှိပ်စက် မညှဉ်းဆဲပါစေသတည်း။

(၂) **အခြေနှစ်ချောင်း** သတ္တဝါမျိုးအပေါင်းသည် = အကျွန်ုပ်ကို မေတ္တာယွင်းကွက် မျက်မာန် ထွက်၍ မနှိပ်စက် မညှဉ်းဆဲပါစေသတည်း။

(၃) **အခြေလေးချောင်း** သတ္တဝါမျိုးအပေါင်းသည်= အကျွန်ုပ်ကို မေတ္တာယွင်းကွက် မျက်မာန်ထွက်၍ မနှိပ်စက် မညှဉ်းဆဲပါစေသတည်း။

(၄) **အခြေများတောင်း** သတ္တဝါမျိုးအပေါင်းသည်= အကျွန်ုပ်ကို မေတ္တာယွင်းကွက် မျက်မာန်ထွက်၍ မနှိပ်စက် မညှဉ်းဆဲပါစေသတည်း။

**"တရားဖက်မှ ချမ်းသာရ"** ဆိုတဲ့ တရားကို ဒီနေ့ည တရားသဘင်မှာ နာယူကြမှာဖြစ်ပါတယ်။ ပရိတ်ကြီးထဲမှာ အရင်ဆုံး စလိုက်တဲ့ ပရိတ်က ဘာတဲ့လဲ **"မင်္ဂလသုတ်"** ပရိတ်ပါဘုရား။ မင်္ဂလသုတ်ပရိတ်ကို မြတ်စွာဘုရားရှင်က နတ်တွေကို မေးမြန်းတောင်းပန်ချက်အရ ကြီးပွားကြောင်း (၃၈)ဖြာမင်္ဂလာတရားတော်ကို ဟောကြားခဲ့ပါတယ်၊ လူတွေရော၊ နတ်တွေရော၊ ဗြဟ္မာတွေရော (၁၂)နှစ်ကြာအောင် ကြီးပွားကြောင်း မင်္ဂလာတရားကို ရှာဖွေကြရာ ရှာဖွေပေမယ့် မတွေ့တဲ့အခါ ဘုရားရှင်ထံ လာပြီးတော့ မေးမြန်းလျှောက်ထားကြတယ်။ စကြာဝဠာကမ္ဘာပေါင်း တိုက်တစ်သောင်းက နတ်ဗြဟ္မာတွေ လာရောက်ပြီး မေးမြန်း လျှောက်ထားကြတယ်။ ဒီအခါမှာ မြတ်စွာဘုရားရှင်က **"အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ"**စသည်ဖြင့် ကြီးပွားကြောင်း (၃၈)ဖြာ မင်္ဂလာ

တရားကို ဟောကြားလိုက်ပါတယ်။ (၁၂)နှစ်ကြာအောင်ရှာဖွေရာ မတွေ့ဘဲနဲ့ ဘုရားရှင်ဟောကြားမှ နာယူရတာဆိုတော့ နတ်ပြဟ္မာတွေဟာ အာရုံစိုက်ပြီးတော့ နာယူကြပါတယ်၊ ဘုရားရှင်လဲ **"မင်္ဂလသုတ်"**တရား ဟောကြားပြီးရော စကြာဝဠာ ကမ္ဘာပေါင်း တိုက်တစ်သောင်းက တရားနာနေတဲ့ နတ်ပြဟ္မာပေါင်း ကုဋေတစ်သိန်းဟာ ရဟန္တာဖြစ်သွားကြတယ်။ ဓမ္မစကြာ တရားဦးဟောကြားတဲ့ အချိန်တုန်းက နတ်ပြဟ္မာတွေ ရဟန္တာဖြစ်တာ (၁၈)ကုဋေပဲ ရှိတယ်။ အခုကုဋေ တစ်သိန်းဆိုတော့ အလွန်များတယ်ပေါ့လေ။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် လို့ခေါ်တဲ့ သေက္ခအရိယာပုဂ္ဂိုလ်တွေ ဘယ်၍ဘယ်မျှ ဖြစ်သွားတယ်ဆိုတာကတော့ ရေတွက်လို့ မရအောင်ဘဲ အလွန်များပြားခဲ့ပါတယ်။ ဒါနှင့်ဘဲ နတ်ပြဟ္မာတွေ ဝမ်းသာအားရ ဖြစ်ပြီး ပြန်သွားကြတယ်။ ပြန်သွားပြီးတော့ နတ်ပြဟ္မာတွေ စဉ်းစားကြတယ်။ မြတ်စွာဘုရားရှင်ဟာ **"မင်္ဂလသုတ်"** ဒေသနာမှာ ကြီးပွားချမ်းသာကြောင်း (၃၈)ဖြာ မင်္ဂလာတရားကို ဟောကြားပြီးပြီ။ ဒီတရားကို လိုက်နာကျင့်ကြံမယ်ဆိုရင် ကြီးပွားချမ်းသာ တိုးတက်တယ်။ အဲဒီတော့ ဆုတ်ယုတ်ပျက်စီးကြောင်း တရားတွေကိုလဲ တို့မေးမြန်းကြရမယ်။ ဆုတ်ယုတ်ပျက်စီးကြောင်း တရားတွေ မေးမြန်းတဲ့အခါ ဘုရားရှင် ဖြေကြားလိုက်မှ ဘယ်အလုပ်တွေဟာ မလုပ်သင့် မလုပ်ထိုက်ဘူး၊ လုပ်မယ်ဆိုရင် ဆုတ်ယုတ်ပျက်စီးမယ်၊ အဲဒီတော့ မလုပ်သင့် မလုပ်ထိုက်တဲ့ ရှောင်ရှားထိုက်တဲ့ တရားတွေကိုလဲ တို့မေးမြန်းမယ် ဆိုပြီးတော့ ဒုတိယညမှာ စကြာဝဠာကမ္ဘာပေါင်း တိုက်တစ်သောင်းက နတ်ပြဟ္မာတွေ ထပ်ပြီးတော့ ရောက်လာကြတယ်။ ရောက်လာပြီးတော့ လောကမှာ ဘယ်အလုပ်က မလုပ်သင့် မလုပ်ထိုက်တဲ့ ရှောင်ရှားထိုက်တဲ့ တရားတွေပါလဲဘုရားလို့ မေးမြန်းလိုက်တဲ့အခါ

မြတ်စွာဘုရားရှင်က ဟောကြားပြလိုက်တယ်။ အဲ့ဒီဟောကြားလိုက်တဲ့ တရားဒေသနာက **"ပရာဘဝသုတ္တန်ဒေသနာ"** ပါပဲ။

## ပရာဘဝသုတ္တန် ဒေသနာ

**"ပရာဘဝသုတ္တန်ဒေသနာ"** မှာတော့ မြတ်စွာဘုရားရှင်ဟာ မလုပ်သင့် မလုပ်ထိုက်တဲ့ ရှောင်ရှားထိုက်တဲ့ တရားတွေချည်းပဲ ဟောပြသွားတယ်။ အဲဒီလို ဟောပြတဲ့အခါ နတ်ဗြဟ္မာတွေ သံဝေဂရတယ်။ ဪ် ဒီအလုပ်တွေဟာ မလုပ်သင့် မလုပ်ထိုက်တဲ့ အကုသိုလ်တရားတွေပဲ။ ရှောင်ရှားထိုက်တဲ့ အကုသိုလ်တရားတွေပဲ။ ဒီအကုသိုလ်တရားတွေကို လုပ်မိရင်တော့ ဆုတ်ယုတ်ပျက်စီးတော့မှာပဲလို့ သံဝေဂတွေ ရပြီးတော့ ဝိပဿနာတရားတွေ ပွားများလိုက်တဲ့အခါ မဂ်ဖိုလ်နိဗ္ဗာန်တွေ ရရှိသွားကြတယ်။ ဒါက ပရာဘဝသုတ်ပါပဲ။ အဲ့ဒီ ပရာဘဝသုတ်ကို စပြီးဟောတဲ့အခါ မြတ်စွာဘုရားရှင်က **"ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ"** ဒီပါဠိတော်ကို စပြီးဟောလိုက်တယ်။ ဒီနေ့ညဟောမည့် **"တရားဖက်မှ ချမ်းသာရ"** ဆိုတဲ့ နာမည်ဟာ **"ဓမ္မကာမော ဘဝံ ဟောတိ"**ဆိုတဲ့ ပရာဘဝသုတ်ကို မြန်မာပြန်ထား လိုက်တာပါပဲ။ **ဓမ္မကာမော** -တရားကို ချစ်ခင်နှစ်သက်ပြီး တရားအတိုင်း လိုက်နာပြုကျင့် ဆောင်ရွက်သောသူသည်။ **ဘဝံ ဟောတိ-** ကြီးပွား ချမ်းသာရ၏။ **ဓမ္မဒေဿီ-** တရားတော်ကို မနှစ်သက် မမြတ်နိုးပဲ တရားကို မုန်းပြီးတော့ တရားအတိုင်း မလိုက်နာသောသူသည်။ **ပရာဘဝေါ** -ပျက်စီးဆုံးရှုံးရ၏။ ကုသိုလ်တရားကို ချစ်ခင်နှစ်သက်ပြီး ကုသိုလ်တရားကို လိုက်နာပြုကျင့်တဲ့ပုဂ္ဂိုလ်ဟာ လောကမှာ ကြီးပွား ချမ်းသာတယ်။ ကုသိုလ်တရားကို မုန်း၊ ကုသိုလ်တရားကို မနှစ်သက်ပဲနှင့် အကုသိုလ်တရားတွေကို ပြုကျင့်မိမယ်ဆိုရင်တော့ အဲ့ဒီသူဟာ လောကမှာ ဆုတ်ယုတ်

ပျက်စီးရလိမ့်မယ်။ အဲ့ဒီလို အခြေတည်ပြီးတော့ မြတ်စွာဘုရားရှင်ဟာ ပရာဘဝ ပျက်စီးဆုတ်ယုတ်ကြောင်း တရားတွေချည်းပဲ ဟောပြသွားပါတယ်။ အဲဒီတော့ ပရာဘဝသုတ္တန်ဒေသနာမှာ လာတဲ့ **ဓမ္မကာမော** - တရားကို ချစ်ခင်နှစ်သက် မြတ်နိုးပြီး တရားအတိုင်း လိုက်နာ ပြုကျင့်သောသူသည်။ **ဘဝံ ဟောတိ-** ကြီးပွားချမ်းသာရ၏ဆိုတဲ့ ပါဠိတော်ကို လွယ်လွယ်မှတ်လို့ရအောင် **"တရားဖက်မှ ချမ်းသာရ"** ဆိုတဲ့နာမည်ပေးပြီးတော့ ဒီနေ့ ဟောကြား နာယူကြမှာပါပဲ။ ဝေါဟာရအနေနှင့် တရားဖက်မှ ချမ်းသာရဆိုတော့ နည်းနည်းကြမ်းသလို ထင်ရပေမယ့် ရှေးဆရာတွေ သုံးခဲ့တဲ့ ဝေါဟာရပါပဲ။

ရှေးဆရာတွေ ဘယ်လိုသုံးခဲ့သလဲ လောကမှာပြောနေတဲ့ စကားသုံးခွန်းပေါ့လေ။

**၁။ ဘုရားဖက်မှ အသက်ရှည်၊**
**၂။ တရားဖက်မှ အမျက်ပြေ၊**
**၃။ သံဃာ ဖက်မှ အခက်ဝေ၊**

ဒီရှေးဆရာတွေရဲ့ စကားနှင့်အညီ မှည့်လိုက်တဲ့ နာမည်ပါပဲ။ အဲ့ဒီတော့ တရားဖက်မှ ချမ်းသာရဆိုတဲ့ ဝေါဟာရဟာ မရိုန့်ရင်း မကြမ်းတမ်းပါဘူး။ ပေါ်လွင်ထင်ရှားအောင်လို့ ဒီနာမည် ပေးလိုက်တာပါပဲ။ ဒီနာမည်ကလည်း ဘုန်းဘုန်းပေးတဲ့ နာမည် မဟုတ်ပါဘူး၊ စစ်ကိုင်း သဇ္ဈနောဒယချောင် ဆရာတော်ကြီး ပုနဗ္ဗသု သုတ္တန်ကို မြန်မာပြန်ပြီးတော့ ကဗျာရေးတဲ့အခါ ကဗျာထဲမှာ **"တရားဖက်မှ ချမ်းသာရ"**လို့ ဆရာတော်ကြီး ရေးသွားတယ်။ ဆရာတော်ကြီးကို ချီးမြှောက်တဲ့ အနေနဲ့ ဒီဓမ္မသဘင်မှာ တရားဖက်မှ ချမ်းသာရ နာမည်နဲ့ နာယူမှာ ဖြစ်ပါတယ်။

တရားဖက်မှဆိုတော့ တရားက ဘယ်နှစ်မျိုးရှိသလဲ။ ဓမ္မကာမောပုဒ်မှာ တရားဟာ ဘယ်နှစ် မျိုးရှိသလဲဆိုတော့ အကျဉ်းချုပ်ဆိုရင်တော့ သုံးမျိုးပါပဲ။ စောစောပိုင်းက ဆုပေးတဲ့အထဲမှာ ပါပြီးသားပါပဲ။ ဒါန ကုသိုလ်တရား၊ သီလ ကုသိုလ်တရား၊ ဘာဝနာ ကုသိုလ်တရားတို့ပါပဲ၊ ဒီသုံးပါးကို အကျဉ်းချုပ်အနေနဲ့ ပုညကြိယာဝတ္ထု သုံးပါးလို့လဲ ခေါ်ပါတယ်။ အကျဉ်းချုပ် ပုညကြိယာဝတ္ထုကို အကျယ်ပွားလိုက်တဲ့အခါ (၁၀)ပါးဖြစ်လာတယ်။ သင်္ဂြိုလ် အဘိဓမ္မာတွေကို သင်ဖူးတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ကြားဖူးပြီးသားပါပဲ။ ဒီသုံးပါးကို အခြေခံထားပြီးတော့ ပွားလာတဲ့ ခုနစ်ပါးက အပစာယန ဝေယျာဝစ္စ ပတ္တိဒါန ပတ္တာနုမောဒန ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌုဇုကမ္မတို့ပါပဲ၊ သုံးပါးနှင့် ခုနစ်ပါး ပေါင်းလိုက်တော့ (၁၀)ပါးဖြစ်လာတယ်၊ ဒါကိုပဲ ပုညကြိယာဝတ္ထု- ပြုလုပ်ပြုသင့် ပြုထိုက်တဲ့ ကုသိုလ်(၁၀)ပါးလို့ ခေါ်ရတယ်။ အဲဒီ(၁၀)ပါးကို ပြန်ချုံးလိုက်တဲ့အခါ (၃)ပါးပဲ ပြန်ဖြစ်သွားတယ်။ ဒါကိုလဲ သင်္ဂြိုလ်၊ အဘိဓမ္မာသင်တဲ့ ပုဂ္ဂိုလ်တွေ ကြားဖူးပြီးသားပါပဲ။

## ပုညကြိယာဝတ္ထု (၃)ပါးနှင့် (၁၀)ပါး

**ဒါန သီလာ ဘာဝနာ, သုံးဖြာ စဉ်၍ ခင်း၊**
**စနှစ်ကို လယ်၊ လယ်နှစ်ကိုစ၊ နောက်မှ နောက်ခြင်းသွင်း။**

ဒီလင်္ကာလေးနှင့် ခုနစ်ပါးက သုံးပါးထဲ ပြန်ပြီးဝင် သွားတယ်။ အဲဒီတော့ မူလတည်ထားတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် ဒါကို အစဉ်အတိုင်း ထားလိုက်မယ်။ အစီအစဉ်တိုင်း ထားပြီးတော့ **စနှစ်ကို လယ်**-လင်္ကာအရ အစနှစ်ပါးဖြစ်တဲ့ အပစာယန-ရတနာသုံးပါး ဆရာသမား လူကြီးမိဘတွေကို ရိုသေတာကို အပစာယနကုသိုလ်လို့ ခေါ်တယ်။ ဝေယျာဝစ္စ ကုသိုလ်ဆိုတာက

ရတနာသုံးပါး ဆရာမိဘတွေရဲ့ ကိစ္စကြီးငယ် ဆောင်ရွက်တာကို ဝေယျာဝစ္စကုသိုလ်လို့ခေါ်တယ်။ အဲ့ဒီ အပစာယနကုသိုလ်နှင့် ဝေယျာဝစ္စကုသိုလ်က သီလသဘော ရှိတဲ့အတွက် အလယ်မှ သီလ ကုသိုလ်ထဲကို ထည့်သွင်းလိုက်ရတယ်။ ဒါကို 'စနှစ်ကို လယ်'လို့ ခေါ်တယ်။

**'လယ်နှစ်ကို စ'**-လင်္ကာအရ အလယ်မှာ နှစ်ပါးရှိတယ်။ အလယ်နှစ်ပါးက ပတ္တိဒါနကုသိုလ်နှင့် ပတ္တာနုမောဒန ကုသိုလ်ဆိုပြီး တော့ နှစ်ပါးလာတယ်။ ပတ္တိဒါနကုသိုလ်ဆိုတာက တရားပွဲ ပြီးတဲ့အခါ ဒီနေ့ လှူဒါန်းတဲ့ ကုသိုလ်တွေ ဟောတဲ့နာတဲ့ ပုဂ္ဂိုလ်တွေက အမျှဝေကြ တယ်။ အမျှဝေတာကို ပတ္တိဒါနကုသိုလ်လို့ ခေါ်တယ်။ ကြားရသိရတဲ့ ပုဂ္ဂိုလ်တွေ မြင်ရတဲ့ ပုဂ္ဂိုလ်တွေက သာဓု သာဓု သာဓု-လို့ ခေါ်ကြ တယ်။ ဒီကုသိုလ်ကိုတော့ ပတ္တာနုမောဒနကုသိုလ်လို့ ခေါ်ရတယ်။ အဲ့ဒီအလယ်က ပတ္တိဒါနကုသိုလ်နှင့် ပတ္တာနုမောဒနကုသိုလ်တို့က တော့ ကိုယ်ရတဲ့ ကုသိုလ် နှစ်ပါးကတော့ ပေးလှူခြင်းသဘော ရှိတဲ့ အတွက် အစဖြစ်တဲ့ ဒါနကုသိုလ်ထဲကို ထည့်သွင်းလိုက်ရတယ်။ အဲဒီတော့ အလယ်က ပတ္တိဒါနကုသိုလ် ပတ္တာမောဒနကုသိုလ် နှစ်ပါးက အစဖြစ်တဲ့ ဒါနကုသိုလ်ထဲ ထည့်လိုက်ရတယ်။ အစဆုံး ဖြစ်တဲ့ အပစာယန ကုသိုလ်နှင့် ဝေယျာဝစ္စကုသိုလ်က အလယ်ဖြစ်တဲ့ သီလကုသိုလ်ထဲမှာ ထည့်လိုက်ရတယ်။ အဲ့ဒီတော့ ခုနှစ်ပါးရှိတာ လေးပါး ကုန်သွားပြီဆိုတော သုံးပါးပဲ ကျန်တော့တယ်။

အဲဒီသုံးပါးက ဘာလဲဆိုတော့ ဓမ္မဿဝန-တရားနာ နေကြ တယ်။ ဓမ္မဿဝန ကုသိုလ်ကို ယူနေကြတယ်။ ပလ္လင်ပေါ်က ပုဂ္ဂိုလ်က တရားဟော နေရတယ်။ ဒါကို ဓမ္မဒေသနာ ကုသိုလ်လို့ ခေါ်ရတယ်။

အဲဒီလို တရားဟော တရားနာနေတဲ့အခါ ဒိဋ္ဌိဇုကမ္မလို့ ခေါ်တဲ့အတိုင်း အယူကို ဖြောင့်စွာမှန်စွာ ထားရတယ်။ ဒါကိုတော့ ဒိဋ္ဌိဇုကမ္မလို့ ခေါ်ရတယ်။ **နောက်မှ နောက်ခြင်းသွင်း**-ဟူသော လင်္ကာအရ နောက်ဆုံးကျန်နေတဲ့ (၃)ပါးဖြစ်သော ဓမ္မဿဝန တရားနာတဲ့ကုသိုလ်, ဓမ္မဒေသနာ တရားဟောတဲ့ကုသိုလ်, ဒိဋ္ဌိဇုကမ္မ အယူဖြောင့်မှန်စွာ ထားတဲ့ကုသိုလ်၊ ဒီသုံးမျိုး ပြုလုပ်တဲ့အခါ ဆင်ခြင် ဆင်ခြင်ပြီးတော့ ပွားများ ပွားများပြီးတော့ တရားကို စူးစိုက်စူးစိုက် ပြီးတော့ ဟောကြား နာယူရတဲ့အတွက် ပွားများခြင်းသဘောရှိလို့ နောက်ဆုံးဖြစ်တဲ့ ဘာဝနာကုသိုလ်ထဲကို ထည့်သွင်းလိုက်ရတယ်။ဒီတော့ ပုညကြိယာဝတ္ထု အကျဉ်းချုပ်က သုံးပါးဖြစ်သွားတယ်၊ အကျယ်ပွားလိုက်တော့ (၁၀)ပါး၊ အဲဒီ(၁၀)ပါးကို ပြန်အကျဉ်းချုပ်လိုက်တော့ (၃)ပါးဖြစ်သွားတယ်၊ အဲ့ဒီသုံးပါးထဲမှာ ဒီနေ့ည ပြောမှာက ဘာဝနာ ကုသိုလ်ပါပဲ။ ဘာဝနာကုသိုလ်က ဘယ်နှစ်မျိုးတဲ့လဲ။ သုံးမျိုးပါဘုရား။ (၁)နံပါတ် ဓမ္မဿဝန တရားနာတာလဲ ဘာဝနာကုသိုလ်ပဲ၊ (၂)နံပါတ် ဓမ္မဒေသနာ တရားဟောနေတာလဲ ဘာဝနာကုသိုလ်ပဲ၊ (၃)နံပါတ် ဒိဋ္ဌိဇုကမ္မ အယူကို ဖြောင့်မှန်စွာ ထားတာလဲ ဘာဝနာကုသိုလ်ပဲ၊ အဲဒီတော့ ဒီနေ့ည ဓမ္မဿဝန ဓမ္မဒေသနာ ဒိဋ္ဌိဇုကမ္မလို့ခေါ်တဲ့ တရားနာခြင်း၊ တရားဟောခြင်း၊ အယူကို ဖြောင့်မှန်စွာထားခြင်း ဘာဝနာကုသိုလ်ကို အဓိကထားပြီး ပြောသွားမှာပါဘဲ၊ အဲဒီလို **ဓမ္မကာမော**-တရားဖက်မှု။ **ဘဝံ ဟောတိ**-ချမ်းသာရ၏ဆိုတဲ့ ဒေသနာအရ တရား(၃)မျိုး သိသွားပြီ။

တရား(၃)မျိုးက အကျဉ်းချုပ်လိုက်တော့ (၁)နံပါတ် ဒါနကုသိုလ်တရား၊ (၂)နံပါတ် သီလကုသိုလ် တရား၊ (၃)နံပါတ် ဘာဝနာကုသိုလ်တရားတို့ပါပဲ၊ ဒါနကုသိုလ်တရားကို ဖက်တယ်ဆိုတာက

ဘယ်လိုဟာကို ဖက်တယ်လို့ ခေါ်တာလဲ၊ နည်းများမဆို လှူဒါန်းရင်တော့ ဒါနကုသိုလ် ဖြစ်သွားတာပါပဲ။ ဒါပေမယ့် ဒီညဟောမည့် ဒါနကုသိုလ်ဖက်မှ ချမ်းသာရဆိုတာ နည်းများမဆို လှူဒါန်းတဲ့ သာမည ဒါနကုသိုလ်ကို ပြောတာ မဟုတ်ပါဘူး။ မိမိခန္ဓာကိုယ် အစိတ်အပိုင်း (သို့မဟုတ်)မိမိရဲ့ အသက်ကို စွန့်လွှတ်ပြီး ရဲရဲဝံ့ဝံ့ လှူဒါန်းတာမျိုးမှ ဒါနတရားဖက်တယ်။ ဒါနကုသိုလ် တရားဖက်တယ်လို့ ပြောတာပါပဲ။ အဲဒီလို ခန္ဓာကိုယ် အစိတ်အပိုင်းတွေ စွန့်လွှတ်ပြီး၊ မိမိအသက်ကို စွန့်လွှတ်ပြီး လှူဒါန်းတဲ့ ဒါနကုသိုလ်မျိုးမှ ဒီနေ့ည ဒါနကုသိုလ်ဖက်မှ ချမ်းသာရတယ်လို့ ဆိုတာပါပဲ။ ဝတ်ကျေတန်းကျေ လှူဒါန်းတာတွေ အလှူခံ ပုဂ္ဂိုလ်ကလဲ ရှေ့ရောက်နေလို့ ကိုယ့်ဆီမှာလဲ လှူဖွယ်ဝတ္ထု ပစ္စည်းရှိနေလို့ လှူဒါန်းတာမျိုးကို ဒါနကုသိုလ်ဖက်မှ ချမ်းသာရတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ အဲဒီတော့ ဒီနေ့ည ဒါနကုသိုလ်ဖက်မှဆိုတာ တကယ်ကို ရဲဝံ့တဲ့ သတ္တိရှိတဲ့ ဒါနကုသိုလ်ရှင်ကိုပဲ ရည်ရွယ်ပြီးတော့ ပြောနေတာ ဖြစ်ပါတယ်။ အဲဒီတော့ ရှေးတုန်းက သူတော်ကောင်းတွေ ဘယ်လိုများ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ စွန့်လွှတ်ပြီးတော့ အသက်တွေ စွန့်လွှတ်ပြီးတော့ ဒါနကုသိုလ် တရားဖက်ပြီးတော့ ချမ်းသာတွေရသွားကြသလဲ။

## နဂါးရုံဘုရားနှင့် ဆင်ခံဘုရား

နဂါးရုံဘုရား ဆိုလိုက်လို့ရှိရင် နဂါးက ခုနှစ်ခွေ ရစ်ပတ်ပြီးတော့ ပါးပျဉ်းကြီးနဲ့မိုးထားတယ်၊ အတွင်းမှာ ဘုရားရှင်က သီတင်းသုံးတယ်၊ ဒါကို နဂါးရုံဘုရားလို့ခေါ်ကြတယ်၊ နောက် ဆင် (၃)ကောင်၊ ဆင် (၅)ကောင်၊ ဆင် (၇)ကောင် စသည်ဖြင့် ဆင်ခံလို့ရှိရင် ဆင်ပေါ်မှာ ဘုရားသီတင်းသုံးလို့ရှိရင် ဆင်ခံဘုရားလို့ဆိုပြီးတော့ နာမည်ပေးပြီး ပူဇော်ကြတယ်၊ တခြား ကျားတို့ပူးတို့ကို ပလ္လင်အဖြစ်ခံထားရင်

ကျားခံတဲ့ဘုရား, ပူးခံတဲ့ဘုရားစသည်ဖြင့် အမျိုးမျိုးပူဇော်ကြတယ်၊ အဲဒီ ဆင်ခံတဲ့ ဘုရား, ကျားခံတဲ့ဘုရား,ပူခံတဲ့ဘုရားဆိုတာကတော့ လောကီ ဆရာတွေ ထွင်ထားတဲ့ နာမည်တွေပါပဲ စာလာပေလာတော့ မဟုတ်ဘူး။

နဂါးရုံဘုရားကတော့ စာလာပေလာရှိတယ်၊ ဘယ်မှာ ရှိသလဲဆိုရင် ဝိနယပိဋက မဟာဝါပါဠိတော်မှာ မုစလိန္ဒ ကထာ ဆိုတာရှိတယ်၊ နောက် သုတ္တန္တပိဋက ဥဒါန်းပါဠိတော် မှာလဲပဲ မုစလိန္ဒသုတ်ဆိုပြီးတော့ ရှိတယ်၊ အဲဒီဝိနည်းပိဋကနဲ့ သုတ္တန်ပိဋကမှာ နဂါးရုံဘုရား အကြောင်းကိုတိုက်ရိုက် စာလာ ပေလာရှိတယ်၊ မုစလိန္ဒကထာနဲ့ မုစလိန္ဒသုတ်တို့ကို အမှီသဟဲ ပြုပြီးတော့ ရှေးဆရာ တွေက နဂါးရုံဘုရား ပုံတော် ထုလုပ်ပြီးတော့ ကိုးကွယ်ကြတာပဲ၊ အဲဒီတော့ ပါဠိတော်မှာ နဂါးရုံဘုရားနဲ့ ပတ်သက်ပြီးတော့ ဘယ်လို လာရှိသလဲဆိုတာ ပြောရအောင်။။

မြတ်စွာဘုရားရှင်ဟာ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်မှာ မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ကဆုန်လပြည့်နေ့မှာ ဘုရားအဖြစ်သို့ ရောက်ရှိခဲ့တယ်၊ ဘုရားဖြစ်ပြီးတဲ့နောက် မဟာဗောဓိမဏ္ဍိုင် တဝိုက်မှာပဲ သတ္တဟတဌာနစီ တဌာနစီလှည့်လည် သီတင်းသုံးခဲ့တယ်၊ တဌာနမှာ (၇)ရက်စီ ကြာခဲ့တယ်၊ ဖလသမာပတ်ဝင်စားပြီး နေခဲ့တယ်၊ (၁) ပလ္လင်္ကသတ္တာဟ၊ (၂) အနိမိသသတ္တာဟ၊ (၃) စင်္ကမသတ္တာဟ၊ (၄) ရတနာဃရသတ္တာဟ၊ (၅) အဇပါလသတ္တာဟ-အားဖြင့် သတ္တာဟ(၅)ခုမှာ သီတင်းသုံးပြီးသွားပြီ၊ နယုန်လဆုတ် (၅)ရက်နေ့ထိ ရောက်ခဲ့ပြီးပြီ။ နောက် (၆)ခုမြောက် ဆဋ္ဌသတ္တာဟကြတော့ နယုန် လဆုတ် (၆)ရက်ကနေပြီးတော့ နယုန်လဆုတ် (၁၂)ရက်နေ့အထိ (၇)ရက်ကိုတော့ မုစလိန္ဒသတ္တာဟလို့ခေါ်ရတယ်၊ ယခုနဂါးရုံ ဘုရား ဖြစ်ပေါ်လာတာဟာ အဲဒီ (၆)ခုမြောက် မုစလိန္ဒသတ္တာဟမှ

ဖြစ်ပေါ်လာတာပါပဲ၊ အဲဒီတော့ မုစလိန္ဒသတ္တာဟမှာ မြတ်စွာဘုရားရှင် ဘယ်နည်းဘယ်ပုံ သီတင်းသုံးတော် မူတယ်၊ မုစလိန္ဒနဂါးမင်းက မြတ်စွာဘုရားရှင်ကို ဘယ်နည်း ဘယ်ပုံ ပူဇော်တယ် ဆိုတာတွေကို အပြည့်အစုံ ကြည်ညိုကြရအောင်၊ ယခုနဂါးရုံဘုရားနှင့် ဆက်စပ်တဲ့ မုစလိန္ဒသတ္တာဟ အကြောင်းကို နာယူကြရအောင်-

ရက်အနေနဲ့ ဘယ်ရက်မှာဖြစ်ပေါ်သလဲဆိုလို့ရှိရင် နယုန်လဆုတ် (၆)ရက်ကနေ နယုန်လဆုတ် (၁၂)ရက်နေ့အထိ (၇)ရက်၊ အဲဒီ (၇)ရက်အတွင်းကို မုစလိန္ဒသတ္တာဟ= ဆဋ္ဌသတ္တာဟလို့ခေါ်တယ်၊ ဒီဆဋ္ဌသတ္တာဟမှာ ဖြစ်ပေါ်လာတဲ့အကြောင်း အရာတွေကို နာယူကြရအောင်-

**"အထ ခေါ ဘဂဝါ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ အဇပါလနိဂြောဓမူလာ ယေန မုစလိန္ဒော တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ မုစလိန္ဒမူလေ သတ္တာဟံ ဧကပလ္လင်္ကေန နိသီဒိ ဝိမုတ္တိသုခပဋိသံဝေဒီ"**- သင်္ဂါယနာတင်တဲ့ ရဟန္တာအရှင်မြတ်တွေက မုစလိန္ဒသတ္တာဟကို ဒီလိုမှတ်တမ်း တင်ပြလိုက်တယ်၊

**အထခေါ**-အဇပါလညောင်ပင်အောက်ဝယ် သီတင်းသုံးတော်မူပြီးရာ ထိုအခါ၌၊ **ဘဂဝါ**-မြတ်စွာဘုရားရှင်သည်၊ **သတ္တာဟဿ**-(၇)ရက်၏၊ **အစ္စယေန**-ကုန်လွန်သွားသော အခါ၌၊ **တမှာ သမာဓိမှာ**-ထိုရဟတ္တဖိုလ် ဖလသမာပတ် သမာဓိမှ၊ **ဝုဋ္ဌဟိတွာ**-ထတော်မူ၍၊ **အဇပါလနိဂြောဓမူလာ**-ဆိတ်ကျောင်းသားတို့ နားခိုရာ ညောင်ပင် အောက်မှ၊ **ယေန**-အကြင်အရပ်၌၊ **မုစလိန္ဒော**-ကျည်းပင်သည်၊ **အတ္ထိ**-ရှိ၏၊ **တေန**-ထိုကျည်းပင်ရှိရာ အရပ်သို့၊ **ဥပသင်္ကမိ**-ချဉ်းကပ်တော်မူပြီ၊ **ဥပသင်္ကမိတွာ**-ချဉ်းကပ်တော်မူပြီး၍၊ **မုစလိန္ဒမူလေ**-ကျည်းပင်ရင်း၌၊ **သတ္တာဟံ**-(၇)ရက်ပတ်လုံး၊

**ကောပလ္လင်္ကေ**-တခုသောထက်ဝယ် ပလ္လင်ဖြင့်၊ **ဝိမုတ္တိသုခ ပဋိသံဝေဒိ**- အရဟတ္တဖိုလ်ဖလသမာပတ်ကို ခံစားလေ့ရှိသည် ဖြစ်၍၊ **နိသီဒိ**-သီတင်းသုံးနေတော်မူ၏။

မုစလိန္ဒသတ္တာဟမှာ မြတ်စွာဘုရားရှင် ဘယ်နည်းဘယ်ပုံ သီတင်းသုံးတယ်ဆိုတာကို သင်္ဂါယနာတင်တဲ့ ရဟန္တာ အရှင်မြတ်တွေက ဇာတ်လမ်းလေးသွယ်ပြတယ်၊ ဆိတ် ကျောင်းသားတွေနားခိုတဲ့ ညောင်ပင်အောက် ကနေပြီးတော့ ညောင်ပင်အောက်မှာ နယုန်လဆုတ်(၅)ရက်ကြတော့ (၇) ရက်ပြည့်တယ်၊ နယုန်လဆုတ်(၆)ရက်နေ့မှာ မြတ်စွာဘုရားရှင်ဟာ အဲဒီညောင်ပင်က နေပြီးတော့ ကျည်းပင်ရှိတဲ့အရပ်ကို ချဉ်းကပ်တယ်၊ အဲဒီကျည်းပင်အောက်မှာ မြတ်စွာဘုရားရှင်ဟာ (၇)ရက်ပတ်လုံး မဖျက်သော တင်ပလ္လင်ခွေဖြင့် ဖလသမာပတ်ချမ်းသာကို ဝင်စားခံစားပြီး သီတင်းသုံး နေထိုင်တယ်။

အဲဒီကျည်းပင်ရဲ့ဘေးမှာ မုစလိန္ဒရေအိုင်ရှိတယ်၊ ယခုအချိန်အထိ အဲဒီရေအိုင်ဟာရှိတုန်းပဲ၊ ကျည်းပင်ကတော့ မရှိတော့ဘူး၊ ဒါပေမဲ့ ရေကန်နဲ့ ကျည်းပင်ဟာတဆက်ထဲရှိတယ်၊ အဲဒီမုစလိန္ဒရေအိုင် ကျည်းပင်အောက်မှာ ဘုရားရှင် သီတင်းသုံးတော်မူတဲ့အခါ ဘာတွေဖြစ်ပေါ်လာသလဲဆိုတာ ဆက်ပြီးတော့ပြတယ်-

**“တေန ခေါ ပန သမယေန မဟာအကာလမေဃော ဥဒပါဒိ သတ္တာဟဝဒ္ဒလိကာ သီတဝါတဒုဒ္ဒိနီ”-**

**တေန ခေါ ပန သမယေန**-မြတ်စွာဘုရားသခင် ကျည်းပင်ရင်းသို့ဝင်ရောက်လာရာထိုအခါ၌၊ **သတ္တာဟဝဒ္ဒလိကာ** (၇)ရက်ပတ်လုံး ရွာသွန်းဖြိုးသော၊ **သီတဝါတဒုဒ္ဒိနီ**-ချမ်းအေးသောလေသည် နှိပ်စက်အပ်သော၊ **မဟာအကာလမေဃော**-အခါမဲ့ရွာသွန်းသော မိုးကြီးသည်၊ **ဥဒပါဒိ**-ထင်ရှား ဖြစ်ပေါ်လာပြီ။

## စကြဝဠာအနှံ့ မိုးကြီးရွာသွန်းမှု

အဲဒီအချိန်မှာ မိုးကြီးဟာ အကြီးအကျယ်ကို ရွာသွန်းပါတယ်၊ ရွာသွန်းတဲ့မိုးဟာ အချိန်ကာလ မိုးဥတုကိုရောက်လို့ ရွာသွန်းတာ မဟုတ်ဘူး၊ အချိန်ကာလမဟုတ်ပဲနဲ့ ရွာသွန်းတယ်၊ ရွာသွန်းတဲ့မိုးဟာ (၇)ရက် ကြာအောင် ရွာသွန်းခဲ့တယ်၊ မိုးဟာ စွေ့ရုံကလေး ရွာတာ မဟုတ်ပဲ သဲကြီးမဲကြီး ပြင်းပြင်းထန်ထန်ကိုရွာတယ်၊ နေ့ရောညရော တဝုန်းဝုန်းနဲ့ ရွာတယ်၊ စကြာဝဠာအပြည့်အနှံ့ ရွာသွန်းတဲ့မိုးကြီးပါပဲ၊ မိုးရွာလွန်းအား ကြီးတော့ တိုက်တဲ့လေဟာ အင်မတန်ချမ်းအေး တယ်၊ ဒီမိုးကြီး ရွာသွန်းတာက အကြောင်းမဲ့ ရွာသွန်းတာမဟုတ်ဘူး မြတ်စွာ ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တဲ့အချိန်မှာလဲပဲ အကြီးအကျယ် ရွာသွန်းခဲ့ပါတယ်၊ နောက်စကြဝတေးမင်း ပေါ်ထွန်းတဲ့အချိန်မှာလဲပဲ အကြီးကျယ်ရွာသွန်းတယ်၊ အဲဒီနှစ်ချိန်မှတပါး ကျန်တဲ့အချိန်တွေမှာ ဒီလိုမိုးကြီးဟာ ရွာသွန်းတော် မမူဘူး၊ တခြား အချိန်တွေရွာလို့ရှိရင်လဲ တစ်ရက်နှစ်ရက်ပါပဲ၊ ရွာပြန်တော့လဲ နေ့ရွာလို့ရှိရင် ညမှာတော့ မိုးစဲမှာပေ့ါ၊ ယခုမိုးကြီးကတော့ ဒီလို မဟုတ်ဘူး နေ့ရောညရောကို သဲသဲမဲမဲ အကြီးအကျယ် ရွာသွန်းတယ်၊ အဲဒီလိုရွာသွန်းတော့ ဘာဖြစ်လာသလဲဆိုတာကို ပါဠိတော်ကဆက်ပြတယ်-

**"အထ ခေါ မုစလိန္ဒော နာဂရာဇာ သကဘဝနာ နိက္ခမိတွာ ဘဂဝတော ကာယံ သတ္တက္ခတ္တုံ ဘောဂေဟိ ပရိက္ခိပိတွာ ဥပရိ မုဒ္ဓနိ မဟန္တံ ဖဏံ ကရိတွာ အဋ္ဌာသိ၊ မာ ဘဂဝန္တံ သီတံ၊ မာ ဘဂဝန္တံ ဥဏှံ၊ မာ ဘဂဝန္တံ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿော"တိ-**

မျက်စိထဲ အာရုံပြုထားရမှာက ရေကန်ကြီးရှိတယ်၊ ရေကန်ကြီး ရဲ့ဘေးမှာ ကျည်းပင်ကြီးရှိတယ်၊ အဲဒီကျည်းပင်ကြီး အောက်မှာ မြတ်စွာ ဘုရားရှင်ရောက်လာပြီး တင်ပလ္လင်ခွေကာ သီတင်းသုံး ထိုင်နေတော်

မူတယ်၊ အဲဒီအချိန်မှာပဲ မိုးကြီးဟာ စကြာဝဠာအပြည့် အကြီးအကျယ် ရွာသွန်းဖြိုးလာပြီ၊ ဒီအချိန်မှာ ဘာဖြစ်လာလဲဆိုတော့-

**အထ ခေါ**-ထိုသို့ အကြီးအကျယ် မိုးကြီးရွာသွန်းသော အခါ၌၊ **မုစလိန္ဒော နာဂရာဇာ**-မုစလိန္ဒအမည်ရှိသော နဂါးမင်းသည်၊ **သကဘဝနာ**-မိမိ၏နဂါးဘုံဗိမာန်မှ၊ **နိက္ခမိတွာ**-ထွက်လာခဲ့၍၊ **ဘဂဝတော**-မြတ်စွာဘုရားရှင်၏၊ **ကာယံ**-ခန္ဓာကိုယ်တော်ကို၊ **သတ္တက္ခတ္တုံ**-ခုနစ်ကြိမ်၊ **ဘောဂေဟိ**-အခွေတို့ဖြင့်၊ **ပရိက္ခိပိတွာ**-ရစ်ပတ်၍၊ **ဥပရိ မုဒ္ဓနိ**-မြတ်စွာဘုရားရှင်၏ ထိပ်တော်၏အထက်၌၊ **မဟန္တံ**-ကြီးစွာသော၊ **ဖဏံ**-ပါးပျဉ်းကို၊ **ကရိတွာ**-ဖြန့်မိုး၍၊ **အဋ္ဌာသိ**-ရပ်တည်ပြီ။

## မုစလိန္ဒနဂါးမင်း၏ ကုသိုလ်စိတ်တွေး

အဲဒီမုစလိန္ဒရေအိုင်ဟာ ယခုအချိန်အထိရှိတုန်းပါပဲ၊ ရေအိုင်အောက်မှာ နဂါးဗိမာန်ရှိတယ်၊ နဂါးဗိမာန်မှာ မုစလိန္ဒ နဂါးမင်းကြီးနေတယ်၊ နဂါးမင်းကြီးဟာ အင်မတန်တန်ခိုးကြီးတဲ့ နဂါးမင်းကြီးပါပဲ၊ နဂါးမင်းကြီးဟာ သူ့ရေကန်နဲ့ဆက်စပ်နေတဲ့ ကျည်းပင်အောက် ဘုရားရှင်သီတင်းသုံးတဲ့ အချိန်မှာ အကြီးအကျယ် မိုးကြီးရွာသွန်းတော့ သူစဉ်းစားတယ်-

ငါ့ရေကန်နဲ့ နီးတဲ့ကျည်းပင်အောက် ဘုရားရှင် သီတင်းသုံးလာတဲ့ အချိန်မှာ မိုးဟာ အကြီးအကျယ် ရွာသွန်း ဖြိုးလာပြီ၊ ဒီကျည်းပင်ဟာ မိုးမလုံဘူး၊ လေကလဲပဲ အကြီးအကျယ် တိုက်ခတ်လာတော့ လေဒဏ်လဲ မကာကွယ်နိုင်ဘူး၊ ဒီတော့ ငါ့အနေနဲ့ တန်ခိုးရှိထားလို့ ဘုရားရှင် သီတင်းသုံးနိုင်တဲ့ ပြာသာဒ် ဘုံဗိမာန်ကြီး ဖန်ဆင်းပြီး ပြာသာဒ်ဘုံဗိမာန်ထဲမှာ ဘုရားရှင်ကို ထားလို့ရှိရင် ရတယ်၊ ပြာသာဒ် ဘုံဗိမာန်ကြီး ဖန်ဆင်းပြီး ဘုရားရှင်ကို ထားလို့ရပေမဲ့ ငါ့အနေနဲ့ တန်ခိုးနဲ့ ဖန်ဆင်းပြီး ထားတာ ဖြစ်သည့်အတွက် အားထုတ်ကြောင့်ကြစိုက်မှု လျော့နည်းတာကြောင့် ကုသိုလ်အရနည်းတယ်။

ဒီတော့ ဘယ်လိုလုပ်လဲဆိုတော့ မုစလိန္ဒနဂါးမင်းဟာ မြတ်စွာဘုရားရှင်ရဲ့ ခန္ဓာကိုယ်ကို သူ့ရဲ့ကြီးမားသောကိုယ်နဲ့ ခုနစ်ကြိမ်တိုင်တိုင် အခွေနဲ့ ရစ်ပတ်ပစ်လိုက်တယ်၊ ရစ်ပတ်ပြီးတော့ အခွေအတွင်းမှာ ရတနာပလ္လင်ကိုထည့်တယ်၊ ပလ္လင်ပေါ်မှာပဲ ဘုရားရှင်ကို သီတင်းသုံးစေတယ်၊ ဘုရားရှင်ရဲ့ ဦးခေါင်းတော်အထက်မှာ မုစလိန္ဒနဂါးမင်းကြီးရဲ့ ပါးပျဉ်းကြီးကြီးနဲ့ မိုးပေးထားလိုက်တယ်၊ အဲဒီလို သူ့ခန္ဓာကိုယ်နဲ့ ရင်းပြီးတော့ မြတ်စွာဘုရားရှင်ကို ပူဇော်လိုက်တယ်၊ ဒီလိုပူဇော်တဲ့နေရာမှာ မုစလိန္ဒနဂါးမင်းရဲ့ စိတ်နေစိတ်ထားကို အဋ္ဌကထာက ဖွင့်ဆိုပြတယ်-

**ဧဝံ**-ဤသို့၊ **ကတေ**-ရတနာ ခုနစ်ပါးဖြင့်ပြီးသော ဘုံဗိမာန်ကြီးကို ဖန်ဆင်းပေးလိုက်သည်ရှိသော်၊ **ကာယသာရော**-ခန္ဓာကိုယ်ဖြင့် ကုသိုလ်အနှစ်သာရကို၊ **ဂဟိတော**-ယူအပ်သည်၊ **န ဘဝိဿတိ**-မဖြစ်လတ့်၊ **မယှံ**-ငါ့အား၊ **မဟပ္ဖလံ**-များသောအကျိုးသည်၊ **န ဘဝိဿတိ**-မဖြစ်လတ့်၊

ဘုရားရှင်အတွက် ဘုံဗိမာန်ဖန်ဆင်းပေးလိုက်လို့ရှိရင် ခန္ဓာကိုယ်နဲ့ ရင်းပြီး အားထုတ်တာမဟုတ်တဲ့အတွက် ကုသိုလ် အနှစ်သာရ သိပ်ရမှာ မဟုတ်တော့ဘူး၊ အကျိုးလဲသိပ်မများဘူး၊ ငါ့အနေနဲ့ ခန္ဓာကိုယ်နဲ့ ရင်းပြီးကုသိုလ်ရတဲ့ အခွေခုနစ်ပတ်ရစ်ပတ်ပြီး ပါးပျဉ်းကြီးနဲ့ ဘုရားရဲ့ ခန္ဓာကိုယ်ကို လုံခြုံအောင် မိုးပေးလိုက်မှသာလျှင် ခန္ဓာကိုယ်နဲ့ ရင်းပြီးတော့မှ ပြုရတဲ့ ကာယဝေယျာဝစ္စကုသိုလ်ဟာ ရရှိသွားလိမ့်မယ်၊ ဒီလိုစိတ်နေ စိတ်ထားစဉ်းစားပြီး ဘုရားရှင်ရဲ့ခန္ဓာကိုယ်ကို မိမိရဲ့အခွေနဲ့ ခုနစ်ခွေ ရစ်ပတ်ပေးလိုက်တယ်၊ အဲဒီအခွေအတွင်းမှာပဲ ရတနာပလ္လင်စီစဉ်ပြီး ဘုရားရှင်ကို သီတင်းသုံးတော်မူစေပြီး ဘုရားရှင်ရဲ့ ဦးခေါင်းထက်မှာ သူ့ရဲ့ အင်မတန်ကြီးမားတဲ့ ပါးပျဉ်းကြီးနဲ့ မိုးပေးထားလိုက်တယ်။

ဒီလိုမိုးတဲ့အခါ သူ့ရဲ့ရည်ရွယ်ချက်ကိုလည်း ပါဠိတော်က ဆက်ပြတယ်-

**ဘဂဝန္တံ**-မြတ်စွာဘုရားရှင်ကို၊ **သီတံ**-ချမ်းအေးသည်၊ **မာ ဗာဓယိတ္ထ**-မနှိပ်စက်ပါစေလင့်၊ **ဘဂဝန္တံ**-မြတ်စွာဘုရားရှင်ကို၊ **ဥဏှံ**-အပူသည်၊ **မာ ဗာဓယိတ္ထ**-မနှိပ်စက်ပါစေလင့်၊ **ဘဂဝန္တံ**-မြတ်စွာဘုရားရှင်ကို၊ **ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿော**-မှက်,ခြင်,ယင်,လေ,နေပူစသော အပူအတွေ့သည်၊ **မာ ဗာဓယိတ္ထ**-မနှိပ်စက်ပါစေလင့်။

## မုစလိန္ဒနဂါးမင်း၏ ပူဇော်ပုံများ

ဘုရားရှင်ကို အအေးဒဏ်လည်း မခံရပါစေနဲ့၊ အပူဒဏ်လည်း မနှိပ်စက်ပါစေနဲ့၊ မှက်,ခြင်စသော ပိုးကောင်တွေရဲ့ ပူသောအထိအတွေ့ ခြင်ကိုက်ခံရမှုစသည်တွေလည်း မဖြစ်ပါစေနဲ့၊ အဲဒီလို စိတ်နေစိတ်ထားနဲ့ ခုနှစ်ခွေ ခွေပြီးတော့ ရစ်ပတ်ပြီး ရတနာပလ္လင်ပေါ်မှာ ဘုရားရှင်ကို သီတင်းသုံးစေပြီး ဘုရားရှင်ရဲ့ ဦးထိပ်ခေါင်းတော်အထက်မှာ မိမိရဲ့ အင်မတန် ကြီးမားတဲ့ ပါးပျဉ်းကြီးနဲ့ မိုးပေးထားတယ်၊ ဒီလိုမိုးပေး ထားလိုက်တာ ဘယ်လောက်ကြာလဲဆိုတော့ (၇)ရက်တိတိကြာအောင် ကုသိုလ်ယူ မိုးပေးထားလိုက်တယ်။

အခွေအတွင်းမှာ ဘယ်လောက်ကျယ်သလဲဆိုလို့ရှိရင် သီဟိုဠ်ကျွန်း သီရိလင်္ကာနိုင်ငံမှ ဒုဋ္ဌဂါမဏိမင်းကြီးဆောက်တဲ့ လောဟပါသာဒကြေးပြာသာဒ်ရဲ့အောက်ထပ် ပမာဏလောက် ကျယ်တယ်၊ မုစလိန္ဒနဂါးမင်းအနေနဲ့ သဒ္ဓါတရားက ဘယ်လောက် ထက်သန်သလဲဆိုတော့ အလွန်ကြီးမားတဲ့ အခွေကြီးကို အခွေရစ်လိုက်ခြင်းအားဖြင့် ဘုရားရှင်အနေနဲ့ သူ့အခွေအတွင်းမှာ ထိုင်ပြီး သီတင်းသုံးမည်ဆိုလဲ သီတင်းသုံးနိုင်တယ်၊ ထိုင်လို့ညောင်းတယ်ဆိုလဲ စင်္ကြံလျှောက်နိုင်တယ်၊ လျှောင်းတော်မူပြီးတော့ ကျိန်းစက်ချင်လဲ ကျိန်းစက်လို့ရအောင် အခွေကြီးကို

အကျယ်ကြီးခွေပေးထားတယ်၊ ဘေးပတ်ပတ်လည်မှာလည်း ဘုရားရှင်ရဲ့ ရောင်ခြည်အလား ဆီမီးတွေနဲ့ ပူဇော်ပေးထားတယ်၊ အင်မတန် မွှေးကြိုင်တဲ့ နံ့သာသေတ္တာတွေကိုလည်း မွှေးကြိုင်စွာပဲ ပူဇော်ထား တယ်၊ ဒါပေမဲ့ ဘုရားရှင်ကတော့ (၇)ရက်ပတ်လုံး စကြံလျှောက်မှု လည်းလျှောင်းမှုတွေ ပြုတော်မမူပါဘူး၊ (၇)ရက်လုံးလုံး တင်ပလ္လင်ခွေ ထိုင်ပြီးပဲ သီတင်းသုံးပါတယ်၊ ဒီလိုနဲ့ပဲ (၇)ရက်ပြည့်သွားတယ်။

(၇)ရက်ပြည့်တဲ့အခါ နဂါးမင်းက ကောင်းကင်ကို ကြည့်လိုက် တော့ ပွင့်လင်းရာသီလိုပဲ မိုးဟာကင်းစင်နေပြီ၊ ကောင်းကင်ဟာ ကြည်လင်ပြီး အပြာရောင်သန်းကာ လှပနေပါပြီ၊ မိုးကင်းစင်သွားတော့ အခွေအနေနဲ့ ခွေပေးစရာမလိုတော့ဘူး။

**အထ ခေါ မုစလိန္ဒော နာဂရာဇာ ဝိဒ္ဓံ ဝိဂတဝလာဟကံ ဒေဝံ ဝိဒိတွာ ဘဂဝတော ကာယာ ဘောဂေ ဝိနိဝေဌေတွာ သကဝဏ္ဏံ ပဋိသံဟရိတွာ မာဏဝကဝဏ္ဏံ အဘိနိမ္မိနိတွာ ဘဂဝတော ပုရတော အဋ္ဌာသိ ပဉ္ဇလိကော ဘဂဝန္တံ နမဿမာနော-**

**အထ ခေါ**-မိုးကင်းစင်သွားသော ထိုအခါ၌၊ **မုစလိန္ဒော နာဂရာဇာ**-မုစလိန္ဒနဂါးမင်းသည်၊ **ဝိဒ္ဓံ**-မိုးကင်းပြီးသော၊ **ဝိဂတ ဝလာဟကံ**-မိုးတိမ်ကင်းပြီးသော၊ **ဒေဝံ**-ကောင်းကင်ကို၊ **ဝိဒိတွာ**- သိ၍၊ **ဘဂဝတော**-မြတ်စွာဘုရှင်၏၊ **ကာယာ**-ခန္ဓာကိုယ်တောယ်မှ၊ **ဘောဂေ** -ခုနှစ်ခွေတို့ကို၊ **ဝိနိဝေဌေတွာ**-ဖြေ၍၊ **သကဝဏ္ဏံ**- မိမိရဲ့နဂါးအသွင်ကို၊ **ပဋိသံဟရိတွာ**-ပယ်ဖျောက်၍၊ **မာဏဝက ဝဏ္ဏံ**-လုလင်အသွင်ကို၊ **အဘိနိမ္မိနိတွာ**-ဖန်ဆင်း၍၊ **ဘဂဝတော**- မြတ်စွာဘုရားရှင်၏၊ **ပုရတော**-ရှေ့မှ၊ **ဘဂဝန္တံ**-မြတ်စွာဘုရားရှင်ကို၊ **ပဉ္ဇလိကော**-လက်အုပ်ချီမိုးလျက်၊ **နမဿမာနော**-ရှိခိုးလျက်၊ **အဋ္ဌာသိ**-ရပ်တည်ပြီ။

## ဘုရားရှင်နှင့် နဂါးလုလင်

ရာသီဥတုက မိုးလေကင်းစင်ပြီး သာသာယာယာ ရှိလာတဲ့ အခါ အခွေနဲ့လဲခွေပေးစရာ မလိုတော့သလို ပါးပျဉ်းနဲ့လဲ မိုးပေးစရာ မလိုတော့ပါ၊ ဒီအချိန်မှာ မုစလိန္ဒနဂါးမင်းဟာ မိမိရဲ့နဂါးအသွင်ကို ပယ်ဖျောက်ပြီးတော့ မြတ်စွာဘုရားရှင်ရဲ့ ရှေ့တော်ဗူးဗူးမှာ အလွန်တရာ လှပတင့်တယ်တဲ့ နဂါးလုလင်အသွင်ဖန်ဆင်းကာ လက်အုပ်ချီမိုး ရှိခိုးနေပါတယ်၊ ပါဠိတော်မှာ ဒီလိုတိုက်ရိုက်လာတယ်၊ ဝိနည်းမဟာဝါ ပါဠိတော်မှာ မုစလိန္ဒကထာ၊ သုတ္တန်ပိဋကတ် ဥဒါန်းပါဠိတော်မှာ မုစလိန္ဒသုတ်ပါရှိတယ်၊

မြန်မာပြည်အရပ်ရပ်မှာ နဂါးရုံဘုရားတွေရှိကြပါတယ်၊ လိုက်ကြည့်တော့ တချို့(၃)ခွေ၊ တချို့ (၅)ခွေ၊ တချို့ (၇)ခွေရှိတယ်၊ အဲဒီထဲက (၇)ခွေ ခွေထားတာဟာပဲ ပါဠိတော်နဲ့ ကိုက်ညီတယ်၊ နောက်ပြီး နဂါး(၃)ကောင်၊ (၇)ကောင်တို့နဲ့လည်း ထုလုပ်ပူဇော်ကြတယ်၊ နဂါး (၁)ကောင်ထဲကပဲ (၇)ခွေ ရစ်ပတ်ပြီး ပါးပျဉ်းနဲ့မိုးပေးထားတာပါ၊ နဂါး (၇)ကောင်က ပါးပျဉ်းနဲ့ မိုးပေးတာမဟုတ်ဘူး၊ (၇)ခွေနဲ့ (၇)ကောင် ရောထွေးသွားခြင်းဖြစ်ပါတယ်။

နောက်ပြီး နဂါးကြီးက (၇)ခွေ ခွေပြီး ပါးပျဉ်းကြီးနဲ့ မိုးထားတဲ့ပုံကိုပဲ ထုလုပ်ကြတယ်၊ နဂါးလုလင်အသွင်နဲ့ လက်အုပ်ချီပြီး ရှိခိုးနေတာကိုတော့ ဘယ်မှာမှ မတွေ့ခဲ့ရပါဘူး၊ ပါဠိတော်နဲ့ ညီနိုင်သမျှ ညီအောင်ဆိုရင်တော့ နဂါးလုလင် လက်အုပ်ချီလျက် ရှိခိုးနေတဲ့ပုံကိုပါ ထုလုပ်ပေးရပါမယ်၊ ဒီအခြင်းအရာကို ဘုရားရှင်က သိတော်မူတဲ့အခါ ဥဒါန်းကျူးရင့်တော်မူပါတယ်။

## ဖလသမာပတ် ဝင်စားခြင်း

မြတ်စွာဘုရားရှင်အနေနဲ့ အဲဒီ (၇) ရက်ပတ်လုံး တင်ပလ္လင်ခွေ ထိုင်နေပေမဲ့ ငိုက်မျဉ်းလည်း မနေပါဘူး၊ အိပ်လည်းမနေ အစား

အသောက်လည်း ဘုဉ်းပေးတော်မမူပါဘူး၊ အကောင်းဆုံးဖြစ်တဲ့ အရဟတ္တဖိုလ်ဖလသမာပတ်ကို ဝင်စားနေတော်မူတယ်၊ အပေါ့ အလေး ကျင်ကြီး ကျင်ငယ်လည်း မစွန့်ဘူး မျက်နှာလည်း မသစ်ဘူး၊ အရဟတ္တဖိုလ် ဖလသမာပတ် ဝင်စားတယ်ဆိုတာက အရဟတ္တဖိုလ် စိတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြုပြီး အရဟတ္တဖိုလ်ဈာနတွေပဲ ဖြစ်နေတာကို ဆိုတာပါ၊ အင်မတန်ချမ်းအေးတယ်၊ ငြိမ်းအေးတယ်၊ အဲဒီတော့ အစား အသောက်လည်း စားချင်စိတ်မရှိဘူး၊ ဆာလောင်မွတ်သိပ်မှု မရှိဘူး။ ခန္ဓာကိုယ်ရဲ့ ဒုက္ခမှန်သမျှ အကုန်လုံး ငြိမ်းနေတယ်။

နေရတာက ဘယ်မှာနေရလဲဆိုတော့ နဂါးရဲ့အခွေအတွင်းမှာ နေရတာ၊ တခြားပုဂ္ဂိုလ်တွေဆိုရင်ဖြင့် မြွေနဂါးတွေရဲ့ အခွေအတွင်းမှာ နေရရင် ကြောက်ကြောက်လန့်လန့် ဆင်းဆင်းရဲရဲနေရမယ်၊ ဘုရားရှင် မှာတော့ ဒီလိုမဟုတ်ဘူး၊ချမ်းချမ်းသာသာ နေရတယ်၊ ဘာဖြစ်လို့ ချမ်းချမ်းသာသာ နေရသလဲဆိုတော့ ဘုရားရှင်ဟာ အရဟတ္တဖိုလ် ဖလသမာပတ်ကို ဝင်စားပြီး နိဗ္ဗာန်ကို အာရုံပြုပြီးတော့နေတာ၊ အဲ့ဒီလို နိဗ္ဗာန်ကို အာရုံပြုပြီးနေတဲ့ ပုဂ္ဂိုလ်တွေအဖို့ ဘယ်နေရာဒေသမှာပဲနေနေ ဘယ်အရပ်ဒေသကိုပဲရောက်ရောက် အမြဲတမ်းပဲ ချမ်းသာနေတယ် ဆိုတာကို မြတ်စွာဘုရားရှင်က ပြလိုတဲ့အတွက် မုစလိန္ဒသုတ္တာဟမှာ ဂါထာနှစ်ပုဒ် ဥဒါန်းကျူးရင့်တော်မူတယ်။

## ဥဒါန်းစကား ကျူးရင့်ခြင်း

ဥဒါန်းကျူးရင့်တော်မူတယ်ဆိုတော့ ဥဒါန်းဆိုတာ ဘယ်လို စကားလဲဆိုတာ သိဖို့လိုလာပြီ၊ ဥဒါန်းဆိုတာ သိပ်ပြီးတော့ ဝမ်းမြောက် စရာကောင်းတဲ့ အကြောင်းအရာတခုကို ကိုယ့်စိတ်ထဲမှာ ရင်ထဲမှာ ထားလို့မရဘူး၊ ပျံ့လာတယ်၊ ဒီတော့ အနီးအနားမှာရှိတဲ့ ကိုယ့်ဆွေမျိုး သားချင်းကိုဖြစ်စေ၊ ကိုယ်သားသမီးကိုဖြစ်စေ၊ ကိုယ်ခင်မင်ရာ ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ရင်ထဲစိတ်ထဲမှာ မထားနိုင်လို့ နှုတ်ကနေ ပြီးတော့

ပွင့်အန်ထွက်ကျလာတဲ့ ပြောဆိုတဲ့စကားကို ဥဒါန်းစကားလို့ ခေါ်တယ်၊ အင်မတန် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ ပြောဆိုတဲ့ စကားကို ဥဒါန်းစကားလို့ခေါ်ရတယ်၊ အဲဒီဥဒါန်းစကား နှစ်ဂါထာကို နာယူကြရအောင်-

**သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတဓမ္မဿ ပဿတော။**
**အဗျာပဇ္ဇံ သုခံ လောကေ၊ ပါဏဘူတေသု သံယမော။**
**သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော။**
**အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ။**

မြတ်စွာဘုရားရှင် ဒီဂါထာနှစ်ပုဒ်ကို ဥဒါန်းကျူးရင့်တော်မူတယ်၊ ဒီဂါထာနှစ်ပုဒ်ဟာ မြတ်စွာဘုရားရှင်အနေနဲ့ အင်မတန်ကို ဝမ်းမြောက် ဝမ်းသာဖြစ်ပြီးတော့ ဥဒါန်းအနေနဲ့ ကျူးရင့်တဲ့ ဂါထာတွေပါပဲ၊ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဥဒါန်းကျူးရင့်တယ်ဆိုတော့ ဒီစကားတော်ဟာ အင်မတန်ကိုပဲ အနှစ်သာရရှိတဲ့စကားတော်ကောင်းမြတ်တဲ့ စကားတော်ဖြစ်လို့သာလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ ဥဒါန်းကျူးရင့်တယ်ဆိုတာ သိရတယ်၊ ဒီဂါထာနှစ်ပုဒ်ရဲ့ဆိုလိုရင်း အနက်အဓိပ္ပါယ်ကိုသိအောင် ကြည့်ညိုကြရအောင်။

ပုံဖော်ပြီးတော့ အာရုံပြုရမှာက ရေကန်ရှိတယ် ရေကန်ဘေးမှာ ကျည်းပင်ရှိတယ်၊ ကျည်းပင်အောက်မှာ မြတ်စွာဘုရားရှင် သီတင်းသုံးနေပြီး မြတ်စွာဘုရားရှင်ရဲ့ရှေ့မှာ မုစလိန္ဒ နဂါးမင်းကြီးကလုလင်အသွင်ဖြင့် မတ်တတ်ရပ်ပြီး နဖူးပေါ်မှာ လက်အုပ်တင်ပြီးတော့ လက်အုပ်ချီမိုးကာ မြတ်စွာဘုရားရှင်ကို ရပ်လျက် ရှိခိုးနေတဲ့ပုံကို အာရုံပြုထားရပါမယ်၊ နဂါးရဲ့အခွေအတွင်းတုန်းက ဥဒါန်းကျူးရင့်တာ မဟုတ်ဘူး၊ နဂါးလုလင်က ရှေ့မှာမတ်တတ်ရပ်ပြီး နဖူးထိပ်မှာ လက်အုပ်တင်ပြီး လက်အုပ်ချီထားတယ်၊ ဒီအချိန်မှာ မြတ်စွာဘုရားရှင်က ဥဒါန်းကျူးရင့်ပါတယ်။

**သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတဓမ္မဿ ပဿတော။**
**အဗျာပဇ္ဇံ သုခံ လောကေ၊ ပါဏဘူတေသု သံယမော။**

## ပထမ နိဗ္ဗာန်ချမ်းသာ

**ဝိဝေကော**-ဥပဓိလေးတန် ဆိတ်ရာမှန်သည့် နိဗ္ဗာန်တရားသည်၊ **သုခေါ**-အလွန်တရာ ချမ်းသာလှစွာ၏၊ နိဗ္ဗာန်တရားဟာ အလွန် ချမ်းသာပါတယ်၊ ဘာကြောင့်လည်းဆိုတော့ နိဗ္ဗာန်ဟာ ရုပ်, နာမ်သင်္ခါရ အားလုံးတို့မှ ငြိမ်းအေးရာ, ဥပဓိတရားတို့ကို ပယ်စွန့်ရာ, တဏှာကုန်ရာ, တပ်မက်ခြင်းကင်းရာ,ဖြစ်လို့ပါပဲ၊ ဖြစ်မှု ပျက်မှုမရှိပဲ အပူခပ်သိမ်း အကုန်ငြိမ်းရာဖြစ်လို့ပါပဲ၊ ဒါကြောင့် နိဗ္ဗာန်ချမ်းသာဟာ အင်မတန်ချမ်းသာ ပါတယ်၊ နောက် ဒုတိယချမ်းသာက-

**တုဋ္ဌဿ**-လေးပါးသောမဂ်ဉာဏ်ဖြင့် ရည်သန်ချက်ပြည့်ဝအားရရောင့်ရဲသော၊ **သုတဓမ္မဿ**-ထင်လင်ပြီးသော တရားရှိသောကြောင့်၊ **ပဿတော**-ဉာဏ်မျက်စိဖြင့် ဥပဓိလေးတန် ဆိတ်ရာမှန်သည့် နိဗ္ဗာန်တရား ထိုမှတပါး သိသင့်သမျှတရားတို့ကို ကြည့်ရှုဆင်ခြင်အကြွင်းမဲ့သိမြင်သောပုဂ္ဂိုလ်၏၊ **အဗျာပဇ္ဇံ**-လူနတ်ဗြဟ္မာ သတ္တဝါတို့၌ အမျက်မပွား မေတ္တာထားခြင်းသည်၊ **လောကေ**-လောက၌၊ **သုခံ**-ချမ်းသာလှပါပေ၏။

## ဒုတိယ မေတ္တာချမ်းသာ

ဒုတိယမြောက်ချမ်းသာက ဘာချမ်းသာလဲဆိုတော့ သတ္တဝါတွေအပေါ်မှာ အမျက်မထားပဲနဲ့ မေတ္တာပွားများခြင်းပါပဲ၊ မေတ္တာပွားများလို့ ရှိရင်လည်း လောကမှာ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုကို ခံစားရပါတယ်၊ ပွားများတဲ့ မိမိကိုယ်တိုင် စိတ်ငြိမ်းအေး ချမ်းသာမှုဖြစ်ရသလို မေတ္တာပို့သခံရတဲ့ ပုဂ္ဂိုလ်တွေလည်း ဘေးကင်းမှု ချမ်းသာမှုဖြစ်ရပါတယ်၊ မြတ်စွာဘုရားရှင် ဥဒါန်းကျူးရင့်တဲ့အထဲမှာ ချမ်းသာနှစ်ခုပါပြီးသွားပြီ၊ နောက် တတိယချမ်းသာကိုဆက်ပြီးတော့ ဘုရားရှင်က ဥဒါန်းကျူးရင့်တယ်။

## တတိယ ကရုဏာ ချမ်းသာ

**ပါဏဘူတေသု**-လူနတ်ပြဟ္မာ သတ္တဝါတို့၌၊ **သံယမော**-မညှင်းပန်း မနှိပ်စက်လို ပြဟ္မစိုရ်ကရုဏာတရား ပွားများခြင်းသည်၊ **သုခေါ**-ချမ်းသာလှပေ၏။

သတ္တဝါတွေကို ကြီးနိုင် ငယ်ညှင်း အနေနဲ့ ညှင်းဆဲ နှိပ်စက်မယ်ဆိုရင် ညှင်းဆဲနှိပ်စက်တဲ့ပုဂ္ဂိုလ်ကိုယ်တိုင် စိတ်ဆင်းရဲ ကိုယ်ပင်ပန်းမှုဖြစ်ရသလို ညှင်းဆဲ နှိပ်စက်ခံပုဂ္ဂိုလ်တွေလဲ ကိုယ်နာကျင်မှု စိတ်ဆင်းရဲမှုတွေ ဖြစ်ရမှာပဲ၊ ကြီးနိုင် ငယ်ညှင်း မညှင်းဆဲ မနှိပ်စက်ပဲ သနားကရုဏာ ပွားများခြင်းကတော့ လောကမှာ ချမ်းသာလှပါပေတယ်၊ အဲဒီတော့ ချမ်းသာခြင်းဟာ (၃)မျိုး ရှိသွားပါပြီ၊ ပထမချမ်းသာက နိဗ္ဗာန်ချမ်းသာ, ဒုတိယချမ်းသာက မေတ္တာချမ်းသာ, တတိယချမ်းသာက ကရုဏာ ချမ်းသာပါပဲ။

နိဗ္ဗာန်ချမ်းသာဟာ ဘယ်လိုချမ်းသာလဲဆိုတာ ကိုယ်ကိုတိုင် မရသေးတော့ မသိနိုင်ဘူး မှန်းဆပြီးတော့မှ သိရတယ်၊ မေတ္တာချမ်းသာဆိုတာကတော့ ကိုယ်ကိုတိုင် ခံစားလို့ရတယ်၊ ကိုယ်ကိုတိုင် မေတ္တာပွားများ ပို့သနေလို့ရှိရင် စိတ်ဟာ ငြိမ်းအေးနေတယ်၊ စိတ်ငြိမ်းအေးသလို ကိုယ်လည်း ငြိမ်းအေးပြီးတော့ ချမ်းသာတယ်၊ မိမိတို့နေရာမိမိတို့အိမ်မှာ ဘုရားရှိခိုးပြီးတဲ့အခါ မေတ္တာပို့သရပါမယ်၊ မင်းကွန်းတိပိဋကရေ ဆရာတော်ကြီးရဲ့ မေတ္တာပို့ လင်္ကာတွေလည်းရှိတယ်၊ တောင်းတန်း သာသနာပြုဆရာတော်ကြီးရဲ့ မေတ္တာပို့တွေလည်းရှိတယ်၊ ဘယ်မေတ္တာပို့နည်း နဲ့ပဲပို့ပို့ ကိုယ်ရတဲ့နည်းနဲ့ မေတ္တာပို့တဲ့အချိန်မှာ ပို့နေတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်သန္တာန်ဟာ ငြိမ်းအေးနေတယ်၊ ချမ်းသာနေတယ်၊ အဲဒီတော့ မေတ္တာချမ်းသာဆိုတာလည်း ထင်ရှားတယ်။

နောက်ကရုဏာချမ်းသာဆိုတာလည်း ထင်ရှားပါတယ်၊ လူတစ်ယောက်ကို ကြီးနိုင်ငယ်ညှင်း အနေနဲ့ မိမိကအသက်ကြီးလို့ဖြစ်စေ၊

စီးပွားဥစ္စာချမ်းသာလို့ဖြစ်စေ၊ ရာထူးဂုဏ်သိမ်ကြီးမားလို့ဖြစ်စေ၊ ငယ်တဲ့လူကို ညှင်းပန်းနှိပ်စက်ရင် ညှင်းပန်းနှိပ်စက်တဲ့အချိန်မှာကိုက စိတ်ဆင်းရဲနေပြီး၊တဖက်သားကို နိုင်ချင်တဲ့စိတ်က များတော့ ကိုယ့်မှာ ဆင်းရဲနေတယ်၊ ကြီးနိုင်ငယ်ညှင်း မလုပ်ပဲနဲ့ သာတူညီမျှ တန်းတူ ရည်တူ ဆက်ဆံလို့ရှိရင် သနားတဲ့ကရုဏာစိတ် ပွားလို့ရှိရင် ကိုယ့် စိတ်ဟာ ချမ်းသာတာပဲ၊ အဲဒီတော့ ကရုဏာချမ်းသာဟာလဲ ထင်ရှားပါ တယ်၊ စတုတ္ထမြောက်ချမ်းသာကို ဘုရားရှင်က ဆက်ပြီးတော့ ဥဒါန်း ကျူးရင့်တယ်-

**သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော။**

**အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ။**

**စတုတ္ထ အနာဂါမိမဂ် ချမ်းသာ**

**လောကေ**-လောက၌၊ **ကာမာနံ**-ဝတ္ထုအာရုံ ကာမဂုဏ် တို့ကို၊ **သမတိက္ကမော**-သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်လွန်မြောက်ရာ ဖြစ်သော၊ **ဝိရာဂတာ**-ရာဂကင်းကြောင်း အနာဂါမိမဂ်သည်၊ **သုခါ**- ချမ်းသာလှပါပေ၏။

အနာဂါမိမဂ်ဆိုတာ ကာမရာဂကို အကြွင်းမဲ့ပယ်သတ်နိုင် တယ်၊ ကာမရာဂဆိုတာက ကာမတဏှာပဲ ဒါကြောင့် သူက ဝတ္ထုအာရုံ ကာမဂုဏ်တွေကို အကုန်လုံးပဲ နှစ်သက်မက်မောတယ်၊ ကြိုက်တယ်၊ စီးပွားဥစ္စာတွေဆိုလည်း ဖြစ်ချင်တာပဲ၊ လောဘအာရုံတွေဟာ အမျိုးမျိုး ပါပဲ၊ ဆယ်သိန်းချမ်းသာနေရင် သိန်းနှစ်ဆယ် ချမ်းသာချင်တယ်၊ သိန်းနှစ်ဆယ် ချမ်းသာနေပြန်တော့လည်း သိန်းလေးဆယ် ချမ်းသာချင် တယ် စသည်ဖြင့် ဝတ္ထုအာရုံ ကာမဂုဏ်တွေအပေါ်မှာ လောဘဟာ အတောမသတ်နိုင်အောင်ကို ဖြစ်ပွားနေတယ်၊ လောဘဖြစ်သလောက် ပူလောင်မှုကလည်း ပြင်းထန်တယ်၊ အဲဒီဝတ္ထုအာ ရုံ ကာမဂုဏ်တွေ အပေါ်မှာ တပ်မက်ပူလောင်တဲ့ တဏှာလောဘကို ပယ်သတ်နိုင်

တာက အနာဂါမိမဂ်ပါပဲ၊ ဒီလို အနာဂါမိမဂ်က လောဘအပူကို ပယ်သတ်နိုင်တဲ့ အတွက် အနာဂါမိမဂ်ဟာ အင်မတန် ချမ်းသာလှပါတယ်၊ အဲဒီတော့ စတုတ္ထမြောက်ချမ်းသာက အနာဂါမိမဂ်ချမ်းသာဆိုပြီး မှတ်ရပါမယ်။

ဒီတော့ ဘုန်းဘုန်းတို့ ချမ်းသာ ဘယ်နှစ်မျိုး ပြီးသွားပြီလဲဆိုလို့ ရှိရင် (၄)မျိုး ပြီးသွားပြီ၊ ပထမချမ်းသာက နိဗ္ဗာန်ချမ်းသာ, ဒုတိယ ချမ်းသာက မေတ္တာချမ်းသာ, တတိယချမ်းသာက ကရုဏာချမ်းသာ, စတုတ္ထချမ်းသာက အနာဂါမိမဂ်ချမ်းသာဖြစ်ပါတယ်၊ နောက်ဆုံးဖြစ်တဲ့ ပဥ္စမမြောက်ချမ်းသာကို ဘုရားရှင်က ဆက်လက်ပြီးတော့ ဥဒါန်းကျူးရင့်ပါတယ်-

## ပဥ္စမ အရဟတ္တဖိုလ် ချမ်းသာ

**အသ္မိမာနဿ**-ငါတလူလူ မာန်မူထောင်လွှားမှုကို၊ **ယော ဝိနယော**-အပြီးအငြိမ်း ပယ်ဖျောက်ရာ အကြင်အရဟတ္တဖိုလ်သည်၊ **အတ္ထိ**-ရှိပေ၏၊ **ဧတံ**-ထိုအရဟတ္တဖိုလ်သည်၊ **ဝေ**-စင်စစ်၊ **ပရမံ သုခံ**-သခ်ိတ တရားအားလုံးတွင် အမြတ်ဆုံးသော ချမ်းသာသုခ ပါပေတည်း၊ **ဣတိ**-ဤသို့၊ **ဘဂဝါ**-မြတ်စွာဘုရားသည်၊ **ဥဒါနေသိ**-ချမ်းသာ(၅)မျိုးကို ဝမ်းမြောက်ရွှင်မြူး ဥဒါန်းကျူးရင့်တော်မူလေသတည်း။

လောကမှာ စီးပွားဥစ္စာ ချမ်းသာလို့ဖြစ်စေ၊ ရုပ်ရည်ချောမောလှပလို့ဖြစ်စေ၊ ရာထူးဂုဏ်သိမ် ကြီးမားလို့ဖြစ်စေ၊ ပညာတတ်လို့ဖြစ်စေ၊ သူတပါးထက် သာတဲ့အကြောင်းအရာ တခုခုကိုစွဲပြီးတော့ ငါမှငါဆိုတဲ့ ထောင်လွှားတဲ့မာန်မူခြင်း မာနဟာဖြစ်ပါတယ်၊ အဲဒီ မာနထောင်လွှားမှုကို အပြီးအပိုင် ပယ်သတ်နိုင်တာကတော့ အရဟတ္တဖိုလ်ပါပဲ၊ အရဟတ္တဖိုလ်ဟာလဲပဲ ငါမှငါလို့ တလူလူထောင်လွှား မာန်မာနတရားကို ပယ်သတ်နိုင်တဲ့အတွက် သခ်ိတ တရားအားလုံးထဲမှာ

အချမ်းသာဆုံးပါပဲ အကျဉ်းချုပ်ပြောလို့ရှိရင်တော့ အရဟတ္တဖိုလ် ချမ်းသာပါပဲ။

## ချမ်းသာ (၅) မျိုး

ပြန်ပြီးတော့ စုစည်းလိုက်လို့ရှိရင် မြတ်စွာဘုရားရှင် ဥဒါန်း ကျူးရင့်တဲ့ ဂါထာနှစ်ပုဒ်ထဲမှာ ချမ်းသာ (၅)မျိုး ပါရှိပါတယ်၊ ပထမ ချမ်းသာက နိဗ္ဗာန်ချမ်းသာ, ဒုတိယချမ်းသာက မေတ္တာချမ်းသာ, တတိယချမ်းသာက ကရုဏာချမ်းသာ၊ စတုတ္ထချမ်းသာက အနာဂါမိ မဂ်ချမ်းသာ၊ ပဉ္စမမြောက်ချမ်းသာက အရဟတ္တဖိုလ်ချမ်းသာ၊ အဲဒီလို ချမ်းသာ (၅)မျိုးပါရှိတဲ့ ဥဒါန်းစကားကို မြတ်စွာဘုရားရှင်အနေနဲ့ စိတ်တော်ထဲမှာ မထားနိုင်ပဲ နှုတ်တော်ကနေ ပွင့်ထွက်ပြီးတော့ ဥဒါန်း ကျူးရင့်တယ်၊ ဒီဥဒါန်းနဲ့ပတ်သက်ပြီးတော့ အခုပြောပြလိုက်တာ မုစလိန္ဒ ကထာနှင့် မုစလိန္ဒသုတ်မှာလာတဲ့အတိုင်း ပြောပြလိုက်တာပါ၊ အဲဒီ မုစလိန္ဒသုတ္တန်နဲ့ မုစလိန္ဒကထာကိုပဲ ကြည့်ပြီးတော့ ရှေးဆရာတွေက နဂါးရုံဘုရားကို ထုကြတာပါပဲ၊ ဒီလောက်ဆိုလို့ရှိရင် နဂါးရုံဘုရားဟာ စာလာပေလာ အကြောင်းအရာဆိုတာ သိလောက်ပါပြီ။

## နဂါးရုံ ဘုရားရှိခိုး လင်္ကာ

နဂါးရုံဘုရားနဲ့ပတ်သက်ပြီးတော့ လယ်တီဆရာတော် ဘုရားကြီးကလဲ သတ္တဌာနဘုရားရှိခိုးမှာ ယခုလို ရှိခိုးပြထားတယ်၊

**ခြောက်ကြိမ်မြောက်ထ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွတ်ရုံ၊ ပန်းမျိုးစုံသည်၊ မုစလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊ သနင်းလူ့ဆွေ၊ စမွယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ချီးအံ့တန်ခိုး၊ ဆောင်းကာမိုးသည်၊ ရှေးကျိုးသမ္ဘာတော်ကြောင့်ကိုး။**

ဒါဟာ လယ်တီဆရာတော်ကြီး မုစလိန္ဒသတ္တာဟအတွက် ရှိခိုးဖို့ ရေးစီထားတဲ့ သတ္တဋ္ဌာနဘုရားရှိခိုးထဲက ဆဋ္ဌမြောက်အပိုဒ်ပါပဲ၊ ဒီအပိုဒ်ကို ရလို့ရှိရင်လည်း မုစလိန္ဒသတ္တာဟရဲ့မြင်ကွင်းဟာ အကုန်လုံးပဲ ပါဝင်သွားတယ်၊ ဒီတော့ လွယ်လွယ်ပဲ ဒီလင်္ကာလေးနဲ့ ရှိခိုးလိုက်လို့ရှိရင် ပြီးသွားတာပါပဲ။

## နဂါးရုံ ဘုရားကိုးကွယ် ပူဇော်ရကျိုးများ

ယခုပြောပြလိုက်တဲ့ မုစလိန္ဒသတ္တာဟရဲ့ အကြောင်းအရာတွေကို သိသွားကြပြီ၊ ဒီမုစလိန္ဒနဂါးမင်းကြီးက ဘုရားရှင်ကို မိုးဒဏ် လေဒဏ်တွေကနေ ကာကွယ်ပေးတယ်၊ မှက် ခြင်စတဲ့ မကောင်းသော သတ္တဝါတွေရဲ့ အတွေ့အထိ ဘေးအန္တရာယ်မှလည်း ကာကွယ်ပေး တယ်၊ အဲဒီလို ကာကွယ်ပေးလိုက်တဲ့အတွက် မိုးတွေလေတွေ (၇)ရက်တိုင်တိုင် အကြီးအကျယ် ရွာသွန်းဖြိုးနေပေမဲ့ ဘုရားရှင်အနေနဲ့ ချမ်းချမ်းသာသာ တရားမှတ်တာ ဖလသမာပတ်ဝင်စားတာဟာ ပြတ်မသွားပါဘူး၊ သမာဓိ ရှိရှိနဲ့ တရားမှတ်လို့ ဖလသမာပတ်ဝင်စားလို့ အေးအေးချမ်းချမ်း ထိုင်သီတင်းသုံးနေတာကို ဖူးတွေ့ရပါတယ်၊ အဲဒါ တွေကြည့်ပြီးတော့ နဂါးရုံဘုရား ထုလုပ်လှူဒါန်းတဲ့ ကုသိုလ်ရှင်တွေ နဂါးရုံဘုရားကို ရှိခိုးတဲ့ ပုဂ္ဂိုလ်တွေဟာ အထက်ကအကျိုးတွေ ရရှိနိုင်ပါတယ်ဆိုပြီး စာရေး ဆရာကြီး-ဦးစပ်ထွန်းမှတ်ဝင်းက သူရေးတဲ့ အာသနဝါဟန ပလ္လင်တော်ကျမ်းမှာ အကျိုးတရားတွေကို ရေးပြထား ပါတယ်၊ နဂါးရုံဘုရားကို မိမိတို့ထုလုပ်ပြီး ပူဇော်တဲ့အခါ ဒီအကျိုးတွေကို ရရှိလိမ့်မယ်၊ နဂါးရုံဘုရားကို ရှိခိုးတဲ့အခါ မိမိတို့အနေနဲ့ ဒီအကျိုးတွေ ရရှိလိမ့်မည်လို့ ရရှိနိုင်တဲ့ အကျိုးတွေကို မှတ်ထားရပါမယ်။

မုစလိန္ဒာသန နဂါးရုံဘုရားပုံတော်ကို စီရင်ထုလုပ် ကိုးကွယ် ကြသူများသည်၊ **မိုးဘေး, လေမုန်တိုင်း ဘေးများမှလွတ်ကင်း ချမ်းသာခြင်း, အဆိပ်ရှိသတ္တဝါ မြွေ,ကင်းဘေးများမှ ကင်းငြိမ်း**

**ချမ်းသာခြင်း, နဂါးမင်းများ၏ အစောင့် အရှောက်ကို ခံယူရ တတ်ခြင်း, သမထစခန်း ပေါက်မြောက်ခြင်း, သမာဓိအင်အား ကောင်းခြင်း, ကိုယ်စိတ်နှစ်ဖြာ ကြည်လင်ချမ်းမြခြင်း, ရန်သူ များ၏ အကြံအစည်ဆိုးများ မိမိအား မထိရောက် မစူးရှ နိုင်ခြင်း, စနေဂြိုဟ်ဆိုး ဖန်းစားခြင်း အန္တရာယ်မှ ကင်းငြိမ်း လွတ်မြောက်နိုင်ခြင်း, ဘုန်းတန်ခိုးအာနုဘော်ကြီးမားခြင်း- စသော အကျိုးကျေးဇူးများရှိသည်**-ဟု ယုံကြည် ကိုးကွယ်ခဲ့ကြလေသည်။ *(အာသနဝါဟန ပလ္လင်တော်ကျမ်း)*

ဒါဟာ ဆရာကြီးရေးတဲ့ **"အာသန ပလ္လင်တော်နှင့် ဝါဟနစီးတော်ယာဉ်များ"** ဆိုတဲ့ စာအုပ်ထဲမှာ ပါလာတဲ့အကျိုး တရားတွေပါပဲ၊ လောကီဗေဒင်ကိစ္စဆိုတာ တခါတလေကြတော့လည်း မှန်သင့်သလောက်မှန်တာဆိုတော့ မယုံလို့တော့မရဘူး၊ ယုံသင့် သလောက်ယုံရတယ်၊ ဂြိုဟ်တွေထဲမှာ ဘယ်ဂြိုဟ်ဟာ အဆိုးဆုံးလဲ ဆိုတော့ စနေဂြိုဟ်ဟာ အဆိုးဆုံးပါပဲ၊ မကောင်းတဲ့ ဆိုးကျိုးကို အပေးနိုင်ဆုံးပါပဲ၊ စနေဂြိုဟ်ထဲ ရောက်ပြီလို့ဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ ကျန်းမာရေးလည်း ညှဲ့တော့တာပဲ၊ စီးပွားရေးလည်း ယိုယွင်းတာပဲ၊ ဆွေမျိုးသားချင်းလည်း ပျက်စီးတာပါပဲ၊ အကယ်၍များ စနေဂြိုဟ်ထဲမှာ ရောက်နေပြီဆိုရင်တော့ နဂါးရုံဘုရားကို အမှတ်ရပြီး ကိုးကွယ်ပါ၊ ကိုးကွယ်လို့ရှိရင် အထက်ပါဆိုးကျိုးတွေ မခံစားရတော့ဘူး၊ ဒီလောက် ဆိုရင် နဂါးရုံဘုရားနဲ့ပတ်သက်တဲ့ မုစလိန္ဒသတ္တာဟအကြောင်း ပြောပြတာ ထိုက်သလောက် စုံလင်သွားပါပြီ။

မုစလိန္ဒသတ္တာဟမှာ မုစလိန္ဒနဂါးမင်းက တန်ခိုးကြီးတဲ့အတွက် တန်ခိုးဖြင့် ရတနာမဏ္ဍပ်ကို ဖန်ဆင်းပြီး ဘုရားရှင်ကို မဏ္ဍပ်အတွင်းမှာ ထားကာ ပူဇော်ရင်လည်း ရပါတယ်၊ ဒါပေမဲ့ အကျိုးကြီးမားစွာတော့ မရနိုင်ပါဘူး၊ ယခုတော့ တန်ခိုးကိုမသုံးပဲ မိမိရဲ့ ခန္ဓာကိုယ်နဲ့ ရင်းနှီးပြီး

အခွေကြီး(၇)ခွေနှင့် ရစ်ပတ်ကာ ပါးပျဉ်းကြီးဖြင့် ဆောင်းမိုးပေးလျက် လျှုဒါန်းပူဇော်ခြင်းဟာ ဒါနကုသိုလ်တရားကို ဖက်တယ်လို့ ခေါ်ရ ပါတယ်၊ ဒီလိုခန္ဓာကိုယ်နဲ့ ပင်ပမ်းခံကာ ရင်နှီးလျက် ဒါနကုသိုလ် တရားကို ဖက်လိုက်တဲ့အတွက် မုစလိန္ဒနဂါးမင်းအဖို့ အကျိုးကြီးများစွာ ရရှိသွားပါတယ်၊ ချမ်းသာ(၅)မျိုးတရားကို နာကြားလိုက်ရခြင်း ဖြစ်ပါတယ်၊ ဒါကိုမှတ်တမ်းတင်သည့် အနေဖြင့် လင်္ကာလေးကို လိုက်ဆိုကြပါမယ်။

**ဒါနတရား၊ လှုဒါန်းထား၊ ရပြား ချမ်းသာပင်။**

## ဆံပင်ဖြတ်၍ ထွမ်းတစ်သော မဇ္ဈိမကေသာ

ဘုန်းဘုန်းတို့ မြတ်စွာဘုရားရှင် လက်ထက်တော်တုန်းက ဘုရားရှင်ရဲ့ တပည့်သားသာဝက သံဃာထဲမှာ ရုပ်အချောဆုံး ရဟန္တာ တစ်ပါး ရှိတယ်။ အဲဒီရဟန္တာရဲ့ ဘွဲ့နာမည်က **“ရုပ်ချော ရှင်မဟာ ကစ္စည်း”** ဆိုတဲ့စကားအတိုင်း ရုပ်ချောတဲ့ နေရာမှာ အသာဆုံးက ရှင်မဟာကစ္စည်းပါပဲ။ အဲဒီ ရှင်မဟာကစ္စည်း ရဟန္တာမထေရ်က ဥဇ္ဇေနီ ပြည်သားပါ၊ စန္ဒပဇ္ဇောတမင်းရဲ့ စေလွှတ်ချက်အရ အမတ် ခုနှစ် ယောက်နှင့်အတူ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ရောက်ပြီး မြတ်စွာဘုရားရှင်ထံမှာ တရားနာရတဲ့အခါ အမတ်(၈)ဦးစလုံး ရဟန္တာ ဖြစ်သွားတယ်။ မြတ်စွာဘုရားရှင်က “ဧထ ဘိက္ခဝေါ” ခေါ်လိုက်တာနဲ့ ရဟန်းဖြစ်သွားကြတယ်၊ ရှင်မဟာကစ္စည်း အမှူးရှိတဲ့ ရဟန္တာ(၈)ပါးက မြတ်စွာဘုရားရှင်ကို ဥဇ္ဇေနီပြည်ကို ပင့်တဲ့အခါ မြတ်စွာဘုရားရှင်က ချစ်သား ကစ္စည်း၊ သင်တို့ပဲ အရင်ကြွနှင့်ပါ။ အဲဒီလို စေခိုင်းလိုက်တဲ့ အတွက် ရှင်မဟာကစ္စည်း အမှူးရှိတဲ့ ရဟန္တာ (၈)ပါး ဥဇ္ဇေနီပြည်ကို ကြွလာကြတယ်။ ဥဇ္ဇေနီပြည်ကိုကြွတော့ လမ်းမှာ တေလပနာဠိလို့

အမည်ရတဲ့ နိဂုံးရွာကြီးရောက်တဲ့အခါ ဆွမ်းခံချိန် ဖြစ်နေတယ်။ တေလပနာဠိနိဂုံးရွာ ကြီးမှာ ဆွမ်းခံချိန်ရောက်လာပြီဆိုတော့ ဆွမ်းခံကြွ ကြပြီပေါ့လေ၊ အဲဒီ တေလပနာဠိဆိုတဲ့ နိဂုံးရွာမှာ အမျိုးသမီး ချောချော လှလှ နှစ်ဦးရှိတယ်။ တစ်ဦးက ဆံပင်တွေ အလွန်ကောင်းတယ်။ ဆံထုံးကို ဖြည်ချလိုက်ပြီဆိုရင် ဆံပင်တွေက ခြေဖျားထိ ရောက်သွား တယ်။ ဆံပင်ရှည်ပြီးတော့ အလွန်လှပတဲ့အတွက် ပါဠိလို **"မဒီဃကေသာ"** လို့ခေါ်တယ်။ မြန်မာလိုဆိုရင်တော့ ဆံပင်တွေ ရှည်ပြီး တော့ ရုပ်ရည်ချောမောလှပတဲ့ မိန်းကလေးလို့ အမည်ရတယ်။ အမျိုး သမီးတွေ အချောအလှ သတ်မှတ်တဲ့ ကောင်းခြင်းအင်္ဂါ(၅)ချက်ထဲ မှာလဲ ဆံပင်ရဲ့ ကောင်းခြင်း ဆိုတဲ့ သတ်မှတ် ချက်ပါတယ်။ အဲဒီတော့ ကျန်တဲ့လေးမျိုးကလည်း ပြည့်စုံ၊ အထူးသဖြင့် ဆံပင်တွေကလဲသန်၊ ရှည်လဲရှည် လှတဲ့အတွက် "မဒီဃကေသာ" လို့ အမည်ရသွားတယ်။ ဒါပေမယ့် အဲဒီ "မဒီဃကေသာ"ရဲ့မိဘတွေ ကွယ်လွန်သွားပြီ၊ ကွယ်လွန်သွားတော့ ကျန်တဲ့ဟာနှင့်ပဲ သုံးစွဲနေရတဲ့အတွက် ဆင်းရဲ သွားတယ်။ အရပ်စကား နှင့်ပြောရင်တော့ အထည်ကြီးပျက် သူဌေး သမီးပါပဲ။ အဲ့ဒီတော့ အိမ်ဖော် အထိန်းတော်နှင့်ပဲ နေရတယ်။

နောက်သူဌေးသမီးတစ်ဦးက ချမ်းလဲချမ်းသာတယ်။ ရုပ်လည်း ချောပါတယ်။ ဒါပေမယ့် ခေါင်းက ဆံပင် မပေါက်ဘူး။ ဆံပင်မပေါက် ဘူးဆိုတော့ ပါဠိလို "နိက္ကေသီ"လို့ ခေါ်တယ်။ အမျိုးသမီးဆိုတော့ မ,ထည့်လိုက်တော့ **"မနိက္ကေသီ"**ပေါ့၊ ဆံပင်မပေါက်ဘူးဆိုတော့ ကတုံးမလေးပေါ့လေ။ ချမ်းသာတာက တော့ အရမ်းချမ်းသာတယ်။ ရုပ်လှပေမဲ့ ဆံပင်မပါဘူးဆိုတော့ ကောင်းခြင်းငါးဖြာ မပြည့်စုံဘူး ပေါ့လေ။ ကောင်းခြင်း ငါးဖြာ မပြည့်စုံတော့ ကြည့်ရတာ ဟာတာတာ ကြီး ဖြစ်နေတယ်။ တချို့ ရုပ်ရှင် အနုပညာရှင် မင်းသမီးတွေ

သီလရှင်ဝတ်ပြီး ထွက်လာတဲ့အခါ ကတုံးမလေးနှင့်ဆိုတော့ ကြည့်လို့ အဆင်မပြေဘူး၊ အဲ့ဒီအတိုင်းပါပဲ၊ အဲဒီရွာမှာ သူဌေးသမီး နှစ်ဦး၊ တစ်ဦးက မ,ဒီဃကေသာ၊ တစ်ဦးက "မ,နိက္ကေသီ"ပါပဲ။ ဒီလို သူဌေး သမီး နှစ်ဦးရှိတယ်။ အဲဒီတော့ "မနိက္ကေသီ"က မိန်းကလေးသဘာဝ ရှက်တယ်ပေါ့လေ။ ကတုံးမလေး ဆိုတော့ မဒီဃကေသာထံသွားပြီး နင့်ဆံပင်တွေ အရှည်ကြီးပဲ၊ အများကြီးပဲ၊ ငါ့ကို ဖြတ်ပြီးရောင်းပါ။ ငါ့မှာ ဆံပင်မပေါက်လို့ ဆံပင် မရှိဘူး။ နင့်ဆံပင်ဖြတ်ပြီး ရောင်းလို့ရှိရင် ကြိုက်စျေးတောင်းပါ။ ငါ ကြိုက်စျေးပေးပါ့မယ်။ နင့်ဆံပင်တွေ ပြန်ရှည်လာမှာပါ။ အဲလိုသွား ပြီးဝယ်တော့ "မ,ဒီဃကေသာ"က မိန်းကလေး မာနပေါ့လေ၊ သူဟာ ငါ့ထက်ချမ်းသာတယ်၊ ငါကတော့ အထည်ကြီးပျက် ဆင်းရဲတယ်။ ဒါပေမယ့် ငါက ကောင်းခြင်း ငါးဖြာနှင့် ပြည့်စုံတဲ့ အလှပိုင်ရှင်ပဲ။ မရောင်းနိုင်ဘူးဆိုပြီး ငြင်းပစ်လိုက်တယ်။ ကြိုက်စျေး တောင်းသမျှစျေး ပေးမယ်ဆိုတာတောင် မရောင်းဘူး။ ဒါပေမယ့် သဘာဝကျပါတယ်။ ကိုယ်စီကိုယ်စီ အလှရှိနေတော့ ကိုယ့် အလှနှင့် ကိုယ်ပဲ။ မာန်တက်နေကြတယ်။ မရောင်းဘူး။ အဲဒီတော့ မ,နိက္ကေသီ အနေနှင့် ချမ်းသာပေမယ့် ကတုံးမလေးပဲ ဖြစ်နေတယ်။

အဲ့ဒီရွာကို ရှင်မဟာကစ္စည်း အမှူးရှိတဲ့ ရဟန္တာသံဃာ ရှစ်ပါး ဆွမ်းခံကြွလာတယ်။ ဘုရား သာသနာက အဲဒီရွာကို မရောက်သေး ဘူး။ ဥဇ္ဇေနီပြည်ကိုလဲ ဘုရားသာသနာ မရောက်သေးဘူးဆိုတော့ လူတွေ ဆွမ်းမလောင်းကြဘူး၊ ဟင်းလည်း မလောင်းကြဘူး၊ တခြား အစားအစာလည်း မလောင်းကြဘူး။ သူဌေးသမီး မ,နိက္ကေသီတို့ အိမ်ကလဲ မလောင်းဘူး။ ဒါနှင့်ပဲ ရှင်မဟာကစ္စည်း အမှူးရှိတဲ့ ရဟန္တာ ရှစ်ပါး မဒီဃကေသာရဲ့ အိမ်ရှေ့ ရောက်လာတယ်။ မ,ဒီဃကေသာက အိမ်ဖော် အထိန်းတော်ကို လွှတ်ပြီးတော့ သံဃာတော်ရှစ်ပါး ဆွမ်းရရဲ့

လား သွားလျှောက်ချည်ပါလို့ ခိုင်းလိုက်တယ်။ အိမ်ဖော်အထိန်းတော်က လျှောက်လိုက်တော့ ဘာမှမရသေးတော့လဲ အမှန်အတိုင်း ပြောလိုက်တယ်။ ဘာမှမရသေးပါဘူး၊ အဲဒီလို ပြောလိုက်တော့ အထိန်းတော်အိမ်ဖော်က လာပြီးတော့ ပြောတယ်။ အချိန်ကလဲ ဆွမ်းစားချိန်၊ ဆွမ်းဘုန်းပေးချိန် ရောက်နေပြီ၊ ဒီသံဃာရှစ်ပါးကလည်း ဆွမ်း၊ ဆွမ်းဟင်း၊ ဘာမှမရလို့ မဘုဉ်းပေးရသေးဘူး၊ အဲဒီတော့ မဒီယကေသာက အိမ်ဖော် အထိန်းတော်ကြီးကို ပြောလိုက်တယ်။ သံဃာရှစ်ပါးကို ဒီနိဂုံးရွာကြီးက ဘယ်သူမှလဲ ဆွမ်းမလောင်းဘူး၊ ဆွမ်းချိန်လဲ ရောက်နေပြီ၊ သံဃာ ရှစ်ပါး ဆွမ်းဘုန်းပေးရမှာ မဟုတ်ဘူး၊ ကျွန်မတို့ကလည်း အထည်ကြီးပျက်ဆိုတော့ အိမ်မှာ အဆင်သင့် မရှိဘူး။ ငွေကြေးလည်း မရှိဘူး၊ အဲဒီတော့ ကျွန်မရဲ့ ဆံပင်ကို ဖြတ်ပြီးတော့ မနိက္ကေသီထံ သွားရောင်းပါ။ ရသလောက်နှင့် ရတဲ့ငွေလေးနှင့် ဝယ်ပြီး ချက်ပြုတ်ပြီးတော့ ဆွမ်းကပ်ကြတာပေါ့။ သံဃာရှစ်ပါးကို အိမ်ထဲပင့်လိုက်ပါလို့ ခိုင်းလိုက်တယ်။ အဲဒီတော့ ရှင်မဟာကစ္စည်း အမှူးရှိတဲ့ ရဟန္တာ သံဃာရှစ်ပါးကို အိမ်ထဲပင့်လိုက်တယ်။

အိမ်ထဲပင့်ပြီးတော့ မဒီယကေသာက အိပ်ခန်းအတွင်းခန်းထဲ ဝင်ပြီးတော့ အိမ်ဖော် အထိန်းတော်ကို မိမိဆံပင်အား ကတ်ကြေးနှင့် ဖြတ်ကိုက်ခိုင်းလိုက်တယ်၊ အိမ်ဖော်အထိန်းတော်က မဖြတ်ရက်ဘူး၊ မကိုက်ရက်ဘူး။ ငိုယိုပြီးတော့ တောင်းပန်တယ်။ ဆံပင်ဖြတ်လိုက်ရင် အလှလျော့သွားမယ်။ မဖြတ်ပါနှင့်။ မိန်းကလေးအလှဟာ ဆံပင် အလှလည်း ပါပါတယ်။ ဒါပေမယ့် အထည်ကြီးပျက် သူဌေးသမီး မဒီယကေသာက ဖြတ်သာဖြတ်ပါ။ ကျွန်မဆံပင်ပဲ။ ဒါနှင့် အထိန်းတော် အိမ်ဖော်က ဆံပင်ကို ကတ်ကြေးနှင့် ဖြတ်လိုက်ရတယ်။ ခပ်များများကို ဖြတ်ပစ်လိုက်ရတယ်။ ဟိုမှာ သွားရောင်းတဲ့အခါ နည်းနည်း မစို့မပို့

ရောင်းရင် ရတဲ့ငွေက နည်းရင် ဆွမ်းကပ်လို့မရဘူး။ အဲဒီတော့ ခပ်များများကိုပဲ ဖြတ်လိုက် ရတယ်ဆိုပါစို့။ အခုခေတ်စကားနဲ့ဆိုရင် ဆံပင်ဟာ ဂုတ်ဝဲလောက်ပဲ ကျန်တော့တယ်။ အဲဒီတော့ ဆံပင် တထွေးကြီး ဖြတ်ပြီးတော့ ရှင်မဟာကစ္စည်းတို့ မမြင်အောင် ထုပ်ပိုး ဖုံးလွှမ်းပြီးတော့ သွားရောင်းရတယ်။ ရောင်းတော့ မနက္ခေသီက ဘာပြောလိုက်လဲဆိုတော့- နင်တို့သခင်မက တစ်ရာ တစ်ထောင်နဲ့ ကြိုက်စျေးပေးဝယ်တုန်းက မရောင်းဘူး။ ငါ မဝယ်မှ ခုမှလာပြီးတော့ ရောင်းတယ်။ ကုန်ပစ္စည်းဆိုတာ ဝယ်သူ စိတ်ကြိုက်အချိန်မှ တောင်းတဲ့ စျေးရတယ်။ ဝယ်တဲ့ သူက မဝယ်ဘူးဆိုရင် စျေးမရဘူး။ အဲဒီတော့ ငါ့အနေနှင့် (၈)ကျပ်ပဲ ပေးမယ်။ ယူချင်လဲ ယူသွား။ မယူချင်လဲ ပြန်သွားလို့ တင်းတင်းမာမာပဲ ပြောပြီး စျေးနှိမ်လိုက်တယ်။ အဲဒီတော့ ဆွမ်းကပ်ဖို့ရာ ငွေကလည်း လိုနေမှန်းသိတော့ စျေးကလည်း မတန် တရာကို နှိမ်လိုက်တယ်။

အခုခေတ် ဆံပင်စျေးက အလွန်ကောင်းတယ်။ မြန်မာပြည် မှာတောင် တချို့နေရာမှာ အမျိုးသမီး ဆံပင်ဝယ်သည်လို့ ဆိုင်းဘုတ် တွေထောင်ပြီး ဝယ်နေကြတယ်။ တချို့ မြန်မာပြည်မှာ သိပ်မရလို့ အိန္ဒိယမှာတောင် သွားပြီးတော့ ဆံပင်ဝယ်နေကြတယ်။ ဝယ်ပြီးတော့ တရုတ်ပြည်ကို ပို့ကြတယ်။ အရမ်းစျေးကောင်းတာပဲ။ အခုတော့ ရှစ်ကျပ်ပဲ ရလိုက်တယ်။ ရှစ်ကျပ်ဆိုတာ ရှေးတုန်းက ရှစ်ကျပ်ဆိုတော့ ထိုက်သလောက်တော့ တန်ဖိုးရှိပါတယ်။ ဒါနှင့်ပဲ အဲဒီရှစ်ကျပ်နှင့် စျေးကနေပြီး ချက်စရာ ပြုတ်စရာ ကြော်စရာ လှော်စရာတွေ ဝယ်ပြီး တော့ နှစ်ယောက်သား မီးဖိုချောင်မှာ ချက်ကြပြုတ်ကြ ကြော်ကြ လှော်ကြတယ်။ ချက်ပြုတ်ကြော်လှော်ပြီး ဆွမ်းပွဲပြင်ပြီးတော့ အိမ်ရှေ့ မှာရှိတဲ့ ရှင်မဟာကစ္စည်း အမှူးရှိတဲ့ သံဃာရှစ်ပါးထံ ပို့လိုက်တယ်။

သူဌေးသမီး မဒီယကေသာကတော့ ရှက်လို့မလိုက်ဘူး။ အိမ်ဖော်ကပဲ ပြင်ပြီးတော့ ကပ်ရတယ်။ ရှင်မဟာကစ္စည်းဆိုတာက ရဟန်းဘဝ မရောက်ခင် စန္ဒပဇ္ဇောတမင်းရဲ့အမတ် ပုရောဟိတ်ပညာရှင်ပဲ။ နက္ခတ် ဗေဒင် အလွန်ကျွမ်းကျင်တယ်။ အခု ရဟန္တာဖြစ်ပြီဆိုတော့ ဈာန် အဘိညာဉ် သမာပတ်တွေ ရထားတာဆိုတော့ ဘာဖြစ်လို့ အိမ်ရှင် သူဌေးသမီး မပါလဲဆိုတာကို တန်ခိုးနှင့် ကြည့်လိုက်တော့ ချက်ချင်း သိသွားတယ်။ သိသွားတော့ အိမ်ဖော်ကို ပြောလိုက်တယ်။ အိမ်ရှင် ဆွမ်းအမကိုယ်တိုင် လာကပ်ပါလို့ပြောလိုက်တော့ အိမ်ဖော်က အိပ်ခန်း ထဲ ဝင်ပြီးတော့ အရှင်မ သံဃာတွေက အိမ်ရှင် ဆွမ်းရှင် ကိုယ်တိုင် ဆွမ်းကပ်ပါလို့ မှာနေတယ်လို့ ပြောလိုက်တယ်၊ ဒီအခါမှာ မိန်းကလေး သဘာဝ ရှက်ပေမယ့် သံဃာတော်တွေကို လေးစားတဲ့အနေနဲ့ တဘက်လေး ပုခုံးပေါ်တင်ပြီး မျက်လွှာချပြီးတော့ လာရတာပေါ့လေ။

အိန္ဒိယမလေ့ကတော့ မိန်းကလေးတွေဟာ သွားလေရာမှာ ဆာရီ တဘက်လို့ခေါ်တဲ့ တဘက်ရှည်ပါတယ်။ အလွန် ကြန့်ရြေရတာ ပါဘဲ။ အလွန်ကျက်သရေ ရှိတာပါပဲ။ သီရိလင်္ကာနိုင်ငံ မှာလည်း ဒီလိုပါဘဲ၊ မိန်းကလေးတွေ အလှူအတန်း ပွဲလမ်းသဘင်သွားရင် ဆာရီတဘက်ပါတယ်။ ဘုရားတွေ ရှိခိုးတဲ့အခါ သံဃာတွေ ရှိခိုးတဲ့အခါ ဆရာမိဘတွေကို ရှိခိုးတဲ့အခါ တဘက်လေးနှင့် ထိုင်ပြီးတော့ ရှိခိုးတော့ အလွန် ကြန့်ရြေရတာပေါ့လေ။ အခုလည်းပဲ တဘက်လေးနှင့် လာပြီး တော့ ရှင်မဟာကစ္စည်းရှေ့ ရောက်တဲ့အခါ ရှိခိုးပြီးတာနဲ့ တပြိုင်နက် ဂုတ်ဝဲ ဆံကေသာလေးဟာ မူလပင်ကိုယ် သဘာဝအတိုင်းပဲ ပြန်ပြီး တော့ အလိုအလျောက် ရှည်သွားတယ်။ ဆက်ရာ ထုံးရာ လုံးဝမပါဘူး။ ဒါကို ဘုန်းဘုန်းတို့ အဌကထာက မှတ်ချက်ပြုတယ်။

**သုခေတ္တေ ပတိဋ္ဌိတ ပိဏ္ဍပါတော ဒိဋ္ဌေဝ ဓမ္မေ ဝိပါကံ ဒေတိ၊** *(အံဋ္ဌ၊ ၁၊ ၁၆၃)*

**သုခေတ္တေ-** ရဟန္တာရှင်မြတ် ရှစ်ပါးဟု ဆိုအပ်သော ကောင်းသောခေတ်၌။ **ပတိဋ္ဌိတ ပိဏ္ဍပါတော-** ကိုယ်ခန္ဓာ အစိတ်အပိုင်းဖြစ်တဲ့ ဆံပင်ကိုဖြတ်ပြီး အရှုံးခံ အလှပျက်ခံကာ ရောင်းချ၍ ရသော ဆွမ်းကို လှူဒါန်းလိုက်ရခြင်းသည်။ **ဒိဋ္ဌေဝဓမ္မေ-** ထိုနေ့ ရှိခိုးလိုက်သော ခဏာ၌ပင်လျှင်။ **ဝိပါကံ-** မူလပင်ကိုယ်အတိုင်း ဆံပင်ရှည်လျက် ပြန်ဖြစ်သွားခြင်း ကောင်းသော အကျိုးကို။ **ဒေတိ-** ပေးလေပြီ။ အဲဒီတော့ မဒီယကေသာလည်း အလွန် အံအားသင့်သွားတယ်။ ရှိခိုးပြီး ခေါင်းဖော်လိုက်တဲ့အခါ ဆံပင်တွေက ပင်ကိုယ်အတိုင်းပဲ ဖြစ်သွားတယ်။ ထုံးထားတဲ့ နေရာ၊ ဆက်ထားတဲ့ နေရာ၊ အထစ်တွေ မပါဘူး၊ အဲဒီတော့ သူ အလွန် ဝမ်းသာအားရ ဖြစ်သွားတယ်။ သြော် ငါခန္ဓာကိုယ် အစိတ်အပိုင်း အလှပျက်ခံပြီး ဆံပင်ဖြတ်တောက်ပြီးတော့ လှူဒါန်းလိုက်ရတဲ့ အလှူဟာ ရှင်မဟာကစ္စည်း ရဟန္တာမထေရ်ကို ရှိခိုးလိုက်ရုံမျှနှင့် မူလပင်ကိုယ်အတိုင်းပဲ ဆံပင်တွေဟာ ပြန်ဖြစ်သွားတယ်။ ချက်ချင်း လက်ငင်း အကျိုးပေးသွားတယ်။ ဝမ်းသာအားရ ဖြစ်သွားတယ်။ ဒါနဲ့ပဲ ပြင်ထားတဲ့ ဆွမ်းပွဲထဲက ဆွမ်းတွေ ဟင်းတွေကို သံဃာရှစ်ပါးထံ သပိတ်ထဲ လောင်းထည့်လိုက်ကြတယ်။ ရှေးခေတ်တုန်းကတော့ သပိတ်နှင့်ပဲ ဘုဉ်းပေးကြတယ်။ အခုခေတ်လို ပန်းကန်တွေ၊ ဇွန်းတွေနှင့် မဘုဉ်းပေးပါဘူး။ သပိတ်ထဲလည်း လောင်းလှူပြီးရော **ဣန္ဒြိတ် ပတ္တိတံ တုယံ့ ဟောတု၊** သင်ဆွမ်းအမ လှူဒါန်းရတဲ့ကုသိုလ်ကြောင့် ဆုတောင်းတဲ့အတိုင်း ပြည့်ပါစေလို့ ဆုပေးပြီး သူ့ရှေ့မှာပဲ သပိတ်ပိုက်ပြီးတော့ ရဟန္တာ သံဃာရှစ်ပါးဟာ ကောင်းကင်သို့ ပျံတက်သွားကြတယ်။

လာတုန်းကတော့ မြေပြင်မှာ ခြေလျှင်လာတာပါဘဲ။ အခုတော့ သပိတ်ထဲကို ဆွမ်း ဆွမ်းဟင်းလဲထည့်ပြီး ဆုလည်းပေးပြီးရော ကောင်းကင် ပျံတက်သွားကြတယ်။ အဲ့ဒီတော့ မဒီယကေသာအနေနှင့် အလွန်ဝမ်းသာသွားတယ်။ ဪ ငါဆွမ်းလှူလိုက်ရတယ်။ ငါ့ခန္ဓာကိုယ် အစိတ်အပိုင်း အလှပျက်ခံပြီး ဆံပင်ဖြတ်ပြီးလှူတဲ့ ဒါနကုသိုလ်ဟာ ချက်ချင်း အကျိုးပေးတယ်။ အလှူခံပုဂ္ဂိုလ်တွေကလည်း သာမညပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ကောင်းကင်ကို ပျံတက်နိုင်တဲ့ ရဟန္တာရှင်မြတ်တွေပဲဆိုပြီးတော့ အပရာစေတနာ ကုသိုလ်တွေ တဖွားဖွား ဖြစ်ပွားနေတယ်။ ဒါနှင့်ပဲ ဥဇ္ဇေနီပြည်မှာရှိတဲ့ ကဥ္စနအမည်ရတဲ့ ဥယျာဉ်အတွင်း သံဃာရှစ်ပါး သက်ဆင်းပြီးတော့ နေ့ဆွမ်းဘုဉ်းပေးကြတယ်။ ဥယျာဉ်စောင့်က တွေ့ပြီး စန္ဒပဇ္ဇောတမင်းထံ သံတော်ဦးတင်လိုက်တော့ ချက်ချင်းပဲ စန္ဒပဇ္ဇောတမင်းဟာ မှူးမတ်တွေ၊ မိသားစု ဆွေမျိုးသားချင်းတွေ တိုင်းသူပြည်သားတွေနဲ့ လာရောက်ဖူးမျှော်ကြတယ်။ အရှင်ဘုရား မြတ်စွာဘုရားရှင်ကို မပင့်ခဲ့ဘူးလားလို့ မေးတဲ့အခါ ပင့်ပါတယ်၊ ငါ့ကိုပဲ အရင်သွားနှင့်ပါ။ နောက်မှ ကြွလာပါမယ်လို့ အမိန့်ရှိလိုက်ပါတယ်။ အရှင်ဘုရားတို့ ဘယ်မှာ ဆွမ်းဘုဉ်းကြလဲ ဆွမ်းဘယ်ကရသလဲလို့ မေးမြန်းတော့ တေလပနာဠိ နိဂုံးရွာကြီးက သူဌေးသမီး နှစ်ဦးအကြောင်း ဆံပင်ဖြတ်၊ ဆံပင်ရောင်းပြီးတော့ ရတဲ့ ရှစ်ကျပ်နှင့် သံဃာရှစ်ပါးကို မဒီယကေသာက ဆွမ်းကပ်လိုက်တဲ့ အကြောင်းကို မိန့်ကြားလိုက်တယ်။

မမြင်ရပေမဲ့ ကြားရုံနှင့်ပဲ မဒီယကေသာရဲ့ သဒ္ဓါတရားကို စန္ဒပဇ္ဇောတမင်းကြီးဟာ နှစ်သက်သွားတယ်။ ဒါနဲ့ပဲ ချက်ချင်း မှူးမတ်တွေကို စေလွှတ်ပြီးတော့ မဒီယကေသာကို ခေါ်စေကာ အဂ္ဂမဟေသီ

မိဖုရားခေါင် ရာထူးနှင့် ချီးမြှောက်လိုက်တယ်။ အဲလို ချီးမြှောက်ပြီး မကြာခင်ပဲ သားလေးမွေးဖွားတယ်။ သားလေးကိုတော့ အဖိုးရဲ့နာမည် ယူပြီး ဂေါပါလလို့ မှည့်လိုက်တယ်။ မဒီယကေသာက မိဖုရားခေါင် ဖြစ်တဲ့အခါမှာ သားဖြစ်တဲ့ ဂေါပါလရဲ့ အမေဖြစ်တဲ့အတွက် ဂေါပါလ မာတာလို့ အမည်တွင်သွားတယ်။ ဒါနှင့်ပဲ ကဥ္စနဥယျာဉ်ထဲမှာပဲ ရှင်မဟာကစ္စည်းကို ကျောင်းကြီးဆောက်ပြီးတော့ ကိုးကွယ်လိုက်တယ်။ အဲဒီတော့ ဒီရှင်မဟာကစ္စည်း ဝတ္ထုမှာ မဒီယကေသာ နောက်ပိုင်း မိဖုရားခေါင်ဖြစ်မှ တွင်တဲ့ ဂေါပါလမာတာရဲ့ ဒါန ကုသိုလ်ဟာ သူလိုငါလို ဝတ်ကျေ တမ်းကျေ လှူဒါန်းတဲ့ ဒါနကုသိုလ် မဟုတ်ဘူး၊ ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်တဲ့ ဆံပင်တွေ ဆုံးရှုံးခံပြီး စွန့်လွှတ်ပြီးတော့ လှူဒါန်းလိုက်တဲ့ ဒါနကုသိုလ်ပါ၊ ထိုဒါနကုသိုလ် တရားကို ဖက်လိုက်တဲ့အတွက် မဒီယကေသာဟာ ချက်ချင်းလက်ငင်း ဆံပင်တွေ မူလအတိုင်း ပြန်ဖြစ်ရုံတင်မက၊ အထည်ကြီးပျက် ဘဝ ကနေပြီးတော့ ဥဇ္ဇေနီပြည်ကို အုပ်ချုပ် စိုးအုပ်တဲ့ စန္ဒပဇ္ဇောတမင်းရဲ့ မိဖုရားခေါင်ဟူသော ချမ်းသာရာထူးကို ရသွားတယ်။ ဒါတင်မက သားလေး မွေးပြီးတော့ ကျောင်းကြီးလည်း ဆောက်ပြီး လှူဒါန်းလိုက်တဲ့ ကျောင်းအမလည်း ဖြစ်သွားတယ်။

ဒီလိုဒါနကုသိုလ်တရားက ချက်ခြင်း အကျိုးပေးလိုက် တာမျိုးကို စာပေက "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ ဓမ္မော သုစိဏ္ဏော သုခမာဝဟတိ"ဟူ၍ လာရှိတယ်၊ အဓိပ္ပါယ်ကတော့ ဒါနကုသိုလ် တရားကို ထက်ထက်သန်သန် လှူဒါန်းသူ အလှူရှင်ကို မိမိလှူထားတဲ့ ဒါနကုသိုလ်တရားကပဲ ပြန်ပြီး စောင့်ရှောက်တယ်လို့ ဆိုလိုပါတယ်၊ အဲဒီလို ဒါနကုသိုလ်တရားကို စွန့်စွန့် စားစား လှူဒါန်းလိုက်လို့ ချက်ချင်း လက်ငင်း ချမ်းသာကောင်းကျိုး ရရှိသွားတယ်။ ဒါကို မှတ်မိအောင် လင်္ကာလေးနှင့် လိုက်ဆိုကြရပါမယ်၊

## "ဒါနတရား လှူဒါန်းထား ရပြားချမ်းသာပင်"

အဲဒီတော့ မိမိတို့လည်း လှူဒါန်းတဲ့အခါ ပုံမှန်လှူဒါန်း တာလည်း လှူဒါန်းပေါ့လေ။ အရေးရယ် အကြောင်းရယ် ကိစ္စပေါ်လာ ပြီဆိုရင် မဒီဃကေသာတို့လို စွန့်စွန့်စားစား ရဲရဲဝံ့ဝံ့ လှူဒါန်းနိုင်အောင်၊ စွန့်လွှတ်နိုင်အောင် သဒ္ဓါစိတ်ထားကို မွေးထားပေါ့လေ။ လေ့ကျင့် ထားပေါ့၊ အဲဒီလိုဆိုရင် ဒါနကုသိုလ်တရားဖက်ရင် ချမ်းသာကို ရနိုင် ပါတယ်။ ကိုယ်က ချမ်းသာတော့ ရချင် လိုချင်တယ်၊ ဒါပေမဲ့ ဒါန ကုသိုလ်တရားကိုတော့ စွန့်စွန့်စားစား မလှူဒါန်းနိုင်ဘူးဆိုရင် စွန့်စွန့် စားစား ဒါနကုသိုလ်တရားကို မဖက်တဲ့အတွက် ချမ်းသာက ချက်ချင်း လက်ငင်း မရနိုင်ဘူး၊ ဒါပေမယ့် အခု ချမ်းသာကို ရနိုင်တဲ့ နည်းလမ်း သိသွားပြီဆိုတော့ တဖြည်းတဖြည်း လေ့ကျင့် ယူမယ်ဆိုရင်တော့ ဒါန ကုသိုလ်တရားကို စွန့်စွန့်စားစား ဖက်နိုင်မှာပါပဲ၊ စွန့်စွန့်စားစား ဖက်နိုင်မယ်ဆိုရင်တော့ ချမ်းသာကို အလိုအလျောက် ရသွားမှာပဲ၊

## ကောသမ္ဗီပြည်မှ သူဌေးကြီး (၃)ဦး

နောက် ပုညကြိယာဝတ္ထု ကုသိုလ်တရား သုံးပါးထဲက ဒုတိယ မြောက် ကုသိုလ်တရားက သီလကုသိုလ်တရားပါ၊ သီလလည်းပဲ (၅)ပါးသီလ, (၈)ပါးသီလ, ဥပုသ်သီလ, ကိုးပါးသီလ ဆောက်တည် တယ်။ ထိန်းသိမ်းတယ်။ ဥပုသ်နေ့တိုင်းမှာ ရှစ်ပါးသီလ ကိုးပါးသီလ ထိန်းမယ်ဆိုရင်လည်းပဲ သီလကုသိုလ်ပါပဲ၊ သီလ ပုညကြိယာဝတ္ထုကို စောင့်ထိန်းပြီးသား ဖြစ်သွားတာပါပဲ။ အခု ဒီမှာ တရားဖက်မှ ချမ်းသာရကတော့ အဲဒီလို ပုံမှန်ရိုးရိုး ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ ဆောက်တည် ထိန်းသိမ်းတာကို ဆိုလိုတာ မဟုတ်ပါဘူး။ ခန္ဓာကိုယ် အစိတ်အပိုင်းတွေ စွန့်လွှတ်ပြီးတော့ အသက်တွေ စွန့်လွှတ်ပြီးတော့ ရဲရဲဝံ့ဝံ့ သီလဆောက်တည် ထိန်းသိမ်းတာကိုပဲ

သီလကုသိုလ်တရားဖက်မှ ချမ်းသာရတယ်လို့ ဆိုလိုတာပါပဲ၊ ဘုန်းဘုန်းတို့ ဘုရားရှင်လက်ထက်က ကောသမ္ဗီပြည်မှာ သူဌေးကြီး သုံးဦးရှိတယ်။ (၁)နံပါတ်က ဃောသကသူဌေး၊ (၂)နံပါတ်က ကုက္ကုဋ သူဌေး၊ (၃)နံပါတ်က ပါဝါရိကသူဌေးတို့ဆိုတာ အလွန်ကို ချမ်းသာတဲ့ သူဌေးကြီး(၃)ဦးပါပဲ။ အဲ့ဒီ သူဌေးကြီး(၃)ဦး ကိုးကွယ်တဲ့ ရသေ့တွေက (၅၀၀)တောင်ရှိတယ်။ ဟိမဝန္တာတောကြီး တောင်ကြီးထဲ မှာပဲ နေတယ်။ တစ်နှစ်တစ်ကြိမ် အချဉ်နှင့်အငန် ဘုဉ်းပေးသုံးဆောင်ဖို့ ဟိမဝန္တာတောကြီး တောင်ကြီးထဲကနေပြီးတော့ ကောသမ္ဗီပြည်က သူတို့ရဲ့ သူဌေးဒကာသုံးဦးထံ လာလေ့ရှိကြတယ်။ ရောက်တဲ့အခါ သူဌေးသုံးဦးက သူတို့ခြံထဲမှာ သစ်ရွက်မိုး၊ ကုဋီကျောင်းလေးတွေ ဆောက်ပြီးတော့ ရသေ့ (၅၀၀)ကို ကိုးကွယ်ကြ ဆည်းကပ်ကြတယ်။ လှူဒါန်းကြတယ်ပေါ့လေ။

တစ်နှစ်မှာတော့ ရသေ့(၅၀၀)ဟာ ဟိမဝန္တာ တောကြီး တောင်ကြီးထဲကနေပြီးတော့ ကောသမ္ဗီပြည်ကိုလာပြီ၊ လာတဲ့အခါ သဲကန္တာရကို ဖြတ်ပြီးတော့ လာရတယ်။ သဲကန္တာရ ဆိုတော့ အပေါ်က လည်းနေပူ၊ အောက်ကလည်း သဲတွေပူ၊ သစ်ပင်က လည်း မရှိဆိုတော့ ရသေ့တွေ အလွန် ပင်ပန်းနွမ်းနယ် ဆင်းရဲတာပါပဲ။ ဒီလိုလာရင်းနဲ့ သဲကန္တာရထဲမှာ အလွန်ကြီးမားတဲ့ ပင်ညောင်ပင်ကြီး တစ်ပင်ကို တွေ့တယ်။ ပင်ညောင်ပင်ကြီးဟာ အလွန်ကိုပဲ ကြီးတဲ့အတွက် အရိပ် အာဝါသလည်း အလွန်ကောင်းတယ်။ အဲတော့ ရသေ့(၅၀၀)ဟာ ဝမ်းသာအားရ ညောင်ပင်ကြီးအောက် ညောင်ပင်ကြီးအရိပ်မှာ နားကြ ခိုကြတယ်။ ရေကလည်း ဆာပြီပေါ့လေ။ ရေငတ်တာပေါ့။ ပါတဲ့ရေ ကလည်း ကုန်ပြီ။ အဲဒီတော့ ရသေ့(၅၀၀)က စိတ်ထဲမှာ ကြံစည်ကြ တယ်။ ဒီညောင်ပင်ကြီးဟာ သဲကန္တာရထဲမှာ အလွန်ကြီးတဲ့ ညောင်ပင်

ကြီးပဲ အရိပ်အာဝါသလည်း အလွန် ကောင်းတယ်။ သစ်ပင်ကြီးတော့ ရုက္ခစိုးနတ်မင်းကြီးလည်း တန်ခိုးကြီးမှာပဲ။ အဲဒီတော့ ညောင်ပင်စောင့်တဲ့ ရုက္ခစိုးနတ်မင်းကြီးက ငါတို့အတွက် သောက်ရေသုံးရေတွေများ လှူဒါန်းမယ်၊ ဖျော်ရည်တွေများ ကပ်မယ်ဆိုရင် အလွန်ကောင်းမှာပဲ။ အဲဒီလို စိတ်ထဲမှာ တ, လိုက်ကြတယ်။ အဲဒီတော့ ညောင်ပင်စောင့်နတ်ကြီးကလည်း သူ့အရိပ်လာခိုတဲ့ ရသေ့တွေကို တွေ့တော့ ဝမ်းသာအားရဖြစ်တယ်။ ဪ ရသေ့တွေ (၅၀၀)ကြီးတောင် ကြွလာတယ်။ ရသေ့(၅၀၀) ထိုင်လို့ရတဲ့ ညောင်ပင်ကြီးဆိုတော့ အလွန်ကြီးတဲ့ ညောင်ပင်ကြီးပေါ့ လေ။ နောက် ဒီရသေ့တွေကလည်း သီလ၊ သမာဓိ၊ ပညာ အကျင့်စရဏ အားကောင်းတယ်။ ထီးထမ်းလမ်းလျှောက်လျှောက်သွားနေတဲ့ ရသေ့တွေမဟုတ်ဘူး။ ဒေါက်ချာဆောင်းပြီး ဈေးတွေမှာ အလှူခံနေတဲ့ ရသေ့ပျက်တွေ မဟုတ်ဘူး။ အဲဒီတော့ ဒီရသေ့(၅၀၀)ဟာ ကိုယ်ကျင့် သီလလည်း အလွန်ကောင်းတယ်။ ကြည်ညိုဖွယ်လည်း ဆောင်တယ်။

## သီလစင်ကြယ်က တ–တိုင်း ရပုံ

အဲတော့ ရသေ့တွေမှာလည်း ပင်ပန်းနွမ်းနယ်နေပြီ။ သူတို့တ, တဲ့ အတိုင်း ငါတော့ လှူဒါန်းမှပဲ ဆိုပြီးတော့ ညောင်ပင်စောင့် ရုက္ခစိုးနတ်ကြီးက ဘွားကနဲပေါ်လာတယ်။ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့်ပေါ့။ ဘွားကနဲ ပေါ်လာပြီးတော့ လက်ကို ဆန့်တန်းလိုက်တယ်။ ဆန့်တန်းလိုက်တဲ့ လက်ကနေပြီးတော့ ကြည်စိမ်းအေးမြနေတဲ့ ရေတွေ စီးကျလာတယ်။ အဲတော့ ရသေ့(၅၀၀)လည်း ဝမ်းသာ အားရပေါ့လေ။ ခြေထောက်တွေ ဆေးကြ၊ လက်တွေဆေးကြ၊ မျက်နှာတွေသစ်ကြ၊ ရေချိုးကြ၊ ရေတွေ သောက်ကြပေါ့လေ။ အဲဒီတော့ လန်းသွား

ပြီပေါ့။ လန်းဆန်းသွားတဲ့ အခါကျမှ ညောင်ပင်စောင့် နတ်ကြီးက ဖျော်ရည်တွေကိုလည်း လက်ညှိုးကနေဘဲ ထွက်အောင် လုပ်ပေးလိုက်တယ်။ အဲတော့ ဖျော်ရည်တွေလည်း သောက်ကြပေါ့လေ။ အားရပါးရ သောက်ကြတယ်။ ဒီလို စိတ်တောင့်တတိုင်း ရတာဟာ **"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ"**ဆိုတဲ့ ဒေသနာအရ ရသေ့တွေရဲ့သီလဟာ စင်ကြယ်နေသောကြောင့်ပါပဲ၊ အဲဒီတော့ စိတ်လည်း ကြည်လင်သွားပြီ၊ သမာဓိလည်း ရှိသွားပြီ။ အဲဒီအခါကျတော့ ရသေ့(၅၀၀)က တအံ့တသြနဲ့ မေးတယ်။ အသင် ရုက္ခစိုးနတ်မင်းကြီးဟာ ကိုယ်ရောင်ကိုယ်ဝါ ကလည်း အလွန်တောက်ပတယ်။ လက်ကလည်း ဆန့်တန်းသမျှ အကျွန်ုပ်တို့ တ,သမျှ အကုန်လုံးပဲ သင်က ပေးစွမ်းနိုင်တယ်။ အလွန် တန်ခိုးကြီးပါပေတယ်။ ဘာကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့လို့ အခုလို တ,သမျှ အကုန်လုံး ပေးစွမ်းနိုင်ရသလဲ။

## သူဌေးအိမ်က ဥပုသ်စောင့်သော လယ်သမား

အဲဒီလို မေးလိုက်တော့ ညောင်ပင်စောင့်နတ် ရုက္ခစိုး နတ်ကြီးက ပြောတယ်။ အရှင်ဘုရား သာဝတ္ထိပြည်မှာ မြတ်စွာဘုရားရှင် ပွင့်တော်မူပြီ။ ထိုမြတ်စွာဘုရားရှင်ကို ဇေတဝန်ကျောင်းကြီး ဆောက်ပြီးတော့ အနာထပိဏ်သူဌေးက ပြုစုလုပ်ကျွေးပါတယ်။ အဲ့ဒီ အနာထပိဏ်သူဌေးကြီးအိမ်မှာ တပည့်တော်က လယ်လုပ်တဲ့ လယ်သမားပါ။ တစ်ရက်မှာ တပည့်တော် နံနက် စောစော လယ်ထဲသွား၊ လယ်ထွန်၊ (၁၂)နာရီ ထိုးခါနီးရောက်တော့ နွားတွေဖြုတ်ပြီးတော့ အနာထပိဏ်သူဌေးကြီးအိမ် ထမင်းစားတဲ့ အဆောင်ကို ပြန်လာတဲ့ အခါ တစ်ဆောင်လုံးပဲ တိတ်ဆိတ်နေပါတယ်။ ဒါနဲ့ ရှိတဲ့လူတွေကို

မေးပါတယ်၊ ဒီနေ့ အလုပ် မဆင်းကြဘူးလား၊ တိတ်ဆိတ်နေတယ်။ ဘယ်သွားနေကြသလဲ။ အဲလိုမေးတော့ ထမင်း စားဆောင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေက ပြောပြတယ်။ ဒီနေ့ဟာ ဥပုသ်နေ့ လေ။ ဥပုသ်နေ့ဆိုရင် တို့သူဌေးက အလုပ်သမား လယ်သမားတွေကို အလုပ်မလုပ်စေဘူး။ ဥပုသ်ပဲစောင့်ခိုင်းတယ်။ ဒါပေမယ့် အလုပ်မလုပ် ရပေမယ့် နေ့စာ ရိက္ခာတော့ တို့သူဌေးက ပေးတယ်။ ဒီကျင့်ဝတ်ကို သင်မသိဘူးလားလို့ ပြန်ဖြေကြတယ်။ သူက အခုမှ အလုပ်ဝင်တာဆိုတော့ မသိဘူး။ ငါကတော့ မကြာခင်ကမှ အလုပ်ဝင်တာဆိုတော့ ဒီကျင့်ဝတ်ကို မသိဘူး။ (၁၂)နာရီလည်း ကျော်နေပြီ။ နေ့လည်ခင်း (၁၂)နာရီ ကျော်ပြီဆိုတော့ ဥပုသ်ဟာ တစ်နေ့လုံး စောင့်ချိန် မရှိတော့ဘူး။ နေ့ဝက်ပဲ စောင့်ချိန် ရှိတော့တယ်။ အဲဒီတော့ နေ့ဝက် အချိန်လေးမှာ ဥပုသ်စောင့်သုံးဖို့ ရနိုင်သလား။ အဲ့ဒီလို မေးလိုက်တော့ ထမင်းစားဆောင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေက ငါတို့တော့ ဒါတွေ မသိဘူး။ တို့ရဲ့ အလုပ်ရှင် သူဌေးကြီးကိုပဲ မေးရမှာပါပဲ-ဟု ဖြေကြတယ်။

အနာထပိဏ် သူဌေးကြီးဆိုတာက ကျောင်းဒကာလေ။ နေ့တိုင်း ဘုရားရှင်ထံသွားပြီးတော့ တရားနာနေတော့ တရားဗဟုသုတတွေ ပြည့်စုံနေတယ်။ အဲဒီတော့ အနာထပိဏ် သူဌေးကြီးက ပြောလိုက်တယ်။ ဥပုသ်ဆိုတာ တစ်နေ့လုံးစောင့်ရင် တစ်နေ့လုံး ရတယ်။ နေ့ဝက်စောင့်ရင်လည်း နေ့ဝက်စောင့်ခ ရတယ်။ စောင့်ကောင်းပါတယ်။ စောင့်နိုင်ပါတယ်။ အဲ့လို ပြောလိုက်တော့ ထမင်းဆောင်က အလုပ်သမားတွေက လယ်သမားကို ပြန်ပြောတယ်။ ဥပုသ်ဆိုတာ တစ်နေ့လုံး စောင့်ရင်လည်း ရတယ်။ နေ့ဝက်စောင့်ရင်လည်း ရတယ်။ အဲ့လိုပြောလိုက်တော့ အဲဒီ လယ်သမားက ကျန်နေတဲ့အချိန်

နေ့ဝက်ကို ဥပုသ်စောင့်မယ်ဆိုပြီးတော့ ရှစ်ပါးသီလဥပုသ် ဆောက်တည်လိုက်တယ်။ ဥပုသ်ဆောက်တည်လိုက်တော့ **ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ-** သိက္ခာပုဒ်အရ နေ့လွဲညစာ စားလို့မရတော့ဘူး။ အဲဒီတော့ သူဟာ တစ်မနက်လုံးပဲ နွားနှင့် လယ်ထဲမှာ ထွန်ထားရတယ်။ နေပူကြီးထဲမှာ ထွန်ထားရတယ်။ ပင်ပန်း နွမ်းနယ်နေပြီ။ ဥပုသ်ကလည်း နေ့ဝက်စောင့်လိုက်တယ်။ (၁၂)နာရီ ကျော် နေပြီဆိုတော့ အစာလည်း မစားဘူး။ အစာအငတ်ခံပြီး ဥပုသ်စောင့်လိုက်ရတော့ ခန္ဓာကိုယ်မှာရှိတဲ့ ပါစကဝမ်းမီးတွေဇောက တစ်အားတောက်တဲ့အခါ ညမှာပဲ ပါစကဝမ်းမီး လောင်ပြီးတော့ ကွယ်လွန်အနိစ္စ ရောက်သွားရှာတယ်။ အဲဒီတော့ သူဥပုသ်စောင့်တာ ဟာ အသက်ကို စွန့်ပြီးတော့ ဥပုသ်စောင့်လိုက်တာ။ ဝတ်ကျေ တမ်းကျေ အစားအသောက် ကောင်းတာတွေ စားပြီးတော့စောင့်တဲ့ ဥပုသ်သီလ မဟုတ်ဘူး။

အခုခေတ်မှာတော့ ဥပုသ်သီလ စောင့်တယ်လည်း ပြော တယ်။ အမွှေးနံ့သာတွေကလည်း လိမ်းထားလိုက်တယ်။ ကိုရီးယား ကားတွေကိုလည်း ကြည့်လိုက်ကြတာ။ ဒါတင်မက အိပ်တော့လည်း ကုတင်ပေါ်မှာ အိပ်ကြတယ်။ အဲဒီတော့ ဥပုသ်သီလစောင့်ထား ပေမယ့် ရှစ်ပါးလုံး မရှိတော့ဘူး။ ကိုရီးယားကားတွေကြည့်ရင်း ဟိုဟာဒီဟာတွေကိုလည်း ယောင်ရမ်းပြီးတော့ စားလိုက်သေးတယ်။ အဲဒီတော့ ဥပုသ်စောင့်တယ်ဆိုတဲ့ နာမည်ပဲ ရှိတော့တယ်။ ဥပုသ် မစောင့်ခင်တော့ နံ့သာတွေ လိမ်းကောင်းပါတယ်။ ဥပုသ်စောင့်ပြီးပြီ ဆိုရင်တော့ နံ့သာတွေ၊ ရေမွှေးတွေ၊ မိတ်ကပ်တွေ မလိမ်းကောင်း တော့ဘူး၊ **ဥစ္စာသယန မဟာသယန ဝေရမဏီ သိက္ခာပဒံ**

**သမာဒိယာမိ**-သိက္ခာပုဒ်အရ ကုတင်ပေါ်မှာလည်း မအိပ်ကောင်းတော့ဘူး။ ရုပ်ရှင် ဗီဒီယိုကားတွေကိုလည်းပဲ နစ္စ၊ ဂီတ၊ ဝါဒိတ သိက္ခာပုဒ်အရ မကြည့်ကောင်းတော့ဘူး။ အဲတော့ ဥပုသ်စောင့်ထားပြီဆိုရင်တော့ ကြမ်းပြင်မှာအိပ်ပြီး တရားနာချင် လည်း တရားနာပါ၊ ဒါမှမဟုတ် ကိုယ်ကြိုက်တဲ့ ဘုရားစာဆို၊ ပုတီးစိပ်၊ ဒီလိုမှပဲ ကုသိုလ်က အပြည့် ဖြစ်မှာပါပဲ။ အဲ့လိုမဟုတ်ဘဲနဲ့ ကျန်တဲ့ သူတွေလိုပဲ ရောရောနှောနှော နေမယ်ဆိုရင်တော့ ဥပုသ်စောင့်တယ်ဆိုတာ နာမည်ခံလောက်ပါဘဲ။

အခု ဒီလယ်သမား စောင့်တာက အဲဒီလို မဟုတ်ဘူး၊ ကြော်ကျန်တဲ့ အလုပ်သမားတွေကတော့ အပြည့် စောင့်နိုင်တယ်။ ငါ့မှာတော့ နေ့ဝက်ပဲ စောင့်နိုင်တယ်။ ရတဲ့ နေ့ဝက် လေးကို ငါရသလောက် ယူမယ်ဆိုပြီးတော့ ထမင်းအစာ အငတ်ခံပြီး အသက်စွန့်ပြီးတော့ ဥပုသ်စောင့်တယ်။ အဲဒီတော့ ပါစကဝမ်းမီး တေဇောက လောင်ပြီးတော့ ညမှာပဲ ကွယ်လွန်အနိစ္စ ရောက်သွားတယ်။ ကွယ်လွန် အနိစ္စရောက်တော့ ဥပုသ်သီလကို အသက်စွန့်ပြီး စောင့်တဲ့ သီလကုသိုလ်တရား ဖက်လိုက်တဲ့အတွက် အခုလို တန်ခိုးကြီးတဲ့ ရုက္ခစိုး နတ်မင်းကြီးချမ်းသာကို ရသွားတာပါပဲ။ ဒါကို ရုက္ခစိုး နတ်မင်းကြီးက ရသေ့(၅၀၀)ကို လျှောက်တင်တယ်။

**သွာဟံ ဥပမုဒိဝသံ ဥပမုပေါသထံ သမာဒိယိတွာ တဒဟောဝ ကာလံ ကတွာ ဣမံ သမ္ပတ္တိံ ပဋိလဘိံ။** *(သီ၅၊၂၈၄)*

**သွာဟံ သောအဟံ**၊ ထိုလယ်သမားဖြစ်တဲ့ အကျွန်ုပ်သည်။ **ဥပမုဒိဝသံ**၊ နေ့ဝက်ပတ်လုံး။ **ဥပမုပေါသထံ**၊ နေ့ဝက်ဥပုသ်ကို။ **သမာဒိယိတွာ**၊ ဆောက်တည်၍။ **တဒဟောဝ ကာလံ ကတွာ**၊

ထိုဥပုသ်စောင့်တဲ့နေ့ ညပိုင်း၌ပင်လျှင် ကွယ်လွန်အနိစ္စရောက်၍။ **ဣမံ သမ္မတ္တိ၊** ဤနတ်စည်းစိမ် ချမ်းသာကို။ **ပဋိလဘိ၊** ရရှိခဲ့ပါပြီ ဘုရား။ အဲလို လျှောက်လိုက်တော့ ရသေ့(၅၀၀)က အလွန်ဝမ်းသာတယ်။ ဪ သူ နေ့ဝက် ဥပုသ်စောင့်တာတောင် နတ်စည်းစိမ် နတ်ချမ်းသာတွေရတယ်။ ဒို့ နေ့ရော ညရော ဥပုသ်ဆောက်တည်တယ်။ လောကမှာ ဘုရားလည်းပွင့်ပြီ။ အဲတော့ ဒို့ သူဌေးသုံးဦးထံ သွားပြောပြီး ဘုရားရှင်ထံသွားမယ်ဆိုပြီး ရုက္ခစိုး နတ်မင်းကြီးကို နှုတ်ဆက်ပြီးတော့ ကောသမ္ဗီပြည်ကို အရောက်သွားတယ်၊ ရောက်တော့ သူဌေးသုံးဦးက လာရောက်တွေ့ဆုံတယ်၊ တွေ့တော့ ပြောလိုက်တယ်။ ဒို့ ဘုရားရှင်ထံ ဆက်သွားမယ်။ လောက မှာ ဘုရားပွင့်ပြီ၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးတယ်။ အဲ့ဒီလို ပြောလိုက်တော့ သူဌေးသုံးဦးက အရှင်ဘုရားတို့ နေပါဦး၊ တစ်လ နှစ်လလောက်တော့ နေပါဦး။ တပည့်တော်တို့ပါ လိုက်ပါ့မယ်။ လမ်းမှာလည်း ဆွမ်းကပ်ပါ့မယ်။ အဲလို လျှောက်တော့ ရသေ့ငါးရာက သင်တို့နဲ့အတူ သွားနေရင်တော့ တစ်လ နှစ်လတောင် စောင့်ရမယ်၊ ဒို့ မစောင့်နိုင်ဘူး၊ ဒို့ အမြန်ပဲသွားတော့မယ်။ သင်တို့ နောက်မှ လိုက်ခဲ့ကြတော့လို့ပြောပြီး ရသေ့(၅၀၀)ဟာ ဘုရားထံရောက်ပြီး တရားနာတဲ့အခါ တစ်ခါတည်း ရဟန္တာဖြစ်သွားကြတယ်။

အဲဒီ သတင်းကြားတော့ သူဌေးသုံးဦး အမြန်လိုက်ကြတယ်။ တစ်ဦး တစ်ဦး လှည်းငါးရာနှင့်၊ လှူစရာ တန်းစရာတွေနှင့် လိုက်ကြတယ်။ လိုက်ပြီး ဘုရားရှင်ထံမှာ တရားနာ၊ သရဏဂုံဆောက်တည်၊ ဥပါသကာ ဒါယကာအဖြစ် ခံယူပြီးတော့ မြတ်စွာဘုရားရှင်ကို ကောသမ္ဗီပြည်ကို ပင့်ကြတယ်။ ပင့်ပြီး ဃောသကသူဌေးက ဃောသိတာရုံ ကျောင်းကြီး ဆောက်ပြီး လှူဒါန်းလိုက်တယ်။ ကုက္ကုဋ

သူဌေးကလည်း ကုက္ကုဋရာရုံ ကျောင်းကြီးဆောက်ပြီး လှူဒါန်းလိုက်တယ်။ ပါဝါရိကသူဌေးကလည်း ပါဝါရိကာရုံကျောင်းကြီးဆောက်ပြီး လှူဒါန်းလိုက်တယ်။ အဲဒီတော့ ဒီညောင်ပင်စောင့် ရုက္ခစိုးနတ်ကြီးရဲ့ သီလကုသိုလ်တရား ဖက်လိုက်တဲ့အတွက် နတ်စည်းစိမ်၊ နတ်ချမ်းသာတွေ ရရုံနှင့်မက ရသေ့ငါးရာကော ရဟန္တာတွေ ဖြစ်သွားတယ်။ သူဌေး သုံးဦးရော ကျောင်းဒကာတွေ ဖြစ်သွားတယ်။ အဲဒီတော့ ဇေတဝန်ကျောင်းဒကာ အနာထပိဏ် သူဌေးအိမ်က လယ်သမားဟာ ဥပုသ်သီလ ကုသိုလ်တရား ဖက်လိုက်တဲ့အတွက် နတ်စည်းစိမ် နတ်ချမ်းသာ ရရှိသွားတာဟာ အလွန်အားကျ အတုယူစရာ ကောင်းတယ်။ သူ့လို အသေခံပြီး ဥပုသ် မစောင့်နိုင်ရင်တောင်မှ စောစောပိုင်းက ပြောလိုက်တဲ့အတိုင်း ဥပုသ်သီလ စောင့်ထိန်းထားပြီဆိုရင်တော့ စောင့်ထိန်းထားတဲ့ ဥပုသ်သီလ မကျိုးမပေါက် မပြောက်မကျားရအောင် ပြည့်ပြည့်စုံစုံ ဥပုသ်စောင့်သင့်တယ်။ အဲဒီလိုစောင့်တဲ့ ဥပုသ်ကမှ ကောင်းကျိုးချမ်းသာကို ပေးစွမ်းနိုင်တာပါပဲ။ ဒါကိုလည်း မှတ်မိအောင် လင်္ကာလေးနှင့် လိုက်ဆိုလိုက်ရအောင်။

**သီလတရား စောင့်ထိန်းထား ရငြားချမ်းသာပင်။**
**ဥပုသ်တရား စောင့်ထိန်းထား ရငြားချမ်းသာပင်။**

ပုညကြိယာဝတ္ထု သုံးပါးထဲက နှစ်ပါးပြီးသွားပြီ။ (၁)နံပါတ် ဒါနပုည ကြိယာဝတ္ထု။ (၂)နံပါတ်က သီလပုည ကြိယာဝတ္ထု။ အခု နောက်ဆုံး ကျန်နေတာ ဘာဝနာ ပုညကြိယာဝတ္ထုပါ၊ ဘာဝနာပုည ကြိယာဝတ္ထုက အကျယ်ပွားလိုက်တဲ့အခါ သုံးပါးပါ။ (၁)နံပါတ်က ဓမ္မဿဝန တရားနာခြင်း ဘာဝနာကုသိုလ်၊ (၂)နံပါတ်က ဓမ္မဒေသနာ တရားဟောကြားခြင်း ဘာဝနာကုသိုလ်၊ (၃)နံပါတ်က ဒိဋ္ဌိဇုကမ္မ အယူမှန်စွာထားခြင်း ဘာဝနာ ကုသိုလ်၊ ဒီလိုသုံးမျိုး ပြားလာတယ်။

အဲတော့ ဒီနေ့ အဓိကထားဟောမှာက ဘာဝနာကုသိုလ်တရားဖက်လို့ ချမ်းသာရပုံကို အဓိကဟောမှာပါပဲ။ ရှေ့က ဒါနတရား သီလတရား ကတော့ တွဲပါနေတဲ့အတွက် ထည့်ပြောပေးလိုက်တာပါပဲ။ တရားပွဲ တွေမှာ တရားနာတဲ့အခါ စိတ်ထားနည်း ဘာဝနာမြောက်အောင် နာတဲ့နည်း ဒီနေ့ ပြောပြပေးမှာပါပဲ။

## တရားနာခြင်းအကျိုး (၅)ပါး

တရားပွဲရှိလို့ တရားနာသွားရင်လဲ ကုသိုလ်ကတော့ ရရှိမှာပါ။

၁။ **မကြားစကောင်း၊ ထုံးကောင်းကြားသိ**

၂။ **ကြားပြီးစင်စွာ**

၃။ **ကင်္ခါပျောက်ကင်း၊ ဖြောင့်စင်းအယူ**

၅။ **ကြည်ခြင်းဟူသာ၊ ငါးဆူမှန်ချက်**

**ကျိုးဆက်မျက်မှောက်၊ ချက်ချင်းရောက်၏**-ဟူသော လင်္ကာအတိုင်း မကြားဘူးတာတွေ ကြားရ၊ ကြားဖူးတာ ဆိုရင်လဲ မှတ်မိတယ် စသည်ဖြင့် တရားနာခြင်းအကျိုး ငါးမျိုးကတော့ ရရှိတာ ပါပဲ။ အဲဒီ လောက် ရရှိရင်လည်းပဲ ကုသိုလ်ကတော့ ဖြစ်ပါပြီ။ ဒီနေ့ ပြောနေတဲ့ ဘာဝနာကုသိုလ်၊ တရားဖက်မှ ချမ်းသာရဆိုတာ အဲဒီလို ဝတ်ကျေ တန်းကျေ တရားနာတာမျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ ခန္ဓာကိုယ်နှင့် အသက်ကို ရင်းနှီးပြီး အသက်စွန့်ပြီးတော့ တရားနာတာ မျိုးကိုမှ ဘာဝနာကုသိုလ် တရားဖက်တယ်လို့ ခေါ်ရတာပါပဲ။ အဲတော့ ဘယ်လိုများ ရှေးခေတ်က သူတော်ကောင်းတွေ ဘယ်လိုစိတ်တွေနှင့် တရားနာတဲ့ ဘာဝနာကုသိုလ်ဖက်ပြီး ချမ်းသာတွေ ရသွားကြသလဲ၊

## သီရိလင်္ကာနိုင်ငံမှ စိတ္တလတောင်

အဲဒီတော့ သီရိလင်္ကာနိုင်ငံက သားသည်မိခင်တစ်ယောက် အကြောင်းကိုပဲ အရင်ပြောပြပါမယ်၊ သီရိလင်္ကာနိုင်ငံမှာ တရားနာ တာက မြန်မာပြည် တရားနာသလို မဟုတ်ဘူး၊ မြန်မာပြည်မှာတော့ တရားပွဲ တစ်ပွဲဟာ အလွန်ဆုံး ၁နာရီခွဲ ၂-နာရီပါဘဲ။ ဒီထက် မပိုပါဘူး၊ အကယ်၍ သိပ်ရှည်ရင်လည်း ၂-နာရီခွဲ ၃-နာရီပေါ့လေ။ ၂နာရီ ၂နာရီခွဲလောက်ဟောရင်ပဲ တရားက ရှည်လိုက်တာ၊ အလိုက်ကန်းဆိုး မသိ ဟောနေတာပဲ၊ ဒီလို အပြစ်မြင်ကြတယ်။ သီရိလင်္ကာနိုင်ငံမှာ တော့ အဲဒီလို မမြင်ပါဘူး။ တရားဟောတာ ညလုံးပေါက် တစ်ညလုံးပဲ ဟောတယ်။ ဟောတဲ့ပုဂ္ဂိုလ်က ဟောနေတာပါပဲ။ နာတဲ့ပုဂ္ဂိုလ်ကလည်း ညလုံးပေါက်ကို စူးစိုက် စူးစိုက်ပြီးတော့ ဘာဝနာဆိုက်အောင် နာနေ တာပါပဲ။ အဲတော့ အခု သီရိလင်္ကာနိုင်ငံက တရားပွဲကိုပဲ အရင် ပြောပြရအောင်၊ သီရိလင်္ကာ နိုင်ငံမှာ စိတ္တလတောင်ဆိုတာ ရှိတယ်။ အလွန် ရဟန္တာတွေ အဖြစ်များတဲ့ အရပ်ဒေသပါပဲ။ သီရိလင်္ကာနိုင်ငံ တောင်ပိုင်းမှာရှိတယ်။ ဘုန်းဘုန်းတို့ ထင်ရှားတဲ့ ဘုရားစေတီအနေနှင့် ပြောရင်တော့ မြတ်စွာဘုရားရဲ့ နဖူးသင်းကျစ်တော် ဌာပနာပြီးတော့ တည်ထားတဲ့ တိဿမဟာဝိဟာရစေတီရှိတယ်။ အဲ့ဒီအရပ်ဟာ စိတ္တလတောင် အရပ်ပါပဲ။ ဘုန်းဘုန်းတို့ ပြီးခဲ့တဲ့ မေလက စိတ္တလ တောင်အရပ်မှာရှိတဲ့ တိဿမဟာဝိဟာရ ဘုရားစေတီကြီးကို သွားပြီးတော့ ဆီမီး တစ်ထောင်၊ ပန်းတွေနှင့် လှူဒါန်းခဲ့ကြရတယ်။

အဲဒီ စိတ္တလတောင် အရပ်ဟာ ရေခံ မြေခံကလည်း အလွန်ကောင်းတယ်။ တောတွေ တောင်တွေ ကျောက်လိုဏ်ဂူတွေ ရှိတယ်။ သီရိလင်္ကာနိုင်ငံရဲ့ သာသနာရေးသမိုင်းမှာတော့ အဲဒီစိတ္တလ တောင်မှာ ရဟန်းတွေ တရားထိုင်ပြီး ရဟန္တာတွေ အလွန်ဖြစ်တဲ့

နေရာပါဘဲ။ ဘုန်းဘုန်းတို့ ဆူနာမီ မုန်တိုင်းတွေ ဖြစ်တာလဲ ကြားဖူးကြပြီးသားပါပဲ။ အဲ့ဒီ သီရိလင်္ကာ ပင်လယ်ကမ်းခြေမှာ ဆူနာမီလှိုင်းတွေ ဖြစ်တဲ့အခါ လူတွေ တော်တော်ပဲ ပျက်စီးသွားတယ်။ စိတ္တလတောင် ပင်လယ်ကမ်းခြေက လူတွေ ပျက်စီးသွားကြတယ်။ ဒါပေမဲ့ စိတ္တလတောင်မှာရှိတဲ့ ကျေးငှက်တိရိစ္ဆာန်တွေက ဆူနာမီမုန်တိုင်း မဖြစ်ခင် အကုန်လုံးပဲ ပြောင်းသွားတယ်။ ဆူနာမီမုန်တိုင်း ဖြစ်တဲ့အခါ သစ်ပင်တွေ ကျိုးကျ၊ သစ်ပင်တွေ လဲကျပေမယ့် သားငှက် တိရိစ္ဆာန်တွေ တစ်ကောင်မှ မသေပါဘူး။ တရားထိုင်တဲ့ ရဟန္တာအဖြစ်များတဲ့ နေရာမှာနေရတဲ့ ကျေးငှက် တိရိစ္ဆာန်တွေဟာ သူတို့ရဲ့ ပင်ကိုယ်သဘာဝအရ အသက် အန္တရာယ်ကို သိတဲ့အတွက် ကြိုတင်ပြီးတော့ ရှောင်ထွက်သွားကြတယ်။ အဲ့ဒါ စိတ္တလတောင်ပါပဲ၊ အခုလည်း စိတ္တလတောင်မှာ ရဟန်းတော်တစ်ပါးက အင်္ဂုတ္တိုရ်စတုက္ကနိပါတ်မှာ လာတဲ့ **"မဟာအရိယဝံသ သုတ္တန်"** ဒေသနာကို တရားဟော နေပါပြီ။ သီရိလင်္ကာနိုင်ငံရဲ့ ဓလေ့ အတိုင်း ညလုံးပေါက် ပါဠိတော်ကို အဋ္ဌကထာနှင့်တကွ အကျယ် ဟောပြော နေတာပါဘဲ။ တရားသားတွေချည်းပါပဲ။ ဟောတဲ့ပုဂ္ဂိုလ်ကလည်း စူးစိုက်ပြီးတော့ မဟာအရိယဝံသသုတ္တန်ကြီးကို ဟောနေတယ်။ မဟာအရိယဝံသသုတ္တန် ဆိုတာက သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနှင့် စပ်ပြီးတော့ တင်းတိမ် ရောင့်ရဲမှုရှိဖို့နဲ့ ဝိပဿနာတရား အားထုတ်ဖို့ တွန်းအားပေးတဲ့ သုတ္တန်ဒေသနာတော်ကြီးပါပဲ။ စတုတ္ထမြောက်တရားက **ဘာဝနာရာမော ဟောတိ ဘာဝနာရတော** သမထဘာဝနာ ဝိပဿနာ ဘာဝနာမှာပဲ အားထုတ်ပြီး ပျော်ရမယ်လို့ လာရှိပါတယ်၊ သမထဘာဝနာ ဝိပဿနာဘာဝနာ အလုပ်ကိုပဲ ကြိုးစားအားထုတ်ရမယ်လို့ အားပေးတဲ့ သုတ္တန်ဒေသနာကြီးပါပဲ။

## ဘာဝနာဆိုက်အောင် တရားနာသည့် မိခင်တစ်ဦး

အဲဒီတော့ ကဋမ္ဗရ အရပ်ဒေသက သားသည်မိခင် တစ်ယောက်က တရားပွဲလာတဲ့အခါ နောက်ကျနေတယ်။ နို့မဖြတ်ရသေးတဲ့ ကလေးလေးလည်း ပွေ့ပြီးတော့ သူ့ခမျာ လာရတယ်။ နောက်ကျနေတော့ တရားပွဲအစွန်ကနေပဲ နာရရှာတယ်။ သားငယ်လေးကို သစ်ပင်ရင်းမှာပဲ အခင်းလေး ခင်းပြီးတော့ သိပ်ထားလိုက်တယ်။ အဲ သူကတော့ တရားပွဲအစွန်ကနေ မတ်တပ်ရပ်ပြီးတော့ ညလုံးပေါက် တရားနာတာပါပဲ။ တောထဲ တောင်ထဲမှာပဲ အမိုးအကာမပါဘူး၊ အခင်းလည်း မရှိပါဘူး၊ လျှပ်စစ်မီးလည်း မရှိပါဘူး၊ ရိုးရိုးမီးရှူးမီးတိုင်တွေပဲ ရှိတယ်။ ထိုင်စရာနေရာ မရလို့ မတ်တပ်ရပ်ပြီးတော့ သားသည်မအေဟာ တရားနာနေရတယ်။ ဓမ္မကထိက ဆရာတော်ကလည်း မဟာအရိယဝံသ တရားတော်ကို လေးလေး နက်နက်ဟောနေပြီ။ တရားနာ ပရိသတ်ကလည်း စူးစိုက်ပြီးတော့ ဘာဝနာဆိုက်အောင် တရားနာနေပြီ။ အဲ့ဒီလို စူးစိုက်စူးစိုက် နာနေရင်းနှင့် အဆိပ်ရှိတဲ့ မြွေတစ်ကောင်က သစ်ပင်ရင်းမှာ သိပ်ထားတဲ့ သားလေးနား ရောက်လာပြီးတော့ အစွယ်လေးချောင်းနှင့် ကိုက်ထည့်လိုက်ပါရော။ သားသည်မအေက မြင်တယ်။ သူ့သားကို မြွေကိုက်နေပြီ။ မြင်တော့ ကျွန်မသားလေး မြွေကိုက်ခံနေရပြီလို့ သူအော်လိုက်ရင် တရားပွဲ ပျက်သွားနိုင်တယ်၊ တရားပွဲက မဟာအရိယာဝံသသုတ္တန်ဒေသနာဆိုတာ အလွန်လေးနက်တဲ့ သုတ္တန်ဒေသနာကြီးပါ။ ငြိမ်ပြီးတော့ စူးစိုက်ပြီး နာနေ တယ်။ အဲဒီတော့ သူအော်လိုက်ရင် ဒီတရားပွဲကြီး ပျက်သွားမယ်။ သူဆက်ပြီး စဉ်းစားတယ်။

**အနေကကၡတ္တုံ ခေါ ပန မေ အယံ သံသာရဝဋ္ဋေ ဝဋ္ဋန္တိယာ ပုတ္တော အဟောသိ၊ ဓမ္မမေဝ စရိဿာမိ၊**

*(အံ၄၊၂ ၁၃၆)*

သံသရာ ကျင်လည်တဲ့အခါ ငါဟာ အမျိုးသမီးမို့ အိမ်ထောင် ကျမယ်။ အိမ်ထောင်ကျရင် သားတွေ သမီးတွေမွေးမယ်။ သားတွေ သမီးတွေရမယ်။ သံသရာနှင့်ယှဉ်ပြီး အရှည်ကြည့်လိုက်တဲ့အခါ မိန်းကလေးသဘာဝ အိမ်ထောင်ကျပြီး သားတွေ သမီးတွေ ရတာဟာ ဘာမှဆန်းတဲ့ကိစ္စ မဟုတ်ဘူး။ အခု ငါနာနေတာ မဟာအရိယဝံသုတ္တန် ဒေသနာကြီး။ အဲဒီတော့ တရားကိုပဲ ငါစူးစိုက်ပြီး နာမယ်။ ဓမ္မမေဝ စရိဿာမိတဲ့ မဟာအရိယဝံသသုတ္တန် တရားကိုပဲ စူးစိုက် နာယူပြီး၊ ငါကျင့်သုံးလိုက်တော့မယ်။ အဲ့ဒီလို ဆုံးဖြတ်ချက်ချပြီးတော့ မြွေကိုက်တဲ့ သားလေးကို ဥပေက္ခာပြု ပစ်လိုက်တယ်။ အဲ့ဒီတော့ စဉ်းစားကြည့်ပေါ့။ ကိုယ့်သားလေးကို မြွေကိုက်နေပြီဆိုမှတော့ အဲဒီမြွေကို ထသတ်ပစ်မှာပဲ၊ ကြောက်လန့် တကြားနဲ့လဲ ကျွန်မသားကို မြွေကိုက်နေပါပြီဆိုပြီးတော့ အော်ပစ် လိုက်မှာပဲ။ အခု အဲ့လို မအော်ဘူး၊ မြွေကိုလည်း သတ်မပစ်ဘူး။ တည်တည်ငြိမ်ငြိမ်ပဲ တရားနာနေတယ်။ အဲဒီတော့ တရားနာ ပရိသတ်ကြီး အဲဒီလို ကိုယ့်သားကို အသေခံပြီး တရားနာဖို့ဆိုတာ လွယ်ပါ့မလား။ မလွယ်ဘူး။ ကိုးလလွယ်၊ ဆယ်လ မွေးထားရတဲ့ မအေက ကိုယ့်သားကို မြွေကိုက်နေတာ ကိုယ့်ရှေ့မှာ မြင်နေတယ်။ ကိုယ်သာ မြွေကိုက်ခံရပြီး သေချင်သေမယ် ကိုယ်သားတော့ အသေမခံနိုင်ဘူး။ ဒါ မိခင်မေတ္တာပဲ။

အခုကိုယ့်သားကို မြွေကိုက် နေတာလည်း မြင်နေတယ်၊ ဒါပေမယ့် သူဟာ **မဟာအရိယဝံသ သုတ္တန်** တရားဒေသနာကြီးကို နာနေတဲ့ တရားပွဲ မပျက်ချင်တဲ့အတွက် သူ့သားအသက်ကို အစွန့်လွှတ်ခံပြီးတော့ ဓမ္မဿဝန တရားနာခြင်းဆိုတဲ့ ဘာဝနာကုသိုလ်တရားကို ရအောင်ယူနေတယ်။ စူးစိုက် စူးစိုက်ပြီးတော့ နာနေတယ်၊ နံနက်လင်းအာရုံတက်ပြီ၊ တရားပွဲလည်း ပြီးပြီဆိုတော့ သူမဟာ

သောတာပန် ဖြစ်သွားတယ်။ သားသယ်မိခင်ဟာ တရားနာရင်း ဘာဝနာစိုက်အောင် နာလိုက်တဲ့အတွက် သောတာပန် ဖြစ်သွားတယ်၊ သောတာပန်ဖြစ်ပြီဆိုမှ သူ့သားလေးကို ပြန်ပွေ့လိုက်တယ်။ သားလေး က မသေသေးဘူး။ ပွေ့ပြီးတော့ သစ္စာပြုတယ်။ ငါဟာ မဟာအရိယ ဝံသသုတ္တန်တရား နာတဲ့အခါ သားကို မြွေကိုက် တာ မြင်ပါသော်လည်း တရားပွဲပျက်မှာစိုးတဲ့အတွက် တရားပွဲကို အပျက်မခံပဲနှင့် မဟာ အရိယဝံသ တရားတော်ကြီးကို စူးစိုက်ပြီး ဘာဝနာဆိုက်အောင် နာခဲ့ပါတယ်။ အာရုံတက်တဲ့အခါ သောတာပန် ဖြစ်ခဲ့ရပါတယ်။ ဒီသစ္စာစကား မှန်လို့ရှိရင် သားမှာ ကိုက်ထားတဲ့ အဆိပ်တွေ မြေပြင်ကို လျှောကျပါစေသားလို့ သစ္စာပြုလိုက်တယ်။

သူ့ရဲ့သစ္စာဟာ မှန်နေတယ်၊ ပထမတစ်ချက်ဟာ သားကို မြွေကိုက်တာ မြင်ပေမယ့် တရားပွဲ ပျက်မှာစိုးလို့ အပျက်မခံပဲ တရား နာတယ်။ ဒုတိယအချက်က သူသောတာပန် ဖြစ်သွားပါပြီ။ ဒီနှစ် ချက်နှင့် သစ္စာပြုလိုက်တဲ့အခါ အလွန်မှန်နေတဲ့အတွက် အဆိပ်ဟာ ကိုက်တဲ့ အပေါက် လေးပေါက်ကနေ အကုန်လုံး မြေပြင်ကို ပြန်ထွက် သွားရတယ်။ သားလည်း အသက် ချမ်းသာရသွားတယ်။ သူ့သားသူ ပြန်ပွေ့ပြီးတော့ ကဠမွရအရပ်ကို ပြန်သွားတယ်။ အဲဒီတော့ တရားနာ တဲ့အခါ ဘာဝနာဆိုက်အောင် အဲဒီလို စူးစိုက် စူးစိုက်ပြီးနာရင် လောကီချမ်းသာအနေနဲ့ သားလေး အသက်ရှင်ခြင်းသာမက ဘဝ သံသရာမှာ အလွန်ရခဲတဲ့ သောတာပတ္တိ မဂ်ဖိုလ်ဖြင့် လောကုတ္တရာ နိဗ္ဗာန်ချမ်းသာကိုပါ မျက်မှောက်ပြုသောအားဖြင့် ရသွားတယ်။ တရား နာတဲ့အခါ အဲ့ဒီလို ဘာဝနာဆိုက်အောင် စူးစိုက် စူးစိုက်ပြီးတော့ နာရပါမယ်။ အဲ့ဒီလို နာမှ ဘာဝနာကုသိုလ် တရား ဖက်လိုက်တဲ့အခါ လောကီချမ်းသာအနေနဲ့ သားအသက်ရှင်သွားတယ်။ လောကုတ္တရာ

ချမ်းသာအနေနဲ့ သောတာပတ္တိမဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာကို ရရှိသွားရတယ်။ အဲဒီတော့ ဒါကိုလည်း မှတ်မိအောင် လင်္ကာလေးနဲ့ ရွတ်ဆိုလိုက်ရအောင်။

**ဘာဝနာတရား၊ ပွားများထား၊ ရငြား ချမ်းသာပင်။**

ဘုန်းဘုန်းတို့ တရားဖက်မှ ချမ်းသာရဆိုတဲ့ တရားနာမည်က ဘာဝနာတရားကို တွန်းအားပေးမှာဆိုတော့ သီရိလင်္ကာနိုင်ငံက ဘာဝနာဆိုက်အောင် မဂ်ဖိုလ်နိဗ္ဗာန်ရအောင် တရားနာတဲ့ သားသည်မိခင် တစ်ယောက်အကြောင်း ပြောပြီးသွားပါပြီ။ ဘုန်းဘုန်းတို့ တရားပွဲမှာ စာရွက်(၂)ရွက် ဖြန့်ဝေထားပါတယ်။ တရွက်က ရွှေတိဂုံဒီဇိုင်းစေတီပုံနဲ့ သောဠသသစ္စာစေတီပုံဖြစ်ပြီး တရွက်ကတော့ သစ္စာအနက်(၁၆)ချက်ဖြစ်ပါတယ်၊ သစ္စာအနက် (၁၆)ချက်ပါဝင်တဲ့ သောဠသသစ္စာစေတီတော်ကို ရွတ်ဆိုတည်ထားကိုးကွယ် ပူဇော်ကြပါမယ်။

**သောဠသစေတီတည်နည်း ရွတ်ဖတ်ကြစို့**

ဘုန်းဘုန်းတို့ သစ္စာ(၄)ပါး၊ သစ္စာအနက် (၁၆)ချက် သိသွားပြီဆိုရင်တော့ ဗုဒ္ဓခေတ်က ဘီလူးမသားအမိတို့ မြတ်စွာဘုရားရှင်ထံက သစ္စာ(၄)ပါးတရားကို ဘာဝနာဆိုက်အောင် နာကြားလိုက်ရတဲ့အတွက် လောကီ လောကုတ္တရာချမ်းသာတွေ ရရှိသွားပုံကို ဆက်ပြီးတော့ နာယူလိုက်ကြရအောင်။ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသီတင်းသုံးနေတဲ့အချိန် ညနေချမ်း အချိန်ဆိုတော့ ညဦးပိုင်း ၆ နာရီခွဲ ၇ နာရီခွဲ အချိန်လောက်ပါပဲ။ အဲဒီအချိန်မှာ မြတ်စွာဘုရားရှင်က နိဗ္ဗာန်နှင့် စပ်တဲ့တရားကို ရဟန်းတော်တွေအား ဟောကြားနေပါတယ် နိဗ္ဗာန်နှင့်စပ်တဲ့ တရားဆိုတော့ အလွန်လေးနက်တဲ့တရားပါပဲ၊ သစ္စာလေးပါးကို အရင်ပြောရအောင်၊ (၁)နံပါတ်က ဒုက္ခသစ္စာ၊ (၂)နံပါတ်က

သမုဒယသစ္စာ (၃)နံပါတ်က နိရောဓသစ္စာ (၄)နံပါတ်က မဂ္ဂသစ္စာ။ ဒီသစ္စာလေးပါးထဲမှာ တတိယမြောက်သစ္စာက နိရောဓသစ္စာပါ၊ နိရောဓသစ္စာဆိုတာက ပါဠိ ဝေါဟာရပါပဲ၊ တရားကိုယ် အနေနှင့်ကတော့ နိဗ္ဗာန်တရားပါ။ နိဗ္ဗာန်တရားက နိရောဓသစ္စာပါပဲ၊ မြတ်စွာဘုရားရှင်ဟာ နိဗ္ဗာန်ခေါ်တဲ့ နိရောဓသစ္စာ တရားကို အကျယ်တဝင့် ဟောပြောနေပါတယ်။ ရဟန်းတော်တွေကလည်း နိဗ္ဗာန်တရားဆိုတော့ စူးစိုက် စူးစိုက်ပြီးတော့ နာယူနေပါတယ်။

## နိဗ္ဗာန်ရဲ့ ဂုဏ်ပုဒ်များ

စာပေမှာလာတဲ့ နိဗ္ဗာန်ဂုဏ်ပုဒ်တွေကိုတော့ "သညာသိ" အနေနှင့်ပဲ ပြန်ပြီး ပြောပြပါမယ်။ နိဗ္ဗာန်အကြောင်းကို ဝိနည်း မဟာဝါပါဠိတော်, ဂိရိမာနန္ဒသုတ်တို့မှာ မြတ်စွာဘုရားရှင်က **ဧတံ သန္တံ ဧတံ ပဏီတံ ယဒိတံ သဗ္ဗသင်္ခါရ သမထော သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ** ဒီလို ဟောပြထားပါတယ်။ နိဗ္ဗာန်ဆိုတာ သင်္ခါရ တရားတွေ ချုပ်ငြိမ်း၊ ရုပ်သိမ်းတဲ့ တရားပဲ။ ဥပဓိ တရားတွေ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ တရားပဲ၊ တဏှာ လောဘ ရာဂ အကုသိုလ် ကိလေသာတွေ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ တရားပဲ။ အလွန်မွန်မြတ်တဲ့ အေးမြချမ်းသာတဲ့ တရားပဲ။ အဲ့ဒီလို ဂိရိမာနန္ဒသုတ်နဲ့ ဝိနည်း မဟာဝါတို့မှာလာရှိတယ်။ မေ့စကြာမှာတော့-

**ဣဒံခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။**

တဏှာအကြွင်းမဲ့ ချုပ်ရာကို နိဗ္ဗာန်၊ ရုပ်နာမ်မေ့ သင်္ခါရတရားတွေကို စွန့်လွှတ်ရာဟာ နိဗ္ဗာန်၊ တွယ်တာတပ်မက်မှု မရှိရာဟာ နိဗ္ဗာန်လို့ အဲဒီလို လာတယ်။ ဥဒါန်းပါဠိတော်မှာတော့ နိဗ္ဗာန်နှင့်စပ်ပြီး

ဘုရားရှင်က အကျယ်တဝင့် ဟောပြတယ်။ ပထဝီ မြေဓာတ် ရုပ်တရား၊ အာပေါ ရေဓာတ် ရုပ်တရား၊ ဝါယော လေဓာတ် ရုပ်တရား၊ တေဇော မီးဓာတ် ရုပ်တရား၊ ဒီမဟာဘုတ်ကြီး လေးပါး ချုပ်ငြိမ်းရာ၊ အာကာသာနဉ္စာယတနစတဲ့ အရူပ စိတ် စေတသိက် နာမ်တရားတွေ ချုပ်ငြိမ်းရာဟာ နိဗ္ဗာန်တရားပဲ စသည်ဖြင့် နိဗ္ဗာန် တရားကို အကျယ် တဝင့် ဟောပြပေးပါတယ်။ ရဟန်းတော်တွေက နိဗ္ဗာန်တရားဆိုတော့ စူးစိုက်စူးစိုက်ပြီးတော့ နာယူနေတယ်။

မှောင်ရီလည်း သန်းနေပြီဆိုတော့ ပုနဗ္ဗသုမာတာလို့ အမည် ရတဲ့ ဘီလူးမတစ်ဦးဟာ သားဖြစ်တဲ့ ပုနဗ္ဗသုကို လက်ကဆွဲပြီး၊ သမီးငယ် ဥတ္တရာလေးကိုတော့ ရင်မှာပွေ့ချီပြီးတော့ အစာရေစာ ရှာနေရတယ်။ အစာရေစာဆိုတာက လူတွေ စွန့်ပစ်ထားတဲ့ အကြွင်း အကျန်တွေ ရဟန်းသံဃာတွေ စွန့်ပစ်ထားတဲ့ အကြွင်းအကျန်တွေကို လိုက်ကောက်ပြီး သားငယ် သမီးငယ်ကို ကျွေးရတယ်။ အညစ်အကြေး တွေ အရိုးအရင်းတွေ ရှာပြီးတော့ ကျွေးရတယ်။ ပုနဗ္ဗသုမာတာ ဘီလူးမအနေနှင့် ဇေတဝန်ကျောင်းကြီးကတော့ အင်မတန် ကြီးတယ်။ အလှူ အတန်းတွေလည်း ပေါတယ်။ လူဝင်လူထွက်လည်း များတယ်။ ရဟန်းသံဃာတွေလည်း များတယ်။ စားကြွင်းစားကျန်တွေ ရှိမှာပဲ။ ဒို့သားအမိ သုံးဦးတော့ ဇေတဝန်ကျောင်းအတွင်း ဝင်ပြီး စားကြွင်း စားကျန်တွေ လိုက်ရှာပြီးတော့ စားမှပဲ။ အဲဒီလို စိတ်ထားနှင့် ဇေတဝန် ကျောင်းဝင်းအတွင်း ဝင်ရောက်လာတယ်။ အလွန်ဆင်းရဲတယ်။ နေစရာမရှိ စားစရာမရှိဘူး။ ကြုံသလို နေရရှာတဲ့ ဘီလူးမ သားအမိ ဘဝပါပဲ။ ဇေတဝန်ကျောင်းဝင်းအတွင်း ဝင်မယ်ဆိုတော့ ကျောင်း စောင့်နတ်ကြီးကလည်း ရှိတယ်။ ကျောင်းစောင့်နတ်ကြီးဆိုတာက

အဝရုဒ္ဓကလို့ အမည်ရတဲ့ မိစ္ဆာနတ်ဘီလူးတွေဆိုရင် အဝင်တောင် မခံဘူး။ အခုတော့ ကျောင်းစောင့်နတ်ကြီးက ဒီဘီလူးမ သားအမိ သုံးယောက်ဟာ မြတ်စွာဘုရားရှင် တရားဟောနေတဲ့ တရားပွဲနေရာ ရောက်သွားရင် တရားထူးရနိုင်လောက်တယ်လို့ ဆင်ခြင်ပြီး ဝင်ခွင့် ပေးလိုက်တယ်။ ဘီလူးမ သားအမိသုံးယောက်ဟာ ဇေတဝန်ကျောင်း အတွင်း တရားပွဲကြီးနားကို ရောက်လာပြီ။

မြတ်စွာဘုရားရှင်ရဲ့ စကားအသံက စကြာဝဠာ ကမ္ဘာပေါင်း တိုက်တစ်သောင်းထိအောင် ကြားသိနိုင်ပါတယ်။ ဒါပေမယ့် တရား အသံကတော့ တရားနာ ပရိသတ်ထိပဲ ကြားရတယ်။ တရားနာ ပရိသတ်အပြင်ဘက်ကို မထွက်ဘူး။ တရားပွဲမှာ တရားနာပရိသတ် များရင် များသလောက် တရားနာပရိသတ် အကုန်လုံး ကြားရတယ်။ သို့ပေမယ့် တရားနာ ပရိသတ်ရဲ့ အပြင်ဘက်ကိုတော့ တစ်လက်မ တောင်မှ အသံက မထွက်ဘူး။ အခု မိုက်နှင့် ဘုန်းဘုန်းတို့ တရားဟော နေတယ်။ မိုက် ဇရိယာရှိသမျှ အကုန်ကြားရတယ်။ ဘုရားရှင်အသံက အဲ့လို မကြားရဘူး။ တရားပွဲပရိသတ် ရှိသလောက်ပဲ အသံကြား ရတယ်။ တရားပွဲ အပြင်ဘက်မှာ အလဟဿ အချည်းအနှီး အသံမဖြစ် ပါစေနှင့် ဆိုပြီးတော့ တရားပွဲအတွင်းမှာပဲ ပရိသတ်ရှိသလောက်ပဲ ကြားရတယ်။ အကယ်၍ ပရိသတ်က (၁၂)ယူဇနာ၊ (၂၄)ယူဇနာ ရှိတယ်ဆိုပါစို့။ မဟာသမယသုတ္တန် (၇)သုတ် ဟောတဲ့အခါဆိုရင် တရားနာ ပရိသတ်က စကြာဝဠာ ကမ္ဘာပေါင်း တိုက်တစ်သောင်းကနေ လာတာဆိုတော့ အလွန်များတဲ့ ပရိသတ်ကြီးပါပဲ။ မြေပြင်ကနေ ဟိုအထက် လူ့ပြည်၊ ကောင်းကင် နတ်ပြည်(၆)ထပ်၊ ကောင်းကင် ပထမစျာန်ဘုံထိအောင်၊ နတ်ဗြဟ္မာတွေ ပြွတ်သိပ်ပြီးတော့ကို တရားနာနေကြတယ်။ မြေပြင် မှာလည်း ပြွတ်သိပ်ပြီးတော့ကို

တရားနာနေကြတယ်။ ဘယ်လောက် ကြီးပဲ ပရိသတ်တွေ များများ ဘယ်လောက်ကြီးပဲ ပရိသတ်တွေ ကျယ်ဝန်းကျယ်ဝန်း ဘုရားရှင် အတွက်ကတော့ မိုက်တွေ ဆင်စရာ မလိုပဲနှင့် ပင်ကိုယ်အတိုင်းပဲ ဘုရားရှင်ရဲ့အသံကို ကြားရတယ်။ ဘုရားရှင်ရဲ့ အသံတော်ရဲ့ ထူးခြား ချက်ပါပဲ။ အဲတော့ ဘီလူးမက သံဃာတော်တွေ အများကြီး မြင်တော့ သံဃာတော်တွေရဲ့ စားကြွင်းစားကျန်တွေ လိုက်ကောက်ပြီးတော့ သားအမိသုံးယောက် စားမယ်လို့တွေးပြီး ရောက်လာတယ်။ ဒါပေမယ့် သံဃာတွေက တရားနာနေတယ်။ သံဃာတော်တွေ နာနေတဲ့ တရား နာပရိသတ်ရဲ့ အစွန်နားရောက်တဲ့အခါ ဘုရားရှင်အသံကို သူ ကြားလိုက်ရတယ်။ သံဃာတွေ ပရိသတ်နှင့် သူနှင့် ဆက်စပ်သွားတော့ ဘုရားရှင်ရဲ့အသံကို ကြားလိုက်ရတယ်။ ကြားလိုက်ရတော့ ဘုရား အသံ ဆိုတာက---

## ဘုရားရှင်၏အသံအင်္ဂါ(၈)ပါး

**ဝိဿဋ္ဌ မဉ္ဇုဝိညေယျာ၊ သဝနီယာ ဝိသာရိနော၊**
**ဗိန္ဒု ဂမ္ဘီရနိန္နာဒီ၊ တျေဝ မဋ္ဌင်္ဂီကော သရော။**
**သန့်ရှင်း-သာယာ၊ လွန်သိသာ၊ နာဖွယ် မပြန့်ပေါ်။**
**လုံး-နက်-ပဲ့တင်၊ အဋ္ဌအင်၊ မြတ်ရှင် အသံတော်**"ဆိုတဲ့ ဂါထာလင်္ကာအတိုင်း အလွန်သာယာတယ်။ အလွန်နာပျော်ဖွယ် ရှိတယ်။ နာကြားလိုက်ရုံနဲ့ပင် စွဲဆောင်မှုရှိတယ်။ လောကဥပမာအနေ နှင့် ဆိုရင်တော့ ဘုရားအသံက မဟာဗြဟ္မာမင်းရဲ့ အသံနှင့်လည်း တူတယ်။ ကရဝိက် ငှက်မင်းရဲ့ အသံနှင့်လည်းတူတယ်။ မဟာဗြဟ္မာ မင်း ဆိုတာကတော့ ထားလိုက်ပါတော့။ ကရဝိက်ငှက်ကတော့ လူ့ပြည် မှာတင် ရှိပါတယ်။ အဲဒီ ကရဝိက်ငှက်တွေရဲ့ အသံဟာ အလွန် သာယာတယ်။ ဘယ်လောက်အထိ သာယာသလဲဆိုတော့ ရှေ့က သမင်က ပြေးနေတယ်။ နောက်က ကျားက လိုက်နေတယ်။ ဒီသမင်

ဟာ မကြာခင် ကျားမီပြီးတော့ ကျားရဲ့ ကိုက်သတ်ခြင်းကို ခံရမှာပါပဲ။ အကယ်၍ အဲဒီသမင်ကလည်း ရှေ့ကပြေး၊ ကျားကလည်း နောက်က လိုက်နေတဲ့ အချိန်မှာ ကရဝိက်ငှက်က တွန်လိုက်ပြီဆိုရင် ကရဝိက်ငှက်တွန်သံကို ကြားလိုက်ရပြီဆိုရင် ကရဝိက်ငှက်ရဲ့အသံဟာ အလွန်သာယာပြီး အလွန်နာပျော်ဖွယ်ရှိတဲ့အတွက် ရှေ့က ပြေးနေတဲ့ သမင်က ရပ်ပြီးတော့ နားထောင်တယ်။ နောက်က လိုက်တဲ့ကျား ငါ့ကို ကိုက်သတ်ချင် ကိုက်သတ်တော့။ အသေခံပြီး ငါနားထောင်မယ် လို့တွေးပြီး ကရဝိက်ငှက်ရဲ့အသံကို ရပ်ပြီးတော့ နားထောင်တယ်။ နောက်ကလိုက်တဲ့ ကျားကလည်း သားကောင် သမင်ကို ရှေ့က ပြေးနေတာကို လိုက်တယ်။ အဲဒီအချိန်မှာ ကရဝိက်ငှက်ရဲ့ တွန်ကျူး သံကို ကြားလိုက်ရင် ဆက်မလိုက်ပဲ ရပ်ပစ်လိုက်တယ်။ အလွန် သာယာတဲ့ အသံကို ကြားလိုက်ရတဲ့အတွက် ရှေ့ကသားကောင် အစာကို အလွတ်ခံလိုက်တယ်။ ရပ်ပြီးတော့ အသံကို နားထောင်တယ်။ အဲဒီလောက်ထိ ကရဝိက်ငှက်ရဲ့ အသံက သာယာတယ်။ ဒါက ဘုန်းဘုန်းတို့ မြေပြင်က ကုန်းသတ္တဝါပေါ့လေ။

ရေထဲက ငါးလေးတွေ ပင်လယ်ထဲမှာပဲဖြစ်ဖြစ် အလွန်ကြီးတဲ့ မြစ်ထဲမှာပဲ ဖြစ်ဖြစ်၊ မော်တော် သင်္ဘောစီးရင် တွေ့ပါလိမ့်မယ်။ ရေထဲကငါးတွေ ငါးပျံတွေဟာ ရေပြင်ပေါ်မှာ တက်ပြီးတော့ လွှားကနဲ လွှားကနဲ ပျံကြတယ်။ အဲလို ပျံတဲ့အချိန်မှာ ကရဝိက်ငှက်တွေရဲ့ တွန်သံ ကြားလို့ရှိရင် ငါးပျံငါးတွေဟာ ရေထဲကို မငုံ့တော့ဘူး။ ရေပြင်ပေါ် ကနေပြီးတော့ နားနှင့်စွင့်ပြီး ကရဝိက်ငှက်အသံကို နားထောင်ကြ တယ်။ အဲဒီလောက်ထိ ကရဝိက်ငှက်ရဲ့ အသံက သာယာနာပျော်ဖွယ် ရှိတယ်။ ဒါက ယုတ်ညံ့ နိမ့်ကျတဲ့ ဥပမာ နှိုင်းပေးတာပါပဲ။ ဘာလို့လဲ ဆိုတော့ ကရဝိက်ငှက်ဆိုတာ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်

ကိလေသာတွေ အပြည့်ပါပဲ။ ဘုရားရှင်မှာတော့ အကုသိုလ် ကိလေသာတွေ လုံးဝမရှိဘူးဆိုတော့ ဘုရားရှင်ရဲ့အသံက ကရဝိက်ငှက်မင်းရဲ့ အသံ၊ မဟာဗြဟ္မာမင်း အသံထက် အဆ ရာပေါင်းမက ထောင်ပေါင်းမက သာယာ နာပျော်ဖွယ် ရှိတာပါပဲ။

အဲဒီတော့ အခု မြတ်စွာဘုရား ရှင်ရဲ့ နိဗ္ဗာန်နှင့်စပ်တဲ့ တရားအသံကို ပရိသတ်အစွန် သံဃာတွေရဲ့ အနီးနား ကပ်လိုက်တာနှင့် တပြိုင်နက် အဲဒီပုနဗ္ဗသုမာတာ ဘီလူးမ ကြားလိုက်ရတဲ့အခါ အသံရဲ့ ဆွဲအား မြတ်စွာဘုရားရှင်ရဲ့ ရုပ်ရည် ရူပကာယကလည်း လက္ခဏာ တော်ကြီး (၃၂)ပါး၊ လက္ခဏာတော်ငယ် (၈၀)၊ ရောင်ခြည် တော် ခြောက်သွယ်နဲ့ဆိုတော့ တစ်လောကလုံးမှာ အချောဆုံး၊ အသပ္ပါယ်ဆုံး ပုဂ္ဂိုလ်၊ အဲဒီတော့ ရုပ်ရည်ရူပကာယရဲ့ ဆွဲအား၊ ဒီဆွဲအား (၂)ခုကြောင့် ပုနဗ္ဗသုမာတာဆိုတဲ့ ဘီလူးမဟာ အစာရှာဖို့ကို မေ့ပြီးတော့ တရားကို စူးစိုက်စူးစိုက်ပြီးတော့ ဘာဝနာ ဆိုက်အောင် နာနေပြီ။ ဟောတဲ့ တရားက နိရောဓသစ္စာ၊ နိဗ္ဗာန်တရားပါ၊ တရားကလည်း အလွန် လေးနက်တယ်။ ဟောတဲ့ အသံကလည်း အလွန်သာယာနာပျော်ဖွယ် ရှိတယ်ဆိုတော့ ဘီလူးမဟာ သားတွေ သမီးတွေကိုမေ့။ အစာရှာ ရမှာကို မေ့ပြီးတော့ စူးစိုက်စူးစိုက်ပြီး ဘာဝနာဆိုက်အောင် တရားကို နာယူနေပါပြီ။

ဒါပေမယ့် သူ့ရဲ့ သားသမီးများဖြစ်ကြတဲ့ ဘီလူးလေး နှစ်ကောင်က အစာ မစားရသေးတော့ ဆာနေကြပြီ၊ အဲဒီတော့ သားဖြစ်တဲ့ အကြီးဖြစ်တဲ့ ပုနဗ္ဗသုက အမေ့လက်ကို ဆောင့်ဆွဲတယ်။ အမေ ဘာလုပ်နေတာလဲ။ အမေ ခန္ဓာကိုယ်ကြီးက ကျောက်တိုင်ကြီး လိုပဲ ရပ်နေတယ်။ သားတို့ သမီးတို့ မောင်နှမနှစ်ယောက် ဆာပြီ။ အစာရှာပေးပါလို့ပြောပြီး မအေ့လက်ကို ဆောင့်ဆွဲတယ်။ ဆောင့်ဆွဲ

တော့ မအေက ပြန်ပြောတယ်။ သား ငြိမ်ငြိမ်လေး နေပေးပါ။ မြတ်စွာဘုရားရှင် တရားဟောနေတယ်။ အလွန်လေးနက်တဲ့ နိရောဓသစ္စာထိုက်တဲ့ နိဗ္ဗာန်တရားကို ဟောနေတာ။ သားတို့ အမေတို့ဟာ နိဗ္ဗာန်တရား နိရောဓသစ္စာတရားကို မသိခဲ့ရလို့ အခုလို ယုတ်ညံ့တဲ့ ဘီလူးဘဝကို ရောက်နေရတယ်။ လောကမှာ မိန်းမသားတိုင်း မိန်းမသားတိုင်းဟာ မိမိရဲ့ ခင်ပွန်းလင်ကို ကြိုက်ကြ နှစ်သက်ကြ မြတ်နိုးကြတာပါပဲ။ ဒါပေမယ့် အမေကတော့ သားတို့အဖေ ခင်ပွန်းလင်ထက် မြတ်စွာဘုရားရှင် ဟောနေတဲ့တရားကို ပိုပြီးတော့ နှစ်သက်တယ်။ လောကမှာ မိခင်တိုင်း မိခင်တိုင်းဟာ ကိုးလလွယ် ဆယ်လမွေးထားရတဲ့ သားသမီးကို ချစ်ကြ ကြိုက်ကြတယ်။ မြတ်နိုးကြတာပါပဲ။ အမေကတော့ သားတို့ သမီးတို့ထက် ဘုရားရှင် ဟောနေတဲ့ တရားကို ပိုပြီးတော့ နှစ်သက်မြတ်နိုးတယ်လို့ ပြောပြလိုက်တယ်။

**၁။ ပိယော လောကေ သကောပုတ္တော၊ ပိယော လောကေ သကော ပတိ၊**
**တတော ပိယတရာ မယှံ၊ အဿ ဓမ္မဿ မဂ္ဂနာ၊**

**၂။ န ဟိ ပုတ္တော ပတိ ဝါ ပိ၊ ပိယော ဒုက္ခာ ပမောစယေ၊**
**ယထာ သဒ္ဓမ္မဿဝနံ၊ ဒုက္ခာ မောစေတိ ပါဏိနံ၊** *(သံ-၁၊ ၂၁၂)*

သားအမိနှော်၊ လောကမှာ အမျိုးသမီးတိုင်း အမျိုးသမီးတိုင်း မိမိခင်ပွန်းလင်ကိုပဲ ချစ်ကြ၊ ကြိုက်ကြ၊ ကြင်နာကြ၊ မြတ်နိုးကြတာပါပဲ။ ဒါပေမယ့် ဒီဘီလူး မကတော့ သူ့ခင်ပွန်းလင် ဘီလူးထက် ဘုရားရှင်ရဲ့ တရားကို ပိုကြိုက်တယ်။ လောကမှာ မိခင်တိုင်း မိခင်တိုင်း (၉)လ ကျော်၊ (၁၀)လ လွယ်ထားတဲ့ သားသမီး အရင်းကိုပဲ ချစ်ကြတယ်။ ကြိုက်ကြ၊ မြတ်နိုးကြ၊ ကြင်နာကြတာပါပဲ။ ဒါပေမယ့် ဒီပုနဗ္ဗသုမာတာ ဘီလူးမကတော့ သား သမီးနှစ်ဦးထက် ဘုရားရှင်ရဲ့တရားကို ပိုပြီးတော့ နှစ်သက်ပါတယ်။ အလွန်လေးနက်တဲ့ တရားပါပဲ။

ဆက်ပြီးတော့ ဘီလူးမက သူ့သားကို ပြောနေတယ်။ သားတို့ အမေတို့ဟာ ဘဝသံသရာ ကျင်လည်တဲ့အခါ တရားတော်ကို မနာခဲ့ရလို့ အခုလို ယုတ်ညံ့နိမ့်ကျတဲ့ ဘီလူးဘဝကို ရောက်နေကြရတာ။ သံသရာ တစ်လျှောက်လုံး ခင်ပွန်းလင် သားသမီးကိုပဲ ချစ်ခင်လာလို့ အခုလို ဆင်းရဲယုတ်ညံ့တဲ့ ဘီလူးဘဝကို ရောက်နေကြရတာပါပဲ၊ ချစ်တဲ့ခင်ပွန်းလင်နဲ့ သားသမီးတွေက ဆင်းရဲဒုက္ခမှ လွတ်အောင် မဆောင်ရွက်ပေးနိုင်ဘူး၊ ဘုရားရှင်ဟောနေတဲ့ တရား ကိုသာ ချစ်ခင် မြတ်နိုးခဲ့မယ်ဆိုရင် အခုလို ယုတ်ညံ့တဲ့ ဘီလူးဘဝကနေ လွန်မြောက်နိုင်တယ်။ အဲဒီတော့ သားအနေနှင့် ငြိမ်ငြိမ်လေး နေပေးပါ။ အမေ တရားကို စူးစိုက်ပြီး နာပါရစေ။ သားလည်း တရားကို စူးစိုက်ပြီး နာပါ။ ညီမလေးကိုလည်းပဲ မဆူအောင် သားက ထိန်းပေးပါ။ ဘီလူးမက ပြောနေတဲ့ စကားပါ။ အလွန်ကိုပဲ တရားကို စူးစိုက် စူးစိုက်ပြီး ဘာဝနာဆိုက်အောင်နာတဲ့ ဘီလူးမက ပြောတဲ့ စကားပါ။ ဝတ်ကျေ တန်းကျေနာတဲ့ တရားနာပရိသတ်က ပြောနေတဲ့ စကား မဟုတ်ပါဘူး။ အလွန်ကိုပဲ လေးနက်တဲ့ စကားပါပဲ။

အဲဒီတော့ တရားနာတဲ့အခါ အဲဒီလို ဘာဝနာဆိုက်အောင် စူးစိုက်ပြီးတော့ နာရမှာပါပဲ။ ကိုယ့်သားသမီးအရင်း နှစ်ဦးကိုပဲ မေ့ပြီး အစားအသောက်ကိုပဲ အငတ်ခံပြီးတော့ စူးစိုက်စူးစိုက်ပြီး တရားကို နာနေတာပါပဲ။ အဲဒီတော့ သားကလည်း လိမ္မာတယ်။ အမေ . . အမေပြောတဲ့စကား သား သဘောပေါက်ပါတယ်။ အဲတော့ သားလည်း တိတ်တိတ်နေပြီး ဘုရားရှင်ဟောတဲ့တရားကို စူးစိုက်ပြီး တော့ နာပါ့မယ်။ ညီမလေးကိုလည်းပဲ အစာရေစာ မပူဆာဖို့ သားပြောပေးပါ့မယ်ဟု ပြန်ပြောလိုက်တယ်၊ ညီမလေး ဥတ္တရာကို လည်း "ညီမလေး--အမေရော အစ်ကိုရော တရားနာနေတယ်။ စူးစိုက်ပြီး တရားနာနေတယ်။ ညီမလေး တိတ်တိတ်လေး ငြိမ်ငြိမ်လေး ခဏနေပေးပါ။ အဲ့လို ပြောလိုက်တယ်။

မြတ်စွာဘုရားရှင်က တရားနာနေတဲ့ တရားနာပရိသတ်ရဲ့ စိတ်နေစိတ်ထားကို ကြည့်နေတယ်။ ကြည့်တဲ့အခါ ဒီဘီလူးမ သားအမိပြောနေတာကို မြင်တော့ သူတို့ရဲ့ တရားအဆင့် အတန်းကိုပါ ကြည့်လိုက်တဲ့အခါ တော်တော်ကိုပဲ ရင့်သန်နေပြီဆိုတာ သိလိုက် ရတယ်။ အဲဒီအခါမှာ နိရောဓသစ္စာဖြစ်တဲ့ နိဗ္ဗာန်ကို ဟောနေတာ ကနေ ရပ်ပြီးတော့ သစ္စာလေးပါးဘက်ကို ပြန်ပြီးတော့ အပြည့်အစုံ ဟောပေးလိုက်တယ်။ သစ္စာလေးပါးဆိုတော့ ဓမ္မစကြာမှာလာတဲ့ အတိုင်းပေါ့။

## သစ္စာလေးပါး ပါဠိတော်

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။**

**ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာ ဒုက္ခာ။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ။ သေယျထိဒံ - ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။**

**ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။**

ပရိသတ်တွေ ခမ္မစကြာပါဠိလည်း ရဖူးပြီးသားပဲ။ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးရဲ့လင်္ကာလေးနှင့် ဆင်ခြင်လိုက်ရအောင်၊ အားလုံးပဲ ကိုယ့်ခန္ဓာကိုယ်ပဲ ဉာဏ်စိုက်ပြီးတော့ လိုက်ဆိုလိုက်ကြရအောင်။

## သစ္စာ(၄)ပါး လင်္ကာ

၁။ ပဋိသန္ဓေ၊ အိုနာသေဟု လေးထွေရင်းမြစ် ဒုက္ခဖြစ်၏။
မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့် လိုလည်းမရ အကျဉ်းပြသော်
ပဉ္စုပါဒါ ငါးခန္ဓာ သစ္စာဒုက္ခ မှန်မောလှ။

၂။ ဒုက္ခဖြစ်ကြောင်း မကောင်းတဏှာ လောဘမှာ သစ္စာ
သမုဒယ မှန်မောလှ၊

၃။ တဏှာချုပ်ရာ နိဗ္ဗာန်မှာ သစ္စာနိရောဓ မှန်မောလှ၊

၄။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသောအသိ ကောင်းဘိ
အကြံ ကောင်းသံဆိုပြော ကောင်းသောအပြု ကောင်းမှု
သက်မွေး ကောင်းရေးလုံ့လ ကောင်းထသတိ
ကောင်းမည့်တည်ကြည် ဤရှစ်မည် တွင်ညီမဂ္ဂ
မှန်မောလှ။

သာဓု . . သာဓု . . သာဓု။

## သားသမီးဆင်ဆက် တရားကို ပိုချစ်ရကျိုး

သစ္စာလေးပါးကို အကျယ်ဟောလိုက်တဲ့အခါ ပုနဗ္ဗသုမာတာ မိသားစုထဲက မိခင်ဘီလူးမကြီးရော သားလေး ပုနဗ္ဗသုပါ သားအမိနှစ်ယောက် သောတာပန်ဖြစ်သွားတယ်။ သောတာပတ္တိ မဂ်ဖိုလ်ရပြီး သောတာပတ္တိ မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားတယ်။ သမီးငယ် ဥတ္တရာကတော့ ငယ်လွန်းနေတော့ သောတာပန်မဖြစ်ဘူး။ မူလတုန်းက သူတို့သားအမိ သုံးယောက်လုံးဟာ အလွန်ဆင်းရဲတယ်။

ခန္ဓာကိုယ်ကလည်း အလွန်ရုပ်ဆိုးတယ်၊ စားစရာမရှိ၊ နေစရာမရှိ၊ ရှာဖွေပြီးတော့ ဆင်းဆင်းရဲရဲနဲ့ ဘဝကို ရုန်းကန်ရပ်တည်ရတယ်။ အခု ပုနဗ္ဗသုမာတာ ဘီလူးမ တရားနာတာက သားသမီးခင်ပွန်းလင်ထက် တရားကို ပိုချစ်ပြီး ဘာဝနာဆိုက်အောင် နာလိုက်တဲ့အတွက် သောတာပတ္တိ မဂ်ဖိုလ် နိဗ္ဗာန် လောကုတ္တရာချမ်းသာ ရသွားပြီဆိုတော့ သူတို့ ရုပ်ရည်တွေကလည်း ကြမ်းတမ်းတဲ့ ဘဝကနေ ချောမောလှပ သွား တယ်။ ဒါတင်မက နတ်စည်းစိမ် နတ်ချမ်းသာတွေ နတ်ဘုံ ဗိမာန်တွေ အစားအသောက်တွေ အကုန်လုံးရရှိ ပြည့်စုံသွားပြီ။ ဒါတင်မက ဇေတဝန်ကျောင်းအနီးက ဘုံဗိမာန်တစ်ခုကိုလဲ ရလိုက်တယ်။

ပုနဗ္ဗသုမာတာ ဘီလူးသားအမိတို့ဟာ ဘာဝနာကုသိုလ် တရားကို ဖက်လိုက်တဲ့ အတွက် (၁)လောကုတ္တရာ သောတာပတ္တိ မဂ်ဖိုလ်ချမ်းသာ (၂)နံပါတ် နတ်စည်းစိမ် နတ်ချမ်းသာ (၃)နံပါတ် ဘုံဗိမာန်တို့ကို ရသွားတယ်။ ဒါဟာ သဂါထာဝဂ္ဂ ယက္ခသံယုတ်မှာ ပုနဗ္ဗသုသုတ် ဆိုပြီးတော့ လာရှိပါတယ်။ အဲဒီတော့ ဒီတရားမှာ ဘာက အဓိကလည်းဆိုတော့ သစ္စာလေးပါးတရားက အဓိကပါပဲ။ စောစော က ဘုန်းဘုန်းတို့ သောဠသသစ္စာ စေတီ တည်တော့ သစ္စာအနက် (၁၆)ချက်နဲ့ ရွတ်ဆို တည်ခဲ့ကြတယ်။ ဒီသစ္စာအနက်(၁၆)ချက်ကိုလည်း ဘုရားရှင်က အကျယ်ဟောပေး လိုက်တာပါပဲ။ ဘုရားရှင်ဟာ ဓမ္မစကြာ မှာ လာတဲ့အတိုင်း ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ စသည်ဖြင့် သစ္စာလေးပါး အကျဉ်းဟောပြီးတော့ သစ္စာအနက်(၁၆)ချက်ကိုလည်း အကျယ်ဆက်ပြီး ဟောပြလေ့ရှိတယ်။ ဒီလို သစ္စာဒေသနာ အကျယ် ဟောလိုက်တဲ့အခါမှ တရားနာပရိသတ်ဟာ သစ္စာသိမြင် ပြီးတော့ မဂ်ဖိုလ် နိဗ္ဗာန်ရ ကျွတ်တန်းဝင်သွားရတယ်။

## သစ္စာအနက် (၁၆)ချက်

သစ္စာလေးပါး ပါဠိကတော့ ဓမ္မစကြာမှာ လာတာဆိုတော့ အရများကြပါတယ်။ သစ္စာအနက် (၁၆)ချက်ကတော့ အတွေ့နည်းတာပေါ့လေ။ အခု ဖြန့်ဝေလိုက်တဲ့ သောဠသသစ္စာစေတီဟာ သစ္စာအနက် (၁၆)ချက်နဲ့ တည်ထားလိုက်တဲ့အတွက် ဒီသစ္စာအနက် (၁၆)ချက်ကိုပဲ ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်း ရွတ်သွားမယ်ဆိုရင် သစ္စာအနက်သဘော (၁၆)ချက်ကို သဘောပေါက်သွားရင် သစ္စာတရားတွေလည်း ထိုက်သလောက် နားလည်သွားမှာပါပဲ။ သစ္စာလေးပါးမှာ တစ်ပါး တစ်ပါးမှာ အနက်က လေးချက်လေးချက်စီရှိတယ်၊ (၄×၄)လီ ဆိုတော့ (၁၆)ချက်ပေါ့။ စောစောပိုင်းက တရားပွဲမှာ လက်ကမ်းတဲ့အခါ စာရွက်လည်းပဲ ဖြန့်ဝေထားတယ်။ အဲဒီစာရွက်မှာတော့ ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ကြီးရဲ့ ပကိဏ္ဏကနမက္ကာရမှာ လာတဲ့အတိုင်း သစ္စာအနက် (၁၆)ချက် ဆိုပြီးတော့ လင်္ကာလေးတွေကို ဖော်ပြ ဖြန့်ဝေပေးထားတယ်။ အဲဒီတော့ ဒုက္ခသစ္စာအနက်က ပီဠနဋ္ဌအနက်, သင်္ခတဋ္ဌအနက်, သန္တာပဋ္ဌအနက်, ဝိပရိဏာမဋ္ဌအနက်အားဖြင့် (၄)ချက်ပါ၊ သမုဒယသစ္စာအနက်ကလည်း အာယူဟနဋ္ဌအနက်, နိဒါနဋ္ဌအနက်, သံယောဂဋ္ဌအနက်, ပလိဗောဓဋ္ဌအနက်အားဖြင့် (၄)ချက်ပါပဲ၊ နိရောဓသစ္စာအနက်ကလည်း နိဿရဏဋ္ဌအနက်, ဝိဝေကဋ္ဌအနက်, အသင်္ခတဋ္ဌအနက်, အမတဋ္ဌအနက်အားဖြင့် (၄)ချက်ပဲ၊ မဂ္ဂသစ္စာအနက်ကလည်း နိယျာနဋ္ဌအနက်, ဟေတုဋ္ဌအနက်, ဒဿနဋ္ဌအနက်, အဓိပတေယျဋ္ဌအနက်အားဖြင့် (၄)ချက်ပဲ။ ပေါင်းလိုက်တော့ သစ္စာအနက် (၁၆)ချက်ဖြစ်လာတယ်၊ အဲဒီ (၁၆)ချက်နှင့် ဆင်ခြင်လိုက်လို့ရှိရင် သောဠသသစ္စာစေတီ တည်နည်းဟာ နားလည်သွားတာပါပဲ။ စာရွက်လည်း ဖြန့်ဝေပေးထားပြီဆိုတော့ ဖြန့်ဝေထားတဲ့ စာရွက်ကို ကြည့်ပြီးတော့ သောဠသသစ္စာစေတီတော်ကို ရွတ်ဆို တည်ထားလိုက်ကြ ရပါမည်။

## သစ္စာအနက် ဆယ့်ခြောက်ချက်အားဖြင့် သစ္စာအနက် ဆယ့်ခြောက်ပါး ပါဝင်သည့် သောဠသ (သစ္စာ) စေတီတော် တည်နည်း

### (ဒုက္ခသစ္စာအနက်–၄–ချက်)

၁။ လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန် ကပ်ငြိလျက်၊ ဖိစီးနှိပ်စက် တတ်သော၊ **ပီဠနအနက်**။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့သည်၊ ပြုပြင် စီရင်အပ်သော၊ **သင်္ခတအနက်**၊ မရောင့်ရဲစွာ၊ သတ္တဝါတို့ကို၊ လောင်ဆာပူပန် စေတတ်သော၊ **သန္တာပအနက်**၊ ဇရာ မရဏ၊ သောက ပရိဒေ်တို့ဖြင့်၊ ဖောက်ပြန်ပျက်စီးတတ်သော၊ **ဝိပရိဏာမ အနက်**တည်းဟူသော၊ လေးပါးသော၊ ဒုက္ခသစ္စာ၏ အနက်တို့ကိုရင်း။

### (သမုဒယသစ္စာအနက်–၄–ချက်)

၂။ အစမထင်၊ သံသရာ၌၊ လူးလာစုန်ဆန်၊ အဖန်ဖန်သွားလာ စေခြင်းငှာ၊ အားထုတ်တတ်သော **အာယူဟနအနက်**၊ ဝဋ်ဆင်းရဲ အပေါင်း၏၊ အကြောင်းမူလဖြစ်သော **နိဒါနအနက်**၊ ဝဋ်ဆင်းရဲ၌၊ အမြဲပျော်ရွှင်၊ တမင်မင်ဖြင့်၊ ကျင်လည်စေတတ်သော၊ **သံယောဂ အနက်**၊ ဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်းဖြစ်သော၊ မဂ္ဂသစ္စာကို၊ ဆီးကာတားမြစ်တတ်သော၊ **ပလိဗောဓအနက်**တည်းဟူသော၊ လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုရင်း။

### (နိရောဓသစ္စာအနက်–၄–ချက်)

၃။ သံသရာဝဋ်မှ၊ ထွက်လွတ် ကူးမြောက် ပြီးသော၊ **နိဿရဏ အနက်**၊ သင်္ခါရတို့မှဆိတ်သော၊ **ဝိဝေကအနက်**၊ ပြုပြင်ခြင်း ကင်း သော **အသင်္ခတ အနက်**၊ သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်း ချမ်းသာသော **အမတအနက်**တည်းဟူသော၊ လေးပါးသော နိရောဓ သစ္စာ၏ အနက်တို့ကိုရင်း၊

## (မဂ္ဂသစ္စာအနက်–၄–ချက်)

၄။ ဝဋ္ဋဒုက္ခအပေါင်းတို့မှ ကောင်းစွာ ထွက်မြောက်တတ်သော၊ **နိယျာနိကအနက်၊** နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော **ဟေတုအနက်၊** နိဗ္ဗာန်ကို မြင်တတ်သော **ဒဿနအနက်၊** သင်္ခါရတရားမျိုးတို့ကို အစိုးရသော၊ **အဓိပတေယျအနက်**တည်းဟူသော၊ လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကို လည်းကောင်း၊

အကြောင်းအကျိုးအားလျော်စွာ၊ လေးသစ္စာတို့ကို၊ ဒဿနာကာရဖြင့်၊ သောဠသ ဝေဖန်၍၊ ရွှေညာဏ်ထင်ထင်၊ ရွှေလက်တင်ပတ္တမြားကဲ့သို့၊ ပိုင်းခြားသိမြင်တော်မူသည့် အလျောက်၊ အထောက်အခံ၊ ကံညာဏ်ကြီးရင့်၊ ပွင့်ထိုက်သော သတ္တဝါ၊ ဝေနေယျာတို့ကို၊ ပွင့်ပါစေနှလုံးဖြင့်၊ စွေချွန်းထစ်ကြိုး၊ ရှစ်ကိုးနယ်ကုန်၊ သုန်သုန်ပြင်းဝှန်၊ ရွာဖျန်းသွန်သော၊ မေဃဝန် တမျှ၊ ဓမ္မဘေရီ၊ မေဒနီကို၊ နာရီမလပ်၊ လူနှင့်နတ်အား၊ မပြတ်တိုက်ကျွေး၊ ပေးတော်မူတတ်သော၊ သုံးရပ်လုံးဆရာ၊ ဒေဝါဓိဒေဝိန္ဒ၊ ဗြဟ္မာဓိ ဗြဟ္မိန္ဒ၊ တိဘဝပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်းကျစ်၊ မဟာဓမ္မရာဇ်၊ မြတ်ရှင်ချစ်ကို၊ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။ သာဓု သာဓု သာဓု

*(ပကိဏ္ဏကနမက္ကာရဘုရားရှိခိုး)*

ဘုန်းဘုန်းတို့ ခေါင်းစဉ်တည်ထားတဲ့ **"တရားဖက်မှ ချမ်းသာရ"** ဆိုတဲ့နာမည်အတိုင်း ဒါနကုသိုလ် တရားဖက်မှ ချမ်းသာရ၊ သီလကုသိုလ် တရားဖက်မှ ချမ်းသာရ၊ ဘာဝနာကုသိုလ် တရားဖက်မှ ချမ်းသာရဆိုပြီး (၃)မျိုးလုံးကို ပြောပြီးပါပြီ၊ အဲဒီတော့ ဒါနကုသိုလ်ပြုနည်း၊ သီလ ကုသိုလ်ပြုနည်း၊ တရားနာတဲ့ ဘာဝနာကုသိုလ်ပြုနည်းတွေလည်း သိသွားပြီ ဖြစ်တဲ့အတွက် နေ့စဉ်နေ့တိုင်း ဒါနကုသိုလ်တရားဖက်ပြီး သီလဥပုသ်ကုသိုလ်တရား ဖက်ပြီးတော့ ဘာဝနာကုသိုလ်တရား ဖက်ပြီးတော့ ချမ်းသာသုခအမျိုးမျိုးကို ရရှိနိုင်ကြပါစေကုန်သတည်း . . . သာဓု သာဓု သာဓု . . .။

❁❁❁❁❁

# (၁) ခင်ပွန်းလင်ထက် တရားကို ပိုချစ်သူ (ကဗျာ)

(၁) ဘုန်းတော်ခြောက်စုံ၊ တန်ခိုးဂုဏ်ကို
လွှမ်းခြုံထားဘိ၊ မြတ်မုနိ၏
သာဝတ္ထိပြည်မှန်၊ ဇေတဝန်ဝယ်
တံခွန်သဖွယ်၊ လွန်တင့်တယ်လျက်
စမ္ပါယ်စဉ်ခါ၊ မြတ်သံဃာကို
ကရုဏာရှေ့ထား၊ မေတ္တာအားဖြင့်
တရားရေအေး၊ အမြိုက်ဆေးကို
တိုက်ကျွေးဖန်ဖန်၊ ဓမ္မက္ခန်ကား
နိဗ္ဗာန်နှင့်စပ်၊ တရားမြတ်မို့
ကြားလတ်သူငါ၊ နိဗ္ဗူတာသို့
လျှင်စွာထုတ်ခြောက်၊ ဆိုက်ကာရောက်မည်
တောက်လျှောက်ပုံသေ မလွဲတည်း။

(၂) ရှင်တော်ဘုရား၊ ဟောမြွက်ကြားသည်
တရားနှင့်စပ်၊ လွန်လေးမြတ်၍
ပုနဗ္ဗသု၊ သားရွှေဥ၏
မာတုယက္ခီ၊ နှုတ်ဝစီဖြင့်
နှစ်ဆီချိုဆိမ့်၊ ပီတိစိမ့်အောင်
နှစ်သိမ့်စေတောင်း၊ စကားပေါင်းကား
ဂုဏ်ကောင်းရပ်ရပ်၊ အထပ်ထပ်ဖြင့်
ရစ်ပတ်နေငြား၊ အို . . ငါ့သား
ရှင်တော်မြတ်ဖျား၊ မြတ်တရားကို
ဟောကြားနေစဉ်၊ သားရွှေစင်သည်
တမင်တိတ်တိတ်၊ နှုတ်ကိုပိတ်၍
ဆိတ်ဆိတ်နေစမ်း စေချင်သည်။
(၃) ဥတ္တရာဟု၊ သညာမည်သ
သမီးကလည်း၊ သားလှနည်းတူ
မည်ဆူပဲ၊ ပြုမူငြိမ်သက်
ခြေနှင့်လက်တို့၊ လှုပ်ယှက်မရှိ၊
ဗိုင်းကျောက်ဘိသို့၊ ပိရိစွာပေ နေပါလေ . . .။
(၄) သံသရာဝဋ်၊ တဏှာညွတ်မှ
မလွတ်ထည့်အောင်၊ ဖွဲ့ကာနှောင်၍
ဆွဲဆောင်မှုက၊ လွန်ပြင်းပြသည့်
ဂန္ထ လေးသွယ်၊ အန္တရာယ်မှ
ကယ်ဆယ်ပေတတ်၊ တရားမြတ်ကို
ကြားလတ်ချင်တာ၊ မေမေကြာပေါ့
ခုခါရံသင့်၊ ကံထောက်ပင့်၍
နာခွင့်ရပေ ငါ့သားရေ။

(၅) တဖြာသတ္တ၊ ဤလောကဌ်
များလှသီးသီး၊ သားသမီးနှင့်
တစ်နည်းချစ်လင်၊ ဘယ်လိုခင်လည်း
ရှင်ပင်ဟောထ၊ မြတ်ဓမ္မကို
ကြားရဖို့တွက်၊ ရှာမှီးချက်က
ဆထက်များစွာ၊ လွန်ကဲသာသည်
မေဟာဝင်္ဂမှ လွတ်ချင်လို့။
(၆) တရားဓမ္မ၊ နာကြားကလျှင်
ဒုက္ခထွေထွေ၊ လွန်မြောက်စေသို့
တွက်ရေများဖြင့်၊ သမီးလင်နှင့်
သားပင်ဖြစ်ထ၊ ဘယ်သူမှလျှင်
ဒုက္ခပင်လယ်၊ သံသာနယ်မှ
မကယ်တင်နိုင်၊ ငေးကာမှိုင်သည်
ယိမ်းယိုင်နွမ်းလျှ ပင်ပန်းစွ။
(၇) ဆင်းရဲဖုံဖုံ၊ ကကြိုးစုံအောင်
ကခုံနေရ၊ ဤလောကဌ်
အိုကြတန်တန်၊ သေဖန်ဖန်မှ
လွတ်ရန်ဗုဒ္ဓ၊ ဟောညွှန်ပြသည့်
ဓမ္မရေစင်၊ မသောက်ချင်၍
တမင်သက်သက်၊ နှုတ်မမြွက်ပဲ
ငြိမ်သက်စွာနေ ငါ့ . . သားရေ။
(၈) မေတ္တာရွှေမိုယ်း၊ ရွှာသွန်းဖြိုး၍
မျိုးမျိုးကြင်နာ၊ ကရုဏာဖြင့်
ညှာတာပါပေ၊ အို . . မွေးမေ၊
သားလေလုံး၀၊ ခွန်းပါဒမျှ
မဟာမြွက်ကာ၊ နေမှာပါတည်း၊

လွန်စွာအေးဆေး၊ နှမလေးလည်း
ဟစ်ကြွေးကင်းလျှက်၊ လွန်ငြိမ်သက်၏။
တရားဖက်မှ၊ ချမ်းသာရဟု
များစွထိုထို၊ ကျမ်းအဆိုကို
ခုလိုသိမြင်၊ တရားမင်က
ခုပင်ကြိုးကုတ်၊ မေ အားထုတ်သော်
အဟုတ် မဂ်ဖိုလ် ရလိမ့်တည်း။
(၉) ခပင်းပြောထူ၊ များဗိုလ်လူတို့
လေးဆူသစ္စာ၊ မသိပါ၍
သံသာကမ်းတိုင်၊ မလှမ်းနိုင်ပဲ
ယိမ်းယိုင်ခါခါ၊ လည်ရရှာတောင်း
ဤအကြောင်းကို၊ ကောင်းကောင်းသိပေ
အို . . . မေမေ၊
သိပေသည့်တိုင်း၊ မဆုတ်ဆိုင်းဘဲ
ကိုင်းရှိုင်းဗုဒ္ဓ၊ မြတ်ဓမ္မကို
ကျနသေချာ၊ အားထုတ်ရာသည်
ဒါဟာ မေမေ့တာဝန်တည်း . . ။
(၁၀) နောက်ဆုံးရလာ၊ ငါးခန္ဓာကို
ငဲ့ညှာကင်းပ၊ မြတ်ဗုဒ္ဓသည်
ဉာဏစက္ခု၊ ဤငါးခုကို
အားပြုပြီးကာ၊ အဝိဇ္ဇာမှောင်
ပိတ်ကာလှောင်သည့်၊ များမြောင်လူနတ်
မြင်မှန်လတ်အောင်၊ လင်းဓာတ်ဖြန့်ချီ
အမြိုက်ဆီကို၊ လီလီပက်ဖျန်း
အံ့ဘနန်းဖြင့်၊ ဆော်ယွမ်းစည်ကြီး
ရိုက်ခတ်တီးသည်၊ သမီးသားတို့ ကောင်းဖို့သော်။

(၁၁) ငါ့ရင်မှာဖွား၊ ငါ့ရဲ့သားသည်
ဉာဏ်အားရောင်ဖိတ်၊ ဂုဏ်ထွတ်ထိပ်ဖြင့်
ပဏ္ဍိတ်ဖြစ်နေ၊ ဤအခြေသည်
လွန်လေကောင်းစွ၊ အို .. ကောင်းစွ ...။
ငါ့ရဲ့ရွှေရင်၊ ဖွားကာမြင်သည့်
ရွှေစင်သားလှ၊ မြတ်ဗုဒ္ဓ၏
ဓမ္မခပင်း၊ မြတ်နိုးခြင်းလည်း
လွန်မင်းငါ့ဝယ်၊ အားရဖွယ်ဟု
စိတ်ဝယ်ယူဆ၊ ချမ်းသာလှ၏
ကောင်းကောင်းစွ၊ ဩော် .. ကောင်းစွ ..။
(၁၂) မေမေ့မျက်ရှု၊ ရွှေလိုဥသည့်
အိုကွယ့် ပုန္နသု ..
မေမေခုခါ၊ သံသရာမှ
ဟိုမှာဘက်ကမ်း၊နိဗ္ဗာန်နန်းသို့
ဖြောင့်တန်းမလွဲ၊ ရောက်သည့်နဲသို့
သားလဲတူစွာ၊ ရောက်ရှိပါ၏
သစ္စာလေးပါး၊ မြတ်တရားကို
ဒို့သားအမိ၊ ကောင်းကောင်းသိဟု
လက်ရှိရင်သွေး၊ နုနယ်သေးသည့်
သမီးလေးခမြာ၊ ဥတ္တရာလည်း
လွန်စွာပြန့်သင်း၊ ဤသတင်းကို
ပင်ရင်းတိုင်းပင်၊ သိစေချင်သည့်
ဤလျှင် --- မေမေ့ မေတ္တာတည်း ...။

**သစ္စနော်ဒယကျောင်းဆရာတော်**
၁၃၆၆ ခုနှစ်၊ တော်သလင်းလ၊
လပြည့် (၂၈. ၉. ၂၀၀၄ နေ့)

ဘီလူးတွေပင်ဖြစ်သော်လည်း ပုနဗ္ဗသု ဘီလူးသားအမိတို့၏ စိတ် ဓာတ်နူးညံ့၍ တရားတော်ကို ချစ် မြတ်နိုးပုံပြ သဂါထာဝဂ္ဂ သံယုတ် ပုနဗ္ဗသုသုတ်ကို ဘာသာပြန်၍ လင်္ကာဖြင့် တန်ဆာဆင်ပါသည်။

❀❀❀❀❀

## ခင်ပွန်းလင်ထက် တရားကိုပိုချစ်သူ (စကားပြေ)

သဝဏ္ဏေဘ ယချောင်းဆရာတော်

၁။ သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံး နေထိုင်တော်မူစဉ် သံဃာတော် အရှင်သူမြတ်တို့အား နိဗ္ဗာန်နှင့်စပ်သော တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၏။ နိဗ္ဗာန်နှင့်စပ်သော တရားတော်ဖြစ်သောကြောင့် ကြားနာရသူ နတ်နှင့်လူတို့ နိဗ္ဗူသို့ ထုတ်ခြောက် ရောက်ဖို့ရာ သေချာသည်။

၂။ သားဖြစ်သူ ပုနဗ္ဗသု၏ မိခင် ဘီလူးမသည် ဘုရားရှင် ဟောကြားအပ်သော နိဗ္ဗာန်ရောက်ကြောင်း တရားကို လွန်စွာမြတ်နိုး နှစ်သက်သည်ဖြစ်၍ ရှင်တော်ဘုရား တရားဟောကြားတော်မူစဉ် အတောအတွင်းမှာ မလှုပ်မယှက် ငြိမ်သက်စွာဖြင့် တဆိတ် တိတ်တိတ် နေစေချင်သည် ငါ့သားဟု . . . ပုနဗ္ဗသုအား ချိုသာသောစကားဖြင့် ဖြောင့်ဖြနှစ်သိမ့်စေ၏။

၃။ သမီးလေး ဥတ္တရာလည်း သားလေး နည်းတူ မဆူညံပဲ မလှုပ်မယှက် ငြိမ်ငြိမ်သက်သက် နေပါလေ။

၄။ သံသရာဝဋ်မှ မလွတ်အောင် တုတ်နှောင်မှု ဆွဲဆောင်မှု အလွန်ပြင်းပြသည့် ဂန္ထတရားလေးပါးမှ လွတ်မြောက်စေနိုင်သော တရားသည် နိဗ္ဗာန်ဖြစ်သည်။ အဲဒီ နိဗ္ဗာန်တရားကို မေမေ နာကြားချင်တာ ကြာလှပါပြီ။ ကံကောင်းထောက်ပင့်သဖြင့် ခုမှ နာကြားခွင့်ရသည် ငါ့သားရေ။

၅။ လူ့ဘုံလူ့ဌာနတည်းဟူသော ဤသတ္တလောကကြီး၌ ချစ်လှစွာသောသား၊ ချစ်ရပါသောသမီး၊ ချစ်ခင်မြတ်နိုးစရာ ကောင်းလှပါတဲ့ လင်တို့ကို ဘယ်လိုပင် ချစ်မြတ်နိုးတယ် ဆိုပေမယ့် အဆိုပါ ချစ်လင်ချစ်သား ချစ်သမီးတို့ထက် ဘုရား၏ နိဗ္ဗာန်တရားကို ပိုမိုမြတ်နိုးတယ်။ ဘာ့ကြောင့် မြတ်နိုးတာလဲဆိုလျှင် မေမေဟာ သံသရာဝဋ်မှ လွတ်ချင်လွန်းလို့ပဲ။

၆။ တရားတော်နာကြားရလျှင် ထိုတရားတော်က ဆင်းရဲဒုက္ခ ပင်လယ်မှ လွတ်မြောက်အောင် ကယ်နိုင်သလို ဘယ်လင်ဘယ်သား ဘယ်သမီးကမှ သံသရာဝဋ်မှ မကျွတ်လွတ်စေနိုင်ဘူး။ ဒါကြောင့် သတ္တဝါတွေဟာ ဝေးမှိုင်ယိမ်းယိုင်ကာ နွမ်းလျပင်ပန်းကြရတယ်။

၇။ ဒုက္ခမျိုးစုံ ကကြိုးစုံအောင် ကခုန်နေရသော ဤလူ့လောက၌ အိုရတာ အတန်တန်၊ သေရတာ အဖန်ဖန်မှ လွတ်မြောက်နိုင်ရန် ဟောညွှန်ပြသည့် ဗုဒ္ဓ၏ ဓမ္မရေစင်ကို မေမေသောက်ချင်တယ်။ တမင် သက်သက် ငြိမ်သက်စွာနေပါလေ ငါ့သားရေ။

၈။ သားဖြစ်သူ ပုနဗ္ဗသုက သူ့အမေ ဘီလူးမအား ပြန်ပြော ပြသည်မှာ . . . မေတ္တာရွှေမိုယ်း ရွာသွန်း ဖြိုး၍ အမျိုးမျိုးကြင်နာ ညှာတာပါပေ . . . အို . . . မွေးမေမေ သားလေးလုံးဝ ခွန်းပါဒမျှ မဟပါဘူး၊ နှမလေးခမြာ ဥတ္တရာလည်း မလှုပ်မယှက် ငြိမ်သက်စွာဖြင့် ဘာတစ်ခွန်းမျှ ပြောဆိုခြင်းမရှိပါ--**"တရားဖက်မှ ချမ်းသာရ"**တယ် ဟူသော စာအဆိုကို ခုလိုသဘောပေါက်ကာ တရားအားထုတ်လျှင် နိဗ္ဗာန်မဂ်ဖိုလ်ကို ရနိုင်တာ သေချာပါတယ်။

၉။ ခပင်းပြောထူ များဗိုလ်လူတို့ လေးဆူသောသစ္စာကို မသိသည့် အတွက် သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ မတက်လှမ်းနိုင်ပဲ တဝဲ လယ်လယ် လည်ပတ်နေရတယ်ဆိုတာ မေမေ သိပါတယ်။ သိသည့် အတိုင်း ဗုဒ္ဓကို ချဉ်းကပ်၍ ဗုဒ္ဓညွှန်ပြသော လမ်းစဉ်အတိုင်း တရား အားထုတ်ဖို့ရာဟာ မေမေ့ တာဝန်ပါ။

၁၀။ မြတ်ဗုဒ္ဓသည် နောက်ဆုံးရထားသော ငါးခန္ဓာကို မငဲ့ညှာပဲ ဥာဏစက္ခု ဤငါးခုကို အားပြုကာ အဝိဇ္ဇာအမှောင် ပိတ်ကာ လှောင်ခြင်း ခံနေရသော နတ်လူတွေကို အမြင်မှန်ရအောင် အလင်း ဓာတ်ဖြန့်ချီ တရားတည်းဟူသော အမြိုက်ဆေးကို အလီလီပက်ဖျန်း၍ အံ့ဘနန်းဖြစ်လောက်အောင် ဆော်ယွန်းခတ်တီးသည့် တရားတည်း ဟူသော စည်တော်ကြီးဟာ သားတို့သမီးတို့ ကောင်းစားရေးအတွက် ဆိုလည်း မလွဲဘူး။

၁၁။ ငါ့ရင်မှာဖွား ငါ့ရဲ့သားလည်း ဉာဏ်အားရောင်ဖိတ် ဂုဏ်ထွန်း ထိပ်ဖြင့် ပဏ္ဍိတ်တစ်ဆူ ဖြစ်နေတာကို သိရလို့လည်း ကောင်းစွ ကောင်းစွ ဩော်ကောင်းစွဟု သာဓုခေါ်မိပါတယ်။ မေ့ရင်မှာဖွားသည့် မေမေ့သား က ဗုဒ္ဓတရားကို မြတ်နိုးတယ်ဆိုတာကို သိရသည့်အတွက် မေ့ရင်မှာ တသိမ့်သိမ့်နဲ့ ပီတိတွေ စိမ့်ရပါတယ်။ ဒါအတွက်လည်း သာဓုပါကွယ် ငါ့သားရယ်။

၁၂။ မေမေ့ မျက်ရှု ရွှေလိုဥသည့် အိုကွယ့် ပုနဗ္ဗသု . . မေမေခုခါ သံသရာမှ ဟိုမှာဖက်ကမ်း နိဗ္ဗာန် နန်းသို့ ရောက်ရှိနေပါပြီ။ သားလည်း မေမေ့နည်းတူ ဟိုမှာဖက်ကမ်း နိဗ္ဗာန်နန်းသို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်ရှိနေပါပြီ။ ဒို့သားအမိ သစ္စာလေးပါးကို ကောင်းကောင်းကြီး သိရှိကြလေပြီဟု မေမေ့ ရင်သွေး နုနု နယ်နယ် ဥမမယ်သည့် သမီးလေး ဥတ္တရာလည်း လွန်စွာပျံ့သင်း ဤသတင်းကို ပင်ရင်းအတိုင်း သိစေချင်သည်။ ဤသည်ပင် သမီးလေး ဥတ္တရာ နောင်ကောင်းဖို့ အတွက် သန့်စင်သော မေတ္တာရေ သွန်းဖျန်းချက် ဖြစ်ပါသတည်း။

(မှတ်ချက်) ဤစကားပြေသည် ရှေ့တွင်ဖော်ပြပြီးခဲ့သော ခင်ပွန်းလင်ထက် တရားတော်ကိုပိုချစ်သူ (ကဗျာ) အား တစ်ပိုဒ်ခြင်း အဓိပ္ပါယ်ဖွင့်ဆို ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

❋❋❋❋❋

# (ဂ) သစ္စာအနက် (၁၆)ချက် ပါဝင်သည့်
# သောဠသ(သစ္စာ) စေတီတော်တည်နည်း




၅။ သောတာပတ္တိ သမုဒယသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၄။ သောတာပတ္တိ ဒုက္ခသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၃။ သောတာပတ္တိ ဒုက္ခသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၂။ သောတာပတ္တိ ဒုက္ခသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၁။ သောတာပတ္တိ ဒုက္ခသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၁၀။ သောတာပတ္တိ နိရောဓသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၉။ သောတာပတ္တိ နိရောဓသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၈။ သောတာပတ္တိ သမုဒယသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၇။ သောတာပတ္တိ သမုဒယသစ္စာ ဉာဏ်တော် သမ္ပဒါဂတော
၆။ သောတာပတ္တိ သမုဒယသစ္စာ ဉာဏ်တော် သမ္ပဒါဂတော

## သစ္စာအနက် ဆယ့်ခြောက်ချက်အားဖြင့် သစ္စာအနက် ဆယ့်ခြောက်ပါး ပါဝင်သည့် ဘောဇ္ဈသ (သစ္စာ) စေတီတော် တည်နည်း

၁။ သော ဘဂဝါ ဒုက္ခသစ္စံ ပီဠနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ ပီဠနတ်ထဉာဏေန သမန်နာဂတော)
၂။ သော ဘဂဝါ ဒုက္ခသစ္စံ သင်္ခတဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ သင်ခတတ်ထ ဉာဏေန သမန်နာဂတော)
၃။ သော ဘဂဝါ ဒုက္ခသစ္စံ သန္တာပဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ သန်တာပတ်ထ ဉာဏေန သမန်နာဂတော)
၄။ သော ဘဂဝါ ဒုက္ခသစ္စံ ဝိပရိဏာမဋ္ဌဉာဏေန သမန္နာဂတော။
(သော ဘဂဝါ ဒုတ်ခသစ်စ ဝိပရိဏာမတ်ထဉာဏေန သမန်နာဂတော)
၅။ သော ဘဂဝါ သမုဒယသစ္စံ အာယူဟနဋ္ဌဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ အာယူဟနတ်ထ ဉာဏေန သမန်နာဂတော)
၆။ သော ဘဂဝါ သမုဒယသစ္စံ နိဒါနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ နိဒါနတ်ထ ဉာဏေန သမန်နာဂတော)
၇။ သော ဘဂဝါ သမုဒယသစ္စံ သံယောဂဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ သံယောဂတ်ထ ဉာဏေန သမန်နာဂတော)

၈။ သော ဘဂဝါ သမုဒယသစ္စ ပလိဗောဓေ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ သမုဒယသစ်စ ပလိဗောဓတ်ထ ဉာဏေန သမန်နာဂတော)
၉။ သော ဘဂဝါ နိရောဓသစ္စ နိဿရဏဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ နိတ်သရဏတ်ထ ဉာဏေန သမန်နာဂတော)
၁၀။ သော ဘဂဝါ နိရောဓသစ္စ ဝိဝေကဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ ဝိဝေကတ်ထ ဉာဏေန သမန်နာဂတော)
၁၁။ သော ဘဂဝါ နိရောဓသစ္စ အသင်္ခတဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ အသင်ခတတ်ထ ဉာဏေန သမန်နာဂတော)
၁၂။ သော ဘဂဝါ နိရောဓသစ္စ အမတဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ နိရောဓသစ်စ အမတတ်ထ ဉာဏေန သမန်နာဂတော)
၁၃။ သော ဘဂဝါ မဂ္ဂသစ္စ နိယျာနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ နိန်ယာနတ်ထ ဉာဏေန သမန်နာဂတော)
၁၄။ သော ဘဂဝါ မဂ္ဂသစ္စ ဟေတုဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ ဟေတုတ်ထ ဉာဏေန သမန်နာဂတော)
၁၅။ သော ဘဂဝါ မဂ္ဂသစ္စ ဒဿနဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ ဒတ်သနတ်ထ ဉာဏေန သမန်နာဂတော)
၁၆။ သော ဘဂဝါ မဂ္ဂသစ္စ အဓိပတေယျဋ္ဌ ဉာဏေန သမန္နာဂတော။
(သော ဘဂဝါ မဂ်ဂသစ်စ အဓိပတေယတ်ထ ဉာဏေန သမန်နာဂတော)

## သောဠသ သစ္စာ စေတီတွင် ပါဝင်သော သစ္စာအနက် (၁၆)ချက် ဉာဏ်တော်များ

၁။ ထိုမြတ်စွာဘုရားရှင်သည် လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန် ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်တတ်သော၊ ဒုက္ခသစ္စာ၏ **ပီဠနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၂။ ထိုမြတ်စွာဘုရားရှင်သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည်၊ ပြုပြင်စီရင်အပ်သော၊ ဒုက္ခ သစ္စာ၏ **သင်္ခတအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၃။ ထိုမြတ်စွာဘုရားရှင်သည် မရောင့်ရဲစွာ၊ သတ္တဝါတို့ကို၊ လွန်စွာပူပန် စေတတ်သော၊ ဒုက္ခ သစ္စာ၏**သန္တာပအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၄။ ထိုမြတ်စွာဘုရားရှင်သည် ဇရာ မရဏ၊ သောက ပရိဒေဝ်တို့ဖြင့်၊ ဖောက်ပြန်ပျက်စီးတတ်သော၊ ဒုက္ခသစ္စာ၏ **ဝိပရိဏာမအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၅။ ထိုမြတ်စွာဘုရားရှင်သည် အစမထင်၊ သံသရာ၌၊ လူးလာစုန်ဆန်၊ အဖန်ဖန်သွားလာ စေခြင်းငှာ၊ အားထုတ်တတ်သော သမုဒယသစ္စာ၏ **အာယူဟနအနက်**ကိုသိသောဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၆။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဆင်းရဲအပေါင်း၏၊ အကြောင်းမူလဖြစ်သော သမုဒယသစ္စာ၏ **နိဒါနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၇။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဆင်းရဲ၌၊ အမြဲပျော်ရွှင်၊ တမင်မင်ဖြင့်၊ ကျင်လည်စေတတ်သော၊ သမုဒယသစ္စာ၏ **သံယောဂအနက်**ကို သိသောဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၈။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော၊ မဂ္ဂသစ္စာကို၊ ဆီးကာ တားမြစ် တတ်သော၊ သမုဒယ သစ္စာ၏ **ပလိဗောဓအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၉။ ထိုမြတ်စွာဘုရားရှင်သည် သံသရာဝဋ်မှ၊ ထွက်လွတ် ကူးမြောက်ပြီးသော၊ နိရောဓသစ္စာ၏ **နိဿရဏအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၀။ ထိုမြတ်စွာဘုရားရှင်သည် သင်္ခါရတို့မှ ဆိတ်သော၊ နိရောဓသစ္စာ၏ **ဝိဝေကအနက်**ကို သိသောဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၁။ ထိုမြတ်စွာဘုရားရှင်သည် ပြုပြင်ခြင်းကင်းသော နိရောဓသစ္စာ၏ **အသင်္ခတအနက်**ကို သိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၂။ ထိုမြတ်စွာဘုရားရှင်သည် သေခြင်းစသော ဒုက္ခ ခပ်သိမ်းမှ ကင်းငြိမ်းချမ်းသာသော နိရောဓသစ္စာ၏ **အမတအနက်**ကို သိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၃။ ထိုမြတ်စွာဘုရားရှင်သည် ဝဋ်ဒုက္ခအပေါင်းတို့မှ ကောင်းစွာ ထွက်မြောက်တတ်သော၊ မဂ္ဂသစ္စာ၏ **နိယျာနအနက်**ကို သိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၄။ ထိုမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်သို့ရောက် ကြောင်းဖြစ်သော မဂ္ဂသစ္စာ၏ **ဟေတုအနက်**ကို သိသောဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၅။ ထိုမြတ်စွာဘုရားရှင်သည် နိဗ္ဗာန်ကို မြင်တတ်သော မဂ္ဂသစ္စာ၏ **ဒဿနအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော်မူပါပေ၏။

၁၆။ ထိုမြတ်စွာဘုရားရှင်သည် သင်္ခါရတရားမျိုးတို့ကို အစိုးရသော၊ မဂ္ဂသစ္စာ၏ **အဓိပတေယျအနက်**ကိုသိသော ဉာဏ်နှင့် ပြည့်စုံတော် မူပါပေ၏။

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

## (ဃ) သစ္စာအနက် (၁၆)ချက် ရေတွက်နည်း

### ဒုက္ခသစ္စာအနက် (၄)ချက်

လောကသုံးရွာ၊ သတ္တဝါတို့၏၊ ခန္ဓာရုပ်နာမ်ဝယ်၊ အဖန်ဖန် ကပ်ငြိလျက်၊ ဖိစီးနှိပ်စက်တတ်သော၊ ပီဠနအနက်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည်၊ ပြုပြင်စီရင်အပ်သော၊ သခ်တအနက်၊ မရောင့်ရဲစွာ၊ သတ္တဝါတို့ကို၊ လွန်စွာပူပန်စေတတ်သော သန္တာပအနက်၊ ဇရာ မရဏ သောက ပရိဒေဝတို့ဖြင့်၊ ဖောက်ပြန်ပျက်စီးတတ်သော၊ ဝိပရိဏာမ အနက်တည်း ဟူသော လေးပါးသောဒုက္ခသစ္စာ၏ အနက်တို့ကိုရင်း။

### သမုဒယသစ္စာအနက် (၄)ချက်

အစမထင်၊ သံသရာ၌၊ လူ့လာစုန်ဆန်၊ အဖန်ဖန်သွားလာစေ ခြင်းငှါ အားထုတ်တတ်သော အာယူဟနအနက်၊ ဝဋ်ဆင်းရဲ အပေါင်း ၏၊ အကြောင်းမူလဖြစ်သော နိဒါနအနက်၊ ဝဋ်ဆင်းရဲ၌၊ အမြဲပျော်ရွှင်၊ တမင်မင်ဖြင့်၊ ကျင်လည်စေ တတ်သော သံယောဂအနက်၊ ဝဋ်ဆင်းရဲ မှ ထွက်မြောက်ကြောင်းဖြစ်သော၊ မဂ္ဂသစ္စာကို ဆီးကာတားမြစ် တတ်သော ပလိဗောဓအနက်တည်းဟူသော လေးပါးသော သမုဒယသစ္စာ၏ အနက်တို့ကိုရင်း၊

## နိရောဓသစ္စာအနက် (၄)ချက်

သံသရာဝဋ်မှ၊ ထွက်လွတ်ကူးမြောက်ပြီးသော နိဿရဏအနက်၊ သင်္ခါရတို့မှ ဆိတ်သော ဝိဝေကအနက်၊ ပြုပြင်ခြင်းကင်းသော အသင်္ခတအနက်၊ သေခြင်းစသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်း ချမ်းသာသော အမတအနက်တည်းဟူသော လေးပါးသော နိရောဓသစ္စာ၏ အနက်တို့ကိုငင်း၊

## မဂ္ဂသစ္စာအနက် (၄)ချက်

ဝဋ်ဒုက္ခအပေါင်းတို့မှ ကောင်းစွာထွက်မြောက်တတ်သော၊ နိယျာနိကအနက်၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော ဟေတုအနက်၊ နိဗ္ဗာန်ကို မြင်တတ်သော ဒဿနအနက်၊ သင်္ခါရတရားမျိုးတို့ကို အစိုးရသော အဓိပတေယျ အနက်တည်းဟူသော လေးပါးသော မဂ္ဂသစ္စာ၏ အနက်တို့ကိုလည်းကောင်း၊

အကြောင်းအကျိုးအားလျော်စွာ၊ လေးသစ္စာတို့ကို ဒဿနာကာရဖြင့်၊ သောဠသ ဝေဖန်၍၊ ရွှေညာဏ်ထင်ထင်၊ ရွှေလက်တင် ပတ္တမြားကဲ့သို့၊ ပိုင်းခြားသိမြင်တော်မူသည့်အလျောက်၊ အထောက် အခံ၊ ကံညာဏ်ကြီးရင့်၊ ပွင့်ထိုက်သောသတ္တဝါ၊ ဝေနေယျာတို့ကို၊ ပွင့်ပါစေနှလုံးဖြင့်၊ စွေချွန်းထစ်ကြိုး၊ ရှစ်ကိုးနယ်ကုန်၊ သုန်သုန်ပြင်းဝှန်၊ ရွာဖျန်းသွန်သော၊ မေဃဝန်တမျှ၊ ဓမ္မဘေရီ၊ မေဒနီကို၊ နာရီမလပ်၊ လူနှင့်နတ်အား၊ မပြတ်တိုက်ကျွေး၊ ပေးတော်မူတတ်သော၊ သုံးရပ်လုံး ဆရာ၊ ဒေဝါဓိဒေဝိန္ဒ၊ ဗြဟ္မာဓိဗြဟ္မိန္ဒ၊ တိဘဝပါရဂူ၊ အဘိဘူပါမောက္ခ၊ အနုတ္တရသင်းကျစ်၊ မဟာဓမ္မရာဇ်၊ မြတ်ရှင်ချစ်ကို၊ အဟံ၊ အကျွန်ုပ် သည်။ ဝန္ဒေ-ဝန္ဒာမိ၊ လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

## သစ္စာအနက်(၁၆)ချက်ပြ ဂါထာ

ပဌမံ သကလက္ခဏ မေကပဒံ၊
ဒုတိယာဒိပဒဿ နိဒဿနတော။
သ မ နီ, ဒု နိ မာ, သ မ ဒူ, သနိဒူ၊
ကမတော ဝိဘဇေ ပဌမေန ဝိနာ

ပဌမံ၊ ရှေးဦးစွာသော ဧကပဒံ၊ တစ်ခုသောအနက်အဖို့သည်။ သကလက္ခဏံ၊ မိမိ၏သဘောလက္ခဏာ အနက်သည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယာဒိပဒဿ၊ ဒုတိယအစရှိသော အနက်အဖို့ကို။ သ မ နီ၊ သမုဒယ, မဂ္ဂ, နိရောဓသစ္စာကိုလည်းကောင်း။ ဒု နိ မာ၊ ဒုက္ခ, နိရောဓ, မဂ္ဂသစ္စာကိုလည်းကောင်း။ သ မ ဒူ၊ သမုဒယ,မဂ္ဂ, ဒုက္ခ သစ္စာကိုလည်းကောင်း။ သ နိ ဒူ၊ သမုဒယ,နိရောဓ, ဒုက္ခ သစ္စာကို လည်းကောင်း။ နိဒဿနတော၊ ထောက်ထား၍ မြင်အပ်သော ကြောင့်။ ပဌမေန၊ ပဌမအနက်နှင့်။ ဝိနာ၊ ကင်း၍။ ကမတော၊ အစဉ်အတိုင်း။ ဝိဘဇေ၊ ဝေဖန်ရာ၏။

## သစ္စာအနက်(၁၆)ချက် ရေတွက်ပုံ

### ဒုက္ခသစ္စာ၏ အနက်(၄)ချက်

၁။ ပီဠနဋ္ဌ = နှိပ်စက်တတ်သောအနက်သဘော၊
၂။ သင်္ခတဋ္ဌ = ပြုပြင်အပ်သော အနက်သဘော၊
၃။ သန္တာပဋ္ဌ = ပူပန်စေတတ်သော အနက်သဘော၊
၄။ ဝိပရိဏာမဋ္ဌ=ဖောက်ပြန်တတ်သော အနက်အားဖြင့် (၄)ပါးတို့ ဖြစ်ကြသည်။

ဤ (၄)ပါးတို့တွင် ပဌမအနက်ဖြစ်သည့် ပီဠနဋ္ဌကား ဒုက္ခသစ္စာဟုဆိုအပ်သည့် မိမိ၏ သဘောအားဖြင့် ထင်ရှားသော အနက်ဖြစ်သည်။

ဒုတိယအနက် သခ်တဋ္ဌကား အားထုတ်တတ်သော သမုဒယသစ္စာကိုထောက်သဖြင့် သိအပ်သော အနက်ဖြစ်၏။

တတိယအနက် သန္တာပဋ္ဌကား ပူပန်ခြင်းကို ငြိမ်းစေသော မဂ္ဂသစ္စာကိုထောက်သဖြင့် သိအပ်သော အနက်ဖြစ်၏။

စတုတ္ထအနက် ဝိပရိဏာမဋ္ဌကား မဖေါက်ပြန်သော နိရောဓသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်ဖြစ်၏၊ ဤသည်ကို ရည်ရွယ်၍ ဂါထာ၌ (သ မ နိ )ဟုဆိုသည်၊

**သမုဒယသစ္စာ အနက်(၄)ချက်**

၁။ အာယူဟနဋ္ဌ=ဝဋ်ဆင်းရဲကို ရခြင်းငှါ အားထုတ်တတ်သော အနက်သဘော၊

၂။ နိဒါနဋ္ဌ=ဆင်းရဲ၏အကြောင်းဖြစ်သော အနက်သဘော၊

၃။ သံယောဂဋ္ဌ=ဝဋ်ဆင်းရဲ၌ ယှဉ်စေတတ်သောအနက်သဘော၊

၄။ ပလိဗောဓဋ္ဌ=ဝဋ်၌ မပြတ်နှောင်ဖွဲ့တတ်သော အနက်-အားဖြင့်(၄)ပါး တို့ဖြစ်ကြသည်။

ဤလေးပါးတွင် ပထမအနက် အာယူဟနဋ္ဌကား-သမုဒယသစ္စာဟုဆိုအပ်သည့် မိမိ၏ သဘောအားဖြင့် ထင်ရှားသော အနက်ဖြစ်သည်။

ဒုတိယအနက် နိဒါနဋ္ဌအနက်ကာ-အကျိုးဖြစ်သော ဒုက္ခသစ္စာကို ထောက်သဖြင့်ထင်ရှားသော အနက်ဖြစ်သည်။

တတိယအနက်သံယောဂဋ္ဌ-ကား ဝဋ်၌မယှဉ်သော နိရောဓသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်ဖြစ်သည်။

စတုတ္ထအနက် ပလိဗောဓဋ္ဌ-ကား ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို ထောက်သဖြင့် သိအပ်သော အနက်ဖြစ်၏။ ဤသည်ကိုရည်ရွယ်၍ ဂါထာ၌ (ဒု နိ မာ)ဟုဆိုသည်။

## နိရောဓသစ္စာ အနက်(၄)ချက်

၁။ နိဿရဏဋ္ဌ=သံသရာဝဋ်မှ ထွက်မြောက်တတ်သောအနက်၊
၂။ ဝိဝေကဋ္ဌ=သင်္ခရတို့မှ ကင်းဆိတ်သော အနက်၊
၃။ အသင်္ခတဋ္ဌ=မပြုပြင်အပ်သော အနက်၊
၄။ အမတဋ္ဌ=မသေရာဖြစ်သောအနက်အားဖြင့် (၄)ပါးတို့ဖြစ်ကြသည်။

ဤလေးပါးတွင် ပဌမအနက် နိဿရဏဋ္ဌကား-မိမိ၏ သဘောလက္ခဏာဖြစ်သော အနက်ဖြစ်သည်။

ဒုတိယအနက် ဝိဝေကဋ္ဌကား-မကင်းဆိတ်သော သမုဒယ သစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်ဖြစ် သည်။

တတိယအနက် အသင်္ခတဋ္ဌကား-အကြောင်းဖြစ်၍ ပြုပြင်တတ်သော မဂ္ဂသစ္စာကိုထောက်သဖြင့် ထင်ရှားသော အနက်ဖြစ်သည်။

စတုတ္ထအနက် အမတဋ္ဌကား- သေတတ်သော ဒုက္ခသစ္စာကို ထောက်သဖြင့် သိအပ်သောအနက်ဖြစ်သည်၊ ဤသည်ကို ရည်ရွယ်၍ ဂါထာ၌ (သ မ ဒူ)ဟုဆိုသည်။

## မဂ္ဂသစ္စာ အနက်(၄)ချက်

၁။ နိယျာနိကဋ္ဌ= ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော အနက်သဘော၊
၂။ ဟေတွဋ္ဌ=နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောအနက်သဘော၊
၃။ ဒဿနဋ္ဌ=နိဗ္ဗာန်ကို မြင်တတ်သောအနက်သဘော၊
၄။ အဓိပတေယျဋ္ဌ=အကြီးအကဲဖြစ်သောအနက် အားဖြင့် (၄)ပါးတို့ဖြစ်ကြသည်။

ဤ(၄)ပါးတွင် ပဌမအနက် နိယျာနိကဌကား-မိမိသဘော လက္ခဏာဖြစ်သော အနက်ဖြစ်သည်။

ဒုတိယအနက် ဟေတွဌကား-ဝဋ်၌ နစ်မွန်းကြောင်း ဖြစ်သော သမုဒယသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်ဖြစ်သည်။

တတိယအနက် ဒဿနဌကား- မြင်နိုင်ခဲသော နိရောဓသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်ဖြစ်သည်။

စတုတ္ထအနက် အဓိပတေယျဌကား-နှိပ်စက်တတ်သော ဒုက္ခသစ္စာကို ထောက်သဖြင့် ထင်ရှားသော အနက်ဖြစ်၏၊ ဤသည်ကို ရည်ရွယ်၍ ဂါထာ၌ (သ နိ ဒူ)ဟု ဆိုသည်။

ဤသို့လျှင် သစ္စာ(၄)ပါးတွင် တစ်ပါးတစ်ပါး၌ (၄)နက်၊ (၄)နက်စီဖြစ်၍ သစ္စာအနက်(၁၆)နက် ဖြစ်လာသည်။

## ပဋ္ဌမံ-ဂါထာ၏ အစွမ်းအာနုဘော်

ဤသစ္စာအနက်(၁၆)ချက်ကိုဖော်ပြသည့် ပဋ္ဌမံ-ဂါထာနှင့် စပ်၍ ကျီးသဲလေးထပ်ဆရာတော်ကြီးက "မနောရထပူရဏီ"ကျမ်း၌ ဤသို့ ဖော်ပြထားပါသည်။

ဤဂါထာကား တစ်ပါဒ တစ်ပါဒ၌ သ-ဂိုဏ်း (၄)ခုစီ ရှိသော ဓေါ္ဓကဂါထာတည်း၊ လေနတ်စောင့်သော သ-ဂိုဏ်း ချည်းဖြစ်၍ လည်းကောင်း၊ သစ္စာအနက် (၁၆)ချက် အနက် သဘော မှန်ကန်သည် ဖြစ်၍လည်းကောင်း အာနုဘော် ထက် မြက်လှသည်၊ အကျိုးများစွာ ပေးနိုင်သည်၊ ထို့ကြောင့် ရှေးသူဟောင်းတို့ အဆောင်အရွက် ပြုကြ ကုန်သည်။

## သစ္စာအနက်(၁၆)ချက်လင်္ကာ

၁။ နှိပ်စက်ပြုပြင်၊ ပူလောင်ထင်၊ ဖောက်လျင်ဒုက္ခနက်။

၂။ ပေါင်းစု,ဆောင်နှင်း၊ စပ်ယှဉ်ခြင်း၊ နှောင့်လျှင်း သမုဒယနက်။
၃။ ကင်းလွတ်,ဆိတ်လေ၊ မပြုပေ၊ မသေ နိရောဓနက်။
၄။ ထွက်မြောက်,ကြောင်းရင်း၊ မြင်နိုင်ခြင်း၊ ကြီးရင်း မဂ္ဂနက်။
၅။ သစ္စာလေးပါး၊ ဟောဘုရား၊ ညွှတ်တွား ဦးတင်ရွက်။

**သောဠသဟိ အာကာရေဟိ တထဋ္ဌေန စတ္တာရိ ကိစ္စာနိ ဧကပဋိဝေဓာနိ။ ဒုက္ခဿ ပီဠနဋ္ဌော, သင်္ခတဋ္ဌော, သန္တာပဋ္ဌော, ဝိပရိဏာမဋ္ဌော, တထဋ္ဌော။ သမုဒယဿ အာယူဟနဋ္ဌော, နိဒါနဋ္ဌော, သံယောဂဋ္ဌော, ပလိဗောဓဋ္ဌော, တထဋ္ဌော။ နိရောဓဿ နိဿရဏဋ္ဌော, ဝိဝေကဋ္ဌော, အသင်္ခတဋ္ဌော, အမတဋ္ဌော, တထဋ္ဌော။ မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော, အဓိပတေယျဋ္ဌော, တထဋ္ဌော။ ဣမေဟိ သောဠသဟိ အာကာရေဟိ တထဋ္ဌေန စတ္တာရိ သစ္စာနိ ဧကသင်္ဂဟိတာနိ။** *(ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ ၂၉၆၊ ဝိသုဒ္ဓိမဂ်-၂၊ ၃၃၂)*

**ဝေမတ္တ သလက္ခဏဝသေန ဧကေကဿ, အညသစ္စ ဒဿနဝသေန စ ဣတရေသံ တိဏ္ဏံ တိဏ္ဏံ အာဝိဘာဝတော ဧကေကဿ စတ္တာရော စတ္တာရော အတ္ထာ ဝုတ္တာ။** *(ဝိသုဒ္ဓိမဂ်၊ ၂၊ ၃၃၄)*

❋❋❋❋❋

# (င) မုဒိတာပန်းခင်းမှ မော်ကွန်းစကားများ

ပထမ အကြိမ်မှ စတုတ္ထအကြိမ်အထိ မုဒိတာပန်းခင်းအလှူ အခမ်းအနားသို့ တက်ရောက်ကြသူတို့သည် မုဒိတာပန်းခင်း အလှူ ကုသိုလ်တော်မှတ်တမ်းစာအုပ်၌ မော်ကွန်းစကားများကို ရေးသား ထားခဲ့ကြ၏၊ ထိုမော်ကွန်းစကားများထဲမှ အချို့ မော်ကွန်းစကားများကို ဖော်ပြထားပါသည်။

"သာဓုအများကြီး ခေါ်ပါတယ်ဘုရား၊ ပါရမီမြောက် ဆက်လက်ထမ်းပိုး လှူနိုင်ပါစေ။ သက်ရှည်ကျန်းမာ စွာဖြင့် သာသနာ ပြုနိုင်ပါစေ"

**ဒေါ်ကြည်ကြည်သန်း**

"လှူရတနာဆရာတော်ဘုရားနှင့်အတူ သာသနာပြုခွင့်ရလို့ အထူးပင်ဝမ်းသာမိပါတယ်။ ဤကောင်းမှု သည် နိဗ္ဗာန်အတွက် အထောက်အပံ့ ဖြစ်ပါစေသတည်း"

**တပည့်တော်-အေးအေးမြင့်**

"လှရတနာဆရာတော်၏ မုဒိတာပန်းခင်းအလှူကို ကုသိုလ်များများရရှိအောင် ယောနိသောမနသိကာရ ထားကြရန် သတိပေးစကားဖြင့် အားလုံးမင်္ဂလာပါ"

**ဦးထွန်းရွှေ**

"ကိုယ့်ထက်သာယင် မုဒိတာဝင် မဝင်ကြသော ယိုင်တတ်တယ်၊ ယိုင်မဲ့အစား မုဒိတာပွား စိတ်ထားပြုပြင် ပြောင်းပါ့မယ်-ဆိုတဲ့စကားအတိုင်း ဆရာတော်နှင့်အတူ မုဒိတာပန်းခင်းအလှူတွင်ကောင်းမှုအတူတကွ ပါဝင်ရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပါသည်ဘုရား " (သာဓု သာဓု သာဓု)

**ကျောက်မြောင်းအဖွဲ့**

**ဒေါ်တင်မာကြည်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ဌေးဌေးရီ၊**

**ဒေါ်ခင်ခင်ဆွေ၊ ဒေါ်မာလေး**

"ဆရာတော်ဘုရား၏ မုဒိတာပန်းခင်းအလှူတော် မင်္ဂလာပွဲတော်ကြီးအား ဘုရားတပည့်တော်များမှ အတုယူအားကျဝမ်းမြောက်ဝမ်းသာ အကြိမ်ကြိမ်သာဓုအနုမောဒနာ ခေါ်ဆိုပါတယ်ဘုရား"

**ဦးစံတင်အောင်**

"လောကသာသနာ အရာရာအတွက် ဆောင်ရွက်သမျှပြောပြုသမျှ ကြံတွေးသမျှတွေ အောင်မြင်နေသည့်အတွက်ဝမ်းမြောက်ဝမ်းသာ ပီတိဖြာမိပါကြောင်း"

**အရှင်ဂုဏ်နန္ဒ၊ ဆင်ဖြူတောင်**

"ဆရာတော်ဦးနာရဒါဘိဝံသ အလှူလုပ်လို့သာ တပည့်တော်မောင်မြင့်ဌေး ကိုယ်တိုင်ကိုယ်ကျ ဆွမ်း ဆက်ကပ်ခွင့်ရ၏၊ ဦးနာရဒ

အား အထူးကျေးဇူးတင်၏။ ကုသိုလ်နှင့်ယှဉ်သော စိတ်ဖြစ်အောင် လုပ်ပေးနိုင်စွမ်းရှိ၏”

**တပည့်တော်-ဒေါက်တာမြင့်ဌေး**

“အရှင်ဘုရား လူနတ်ပြဟ္မာ သတ္တဝါအပေါင်း သာဓုခေါ် ဆိုဖွယ် အမှုကိစ္စများအား ဆထက်ထမ်းပိုး ပြုကျင့်နိုင်ပါစေဘုရား၊ တပည့်တော်တို့ Sky Net ရုပ်သံဌာနအနေနဲ့လည်း သူတော်ကောင်းတို့ရဲ့ ကောင်းမှုပြုကိစ္စတိုင်း၌ ပါဝင်ကူညီ ကုသိုလ်ယူကာ ပါရမီဖြည့်နိုင်ရပါလို၏ဘုရား”

**Sky Net**

“ဘုန်းဘုန်းဦးနာရဒ(လှုရတနာဆရာတော်)၏ ကျေးဇူးဖြင့် မုဒိတာပန်းခင်း မြတ်စွာဘုရားရှင်၏ ခြေတော် ရာကို ကြည်နူးဖွယ်ရာ ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ခွင့်ကို မကြုံစဖူး ဖူးတွေ့ရပါသဖြင့် တပည့်တော်တို့၏ ကိုးကွယ်ရာအစစ်အမှန် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ပိုမိုကြည်ညိုသဒ္ဓါတရား ပွားများရပါ၏ အရှင်ဘုရား”

**ဒုတိယဗိုလ်မှူးကြီး စိန်မော်(ငြိမ်း)**
**ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီး၊ သာသနာရေးမှူးရုံး**

❄❄❄❄❄

# တရားဖက်မှ ချမ်းသာရ

**ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့တောင်၌၊ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွှတ်ရုံ၊ ပန်းမျိုးစုံသည်၊ မုစ္စလိန္ဒာ၊ အိုင်သာဖြန့်ခင်း၊ ကျည်းပင်းရင်းဝယ်၊ သနင်းလူ့ဆွေ၊ စမွှယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်းကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ရှီးအုံ့တန်စိုး၊ ဆောင်းကာ မိုးသည်၊ ရှေးကျိုးသမ္ဗာတော် ကြောင့် ကိုး။**

**(လယ်တီဆရာတော်)**

ဤစာအုပ်တွင် ဒါနကုသိုလ်တရား, သီလကုသိုလ်တရား, ဘာဝနာကုသိုလ်တရားတို့ကို ပြုလုပ်ဖက်တွယ် ထားကြသဖြင့် ချမ်းသာသုခအမျိုးမျိုးရသွားကြပုံတို့ကို သာဓကဝတ္ထုများဖြင့် ဖေါ်ပြထားသည်၊ ထို့အပြင် ခင်ပွန်းလင်နှင့်သားသမီးထက် တရားကို ပိုချစ်ကြသော မိသားစုကိုငှင်း၊ နဂါးရုံဘုရားသမိုင်းကြောင်းကိုငှင်း၊ သောဠသသစ္စာစေတီတည်နည်းနှင့် သစ္စာအနက် (၁၆) ချက် ရေတွက်ပုံတို့ကို ငှင်း ဖေါ်ပြထားပါသည်။

၁။ ဒါနသီလာ၊ ဘာဝနာ၊ သုံးဖြာတရားပင်။

၂။ ဒါနတရား၊ လှူဒါန်းထား၊ ရပြားချမ်းသာပင်။

၃။ သီလတရား၊ စောင့်ထိန်းထား၊ ရပြားချမ်းသာပင်။

၄။ ဘာဝနာတရား၊ ပွားများထား၊ ရပြားချမ်းသာပင်။

၅။ တရားဖက်မှ၊ ချမ်းသာရ၊ မုချအမှန်ပင်။

**ဘဒ္ဒန္တနာရဒါဘိဝံသ(လှရတနာ)**